# အခန်း(၂၂၆) - ဆေးမဟာသခင် အဆင့် ဖြေဆိုမည့် ကြီးမြတ်သော စည်းမဟာသခင်

ချင်ယန်ကို မြင်သည်နှင့် ကျိရောင်ဖန်ကလည်း ချက်ချင်း မှတ်မိသွားပြီး မျက်လုံးက မီးဝင်းဝင်း တောက်လာသည်။

မီးနဂါးအင်ပါယာ အိမ်ရှေ့မင်းသား တစ်ယောက် အနေဖြင့် ထုံးစံအတိုင်း ကောင်းကောင်းနေ၊ ကောင်းကောင်း စားခဲ့ရသူ ဖြစ်သည်။

ဤ၂တစ်ကြိမ် ကျောင်းပြန် ရောက်သောအခါ ကျိုရောင်ဖန်က လူပေါင်းများစွာ၏ ထူးဆန်းသော အကြည့်နှင့် အကြည့်ခံရပြီး စိုးရိမ်စိတ်ပင် ဖြစ်နေခဲ့ရသည်။

ဥပမာ အားဖြင့်.....

"ညီအစ်ကို ရောင်ဖန်၊ မင်းတို့ မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစု ဖြစ်လာပြီလို့ ကြားတယ်။ ဒါဆို ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်တွေ ရှိလာပြီပေါ့။ ဒါဆိုရင် သေဖို့ အဆင့်သင့် ဖြစ်နေပြီ မဟုတ်လား...."

“အိမ်ရှေ့ မင်းသား ရောင်ဖန်၊ မင်းရဲ့ မီးနဂါး အင်ပါယာကို ကူညီပေးဖို့ ငါ့ရဲ့ မိသားစုကို တောင်းဆို ပေးရမလား...”

ချမ်ဂျူး အင်ပါယာကလည်း မောက်မာတတ်သော အင်အားစုများ စုဝေးနေကြသည့် နေရာ ဖြစ်သဖြင့် ကျန်သည့် နေရာမှ အင်အားစုများ၏ လွှမ်းမိုးမှု အနည်းငယ်သာ ရှိသည်။ ထိုလူများ၏ အထင်သေး လှောင်ပြောင်နေမှုကြောင့် ကျိရောင်ဖန်၏ စိတ်ထဲတွင် တအံ့နွေးနွေး ခံစားနေရသည်။

ယခုအခါ ပစ်မှတ် ချင်ယန်ကို မြင်လိုက်ရပြီဖြစ်သဖြင့် ထုံးစံအတိုင်း ဒေါသ ဖောက်ခွဲချင်လာသည်။

"ချင်ယန်၊ မင်းက ပင်ဂျီနဲ့ စေ့စပ်ခဲ့တယ်လို့ကြားတယ်။ ကျွတ်ကျွတ် စိတ်မကောင်းစရာပဲ အခုတော့ ငါ့မိန်းမ ဖြစ်နေပြီ...."

ကျိုရောင်ဖန်က တန်ပင်ဂျီ၏ လက်ကိုကိုင်ပြီး ပြောလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

“ကောင်းတာပေါ့။ ဂုဏ်ပြုပါတယ်။ ငါလည်း စားပြီးလို့ မကောင်းတော့ မလိုချင်တာနဲ့ အတော်ပဲ၊ အနည်းဆုံးတော့ အမှိုက်ကောက်မယ့် လူရှိတာလည်း အဆင်ပြေပါတယ်..”

“မင်း...”

ကျိုရောင်ဖန်နှင့် တန်ပင်ဂျီတို့ နှစ်ယောက်လုံးက ချင်ယန်ကို ဒေါသတကြီး စိုက်ကြည့် နေကြသည်။

ချင်ယန်က စိတ်ထဲမှ လှောင် ရယ်နေသည်။ အကယ်၍ သာမန် အမျိုးသမီး ဆိုပါက သူတစ်ပါး

နစ်နာအောင် သူပြောမည် မဟုတ်သော်လည်း တန်ပင်ဂျီ အပေါ်ကို ယဥ်ကျေးနေမည် မဟုတ်ပေ။

'ငါ့အမေကို ဒုက္ခပေးပြီး ငါ့ရဲ့ ပင်ကိုယ်ပါရမီကို ဝါးမြိုခဲ့တယ်။ ဖြစ်နိုင်ရင် မြွေဟောက်နှလုံးနဲ့ ဒီမိန်းမကို သတ်ပစ်လိုက်ချင်တယ်'

တန်ပင်ဂျီက အေးစက်သော လေသံနှင့်…

"ချင်ယန်က ငါက ကြယ် (၃) ပွင့် ဆေးသခင် တစ်ယောက်နော်။ မင်းက ကြီးမြတ်သော စည်းမဟာသခင် တစ်ယောက်။ မင်း ကြွားချင်ရင် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု ဌာနချုပ်ကို လာစရာ

မလိုဘူး။ မင်းကို ဘယ်သူမှလည်း စောက်ထင်မကြီးဘူး....”

တန်ပင်ဂျီက ချောမော လှပသလို ရှောင်ကျူဝမ်တို့ အဖွဲ့ကလည်း လှပကြသည်။ ထိုကဲ့သို့ မိန်းမလှလေးများ ပါနေသည့် အဖွဲ့နှစ်ဖွဲ့က ရန်ဖြစ်နေသဖြင့် လူအများ၏ အာရုံကို ဆွဲဆောင်သွားသည်။

ယခုအခါ တန်ပင်ဂျီ ပြောလိုက်သော စကားကြောင့် လူအချို့က ချင်ယန်ကို မျက်လုံးစိမ်းကြီးများနှင့် စိုက်ကြည့် လာကြသည်။

ဒါက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့၏ ဌာနချုပ် ဖြစ်သည်။

စည်းသခင် လမ်းညွှန်မှု အဖွဲ့နှင့် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့က ရန်သူများ မဟုတ်သော်လည်း ပြိုင်ဆိုင်မှု အချို့ကတော့ ရှိနေဆဲ ဖြစ်သည်။

'ကြီးမြတ်သော စည်း မဟာသခင်က အနိုင်ကျင့်ဖို့ ဆေးသန့်စင်ခြင်း လမ်းညွှန်မှုအဖွဲ့ ဌာနချုပ်ကို လာတာလား....'

'ဒါက ဘယ်လိုမှ သည်းခံစရာ အကြောင်း မရှိပေ။'

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"ငါက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ချုပ်ကိုလာတာ စည်းနယ်ပယ် အင်အားပြဖို့ မဟုတ်ဘူး။ ဆေးသခင် အကဲဖြတ်မှု လာဖြေတာ..."

"ဘာ..."

တန်ပင်ဂျီ ကြက်သေ သေသွားသည်။ အနီးအနားရှိ လူများလည်း အနည်းငယ် အံ့အော မှင်သက် သွားကြသည်။

ကြီးမြတ်သော စည်း မဟာသခင်က တစ်ချိန်တည်းမှာ ဆေးသန့်စင်သည့် အကြောင်းကို လေ့လာ ထားသည်လော.....

ထုံးစံအတိုင်း ဆိုပါက ထိုကဲ့သို့ ကြီးမြတ်သော မဟာသခင်များက တော်တော်လေး အိုနေကြပြီ ဖြစ်သည်။

'ချင်ယန် အသက်က ဘယ်လောက် ရှိသေးလို့လဲ..'

ဤမျှ ငယ်ရွယ်သော လူငယ်လေးက မယုံနိုင်လောက်အောင် ကြီးမြတ်သော စည်း မဟာသခင် တစ်ယောက် ဖြစ်နေပြီ။

သို့ရာတွင် ဆေးသန့်စင်သည့် အကြောင်းကိုလည်း လေ့လာ နေသေးသည်လော......

တန်ပင်ဂျီက ခံစားချက်များကို ထိန်းချုပ်လိုက်ပြီး အနည်းငယ် ရွှံ့စောင်းသော လေသံနှင့်....

"ချင်ယန်၊ နင့်ကိုယ်နင် ဘာကောင် ထင်နေလို့ ဒီလောက် မောက်မာ နေရတာလဲ။ မင်းက စည်းသခင် အမွေရထားလို့ အခုချိန်မှာ

ကြီးမြတ်သော စည်းမဟာသခင် တစ်ယောက်ဖြစ်နေပေမဲ့ ဆေးသန့်စင်တာနဲ့ စည်းတံဆိပ်ရေးဆွဲတာက မတူညီတဲ့ နယ်ပယ် နှစ်ခုပဲ.....”

“နင်က စည်းတံဆိပ် နယ်ပယ်မှာ ကြီးမြတ်သော မဟာသခင် ဖြစ်နေလို့ ဆေးသခင် တစ်ယောက် အလွယ်တကူ ဖြစ်လာမယ်လို့ ထင်နေတာလား...’

ကျိုရောင်ဖန်က အထင်သေးသော လေသံနှင့်.......

"ချင်ယန်၊ နည်းနည်းလောက် အသိစိတ် ကပ်လိုက်အုံး ဟုတ်လား... ဒီနေရာမှာ ကြည့်နေတဲ့ လူတွေ အများကြီးပဲ..."

"ငါတို့ မီးနဂါး အင်ပါယာက အစွမ်းထက်တဲ့ ကာကွယ်သူ သုံးယောက်က ချမ်ဂျူးဘက် ရောက်နေပြီ။ မင်းအတွက် ဖိအား အရမ်းများနေလို့ ဆေးသန့်စင်ခြင်း လမ်းညွှန်မှုအဖွဲ့မှာ ခိုလှုံဖို့ စဉ်းစားနေတာလား....။ ဆေးသန့်စင်ခြင်း လမ်းညွှန်မှုအဖွဲ့က တစ်ယောက်ယောက်က

မင်းအတွက် စကားပြောပေးရင် ဖိအား နည်းသွားမယ်လို့ ထင်နေတာလား...”

“ငါပြောလိုက်မယ်။ မင်းရဲ့ ပေသီးခေါက်မှုက ကောင်းပါတယ်”

“ကံဆိုးတာက စိတ်ကူးယဉ် ဆန်တဲ့ အတွေးတစ်ခုပဲ....”

“ငါ ပင်ဂျီက အခုအချိန်မှာ ဆေးသန့်စင်ခြင်း လမ်းညွှန်မှုအဖွဲ့က ကြီးမြတ်သော မဟာသခင် တစ်ယောက်ကို ဆရာအနေနဲ့ တင်မြှောက်

ထားတယ်။ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့က မင်းကို ကာကွယ်ပေးဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး...”

ယခုအခါ တန်ပင်ဂျီက အဆင့် (၃) ဆေးသခင် တစ်ယောက် ဖြစ်နေပြီ။ သူမ၏ အသက်အရွယ် အရ တန်ထန် အင်ပါယာ ဘက်တွင် ကြီးပြင်းခဲ့သော်လည်း အတော်လေး အရည်အချင်း ရှိသည်ဟု ဆိုနိုင်သည်။ ကျိရောင်ဖန်၏ အကူအညီနှင့် ပေါင်းလိုက်ပါက ကြီးမြတ်သော မဟာသခင် တစ်ယောက်ကို သူမ၏ ဆရာအနေနှင့် တင်မြှောက်ရန် မခက်ခဲပေ။

တန်ပင်ဂျီက  ခနဲ့သော လေသံနှင့်….

“ချင်ယန်၊ ငါ့ဆရာက ဝါရင့် ကြီးမြတ်သော မဟာသခင်ပဲ။ မင်းလို ကြီးမြတ်သော မဟာသခင် ပေါက်စက  ယှဉ်နိုင်မယ် ထင်နေတာလား…’

“ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ရဲ့ အကူအညီကို  မရနိုင်ဘူး ထွက်သွားစမ်း..”

တန်ထန် အင်ပါယာဘက်တွင် တန်ပင်ဂျီက ရှက်ရွံ့နေသော မျက်နှာ အမူအရာနှင့် ချင်ယန်ကို ချစ်ပါတယ်၊ ကြိုက်ပါတယ်ဟု လူသိရှင်ကြား

ဝန်ခံခဲ့ဖူးသည်။ ယခုအခါ သူမ မျက်နှာပေါ်တွင် အမုန်းတရားများ ရေးထိုးထားသည်။

"ဒါက ဆေးသန့်စင်ခြင်း လမ်းညွှန်မှုအဖွဲ့.. မင်တို့ဘက်က စ မလုပ်နဲ့.."

ချင်ယန်က တန်ပင်ဂျီက ပြောနေသည့် စကားများကို လျစ်လျူ ရှုထားလိုက်ပြီး ရှောင်ကျူဝမ်တို့ကို အသံပို့လွှတ်ကာ ပြောလိုက်သည်။ ထို့နောက် ချင်ယန်က ဆေးသန့်စင်ခြင်း လမ်းညွှန်မှုအဖွဲ့ ဌာနချုပ်ထဲသို့ လမ်းလျှောက် ဝင်သွားသည်။

ရှောင်ကျူဝမ်တို့ အဖွဲ့ကလည်း ချင်ယန် နောက်မှ ချက်ချင်း လိုက်ပါသွားကြသည်။

"သွားမယ်။ ချင်ယန်က ဘယ်လောက် အရည်အချင်း ရှိလဲ ကြည့်ရအောင်...."

ကျိရှောင်ဖန်က လှောင်ပြောင် ပြောဆိုပြီး တန်ပင်ဂျီ၏ ၏ လက်ကို လွှတ်လိုက်ကာ အထဲသို့ လမ်းလျှောက် ဝင်သွားသည်။ တန်ပင်ဂျီ၏ လက်ကို ကိုင်ချင်သော်လည်း ချင်ယန် ပြောခဲ့သည့် စကားကို ပြန်ကြားလာပြီး အပီအပြင် ရှန်းနေသော နွားတစ်ကောင်ဟု သူကိုယ်သူ ပြန် မြင်လာသည်။

“ခေါက်ဆွဲလောက် ပြုတ်တတ်တာနဲ့ ဆေးသန့်စင်နိုင်မယ်လို့ ထင်နေတာလား....”

တန်ပင်ဂျီ၏ မျက်နှာက အေးစက်နေသည်။ သူမကိုယ်တိုင်က ဆေးသခင် တစ်ယောက်ဖြစ်နေသဖြင့် ဆေးသန့်စင်ခြင်း ဘက်တွင် တိုးတက်ရန် မလွယ်ကူကြောင်း ကောင်းကောင်းသိနေသည်။

တန်ပင်ဂျီသည် သူမ၏ ကလေးဘဝ တလျှောက်တွင် အမျိုးမျိုးသော ဆေးကျမ်းများနှင့် အချိန်ကုန်ဆုံးခဲ့ သလို အမျိုးမျိုးသော

ဆေးပင်များနှင့် အချိန် အတော်ကြာအောင် ကိုင်တွယ် ခဲ့ရသည်။ ဆေးပင် တစ်မျိုးကိုပင် ရှုထောင့် ပေါင်းစုံမှ အလွတ် ကျက်ခဲ့ရသည်။

များပြားလှသော ဆေးသခင်များက အလွန် ကြိုးစားကာ လေ့လာရပြီး သူတို့ ဘဝ တစ်လျှောက်လုံးတွင် လေ့လာ၍ ကုန်တော့မည် မဟုတ်ပေ။

အကယ်၍ ချင်ယန်ကသာ ကြီးမြတ်သော စည်း မဟာသခင် တစ်ယောက် မဟုတ်ပါက တန်ပင်ဂျီ အနည်းငယ် စိုးရိမ် မိအုံးမည်။ ချင်ယန်က

ကြီးမြတ်သော စည်းမဟာသခင် ဖြစ်နေသောကြောင့် ဆေးသန့်စင်ရာတွင် အချိန် အများကြီး ပေးနိုင်မည် မဟုတ်ပေ။

ထိုနယ်ပယ် နှစ်ခုလုံးကို တပြိုင်နက်တည်း လေ့လာမည် ဆိုပါက နယ်ပယ် နှစ်လုံးတွင် ညံ့ဖြင်း သွားနိုင်သည်။

“မင်္ဂလာပါ... အဆင့် (၄) ဆေးမဟာသခင် အကဲဖြတ်မှု ဖြေချင်လို့ပါ....”

ချင်ယန်က ပါးစပ်မှ ထုတ်ပြောလိုက်သောအခါ သူ့ရှေ့မှ ဆေးဆရာ တစ်ယောက်က အနည်းငယ် အူကြောင်ကြောင် ဖြစ်သွား၏။

သူက အလုပ်သင် လျှောက်လွှာ လက်ခံသည့် နေရာတွင် လုပ်နေသော ဆေးဆရာ တစ်ယောက် ဖြစ်သည်။

"မင်းက အဆင့် (၃) ဆေးသခင်လား..."

အဆင့် (၃) ဆေးသခင်က အနည်းငယ် ခေါင်းစားနေသော အမူအရာနှင့် မေးလိုက်သည်။

ချင်ယန်၏ ရင်ဘက်ပေါ်တွင် အဆင့် (၃) ဆေးသခင် တံဆိပ် မချိတ်ဆွဲထားပေ။

ချင်ယန်က သူ့ကိုယ်ပိုင် အဆင့် (၅) ကြီးမြတ်သော စည်းမဟာသခင် တံဆိပ်ကို ထုတ်ယူလိုက်ပြီး.....

"ငါ မှတ်မိတာ မမှားရင် တခြားနယ်ပယ်က ကြီးမြတ်သော မဟာသခင်တွေက ဆေးမဟာ သခင်အဆင့်ကို တိုက်ရိုက် ဖြေဆိုခွင့် ရှိတယ် မဟုတ်လား..."

ချင်ယန်က ပြုံးပြီး ပြောလိုက်သည်။

"ရှိပါတယ်။ ရှိပါတယ်"

ဆေးသခင်က ခပ်သွက်သွက်လေး ခေါင်းညိတ်ပြီး ပြန်ဖြေလိုက်သည်။ ဒါက ကြီးမြတ်သော မဟာသခင် တစ်ယောက်ပေါ်ထားသည့် လေးစားမှုပင်......

အခြားနယ်ပယ်မှ ကြီးမြတ်သော မဟာသခင်များကို အလုပ်သင် အဆင့် ကျော်ပေးရုံဖြင့် လုံလောက်သော လေးစားမှု မရှိသေး သဖြင့် မဟာသခင်အဆင့် တိုက်ရိုက် ဖြေဆိုခွင့် ပေးထားကြသည်။

အခြား နယ်ပယ်များတွင် အတူတူ ဖြစ်သည်။

ထို့ကြောင့် ကြီးမြတ်သော မဟာသခင်များက အခြား နယ်ပယ်များကို ဖြေဆိုမည် ဆိုပါက မဟာသခင် အဆင့်ကို တိုက်ရိုက် ဖြေဆိုနိုင်သည်။

"ဒါဆိုရင် စီစဉ် ပေးပါအုံး...."

ချင်ယန်က ပြုံးပြီး ပြောလိုက်သည်။

"ခဏစောင့်အုံး.."

ထို့နောက် ဆေးသခင်က အကဲဖြတ်မှု ပြုလုပ်ပေးမည့် ကြီးမြတ်သော ဆေး

မဟာသခင်များကို အမြန် ရှာလိုက်သည်။ ထိုကိစ္စကို သူ စီစဉ်၍ မရပေ။ သူ တာဝန်ယူထားသော အဆင့်ထက် မြင့်နေသဖြင့် ကြီးမြတ်သော မဟာသခင်များကသာ စစ်ဆေး ပေးရမည်။ ထို့အပြင် ချင်ယန် ကိုယ်တိုင်ကလည်း ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်နေသေးသည်။

ဆယ်မိနစ်ခန့် ကြာသောအခါ ကြီးမြတ်သော မဟာသခင် တစ်ယောက် အပြေး ပေါက်ချလာသည်။

ချင်ယန်၏ ကြီးမြတ်သော မဟာသခင် အဆင့်အတန်း က ယောင်ဝါးဝါး ဖြစ်နေသော်လည်း

ကြီးမြတ်သော မဟာသခင် တံဆိပ်က အတု မဟုတ်သလို စည်းသခင် လမ်းညွှန်မှု အဖွဲ့ကလည်း အလွန် အင်အား ကောင်းနေသည်။

"ကြီးမြတ်သော မဟာသခင်ချင်ကို ဆေး သန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့က ကြိုဆိုပါတယ်။ မင်းက ဆေးမဟာသခင် အကဲဖြတ်မှု ဖြေမယ်လို့ ကြားတယ်။ ဟာသ လုပ်နေတာတော့ မဟုတ်ပါဘူးနော်...."

ထိုလူက အမှန်တကယ် သံသယ ရှိနေသဖြင့် ထုတ် မေးလိုက်ခြင်းပင်။

ကြီးမြတ်သော စည်း မဟာသခင်က ဆေး မဟာသခင် အဆင့်ကို တိုက်ရိုက် ဖြေဆိုနိုင်သည် ဆိုသော်လည်း ချမ်ဂျူး ကျွန်းဆွယ်တွင် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ကို တည်ထောင်ခဲ့သည်မှာ အလွန် ကြာမြင့်နေပြီ ဖြစ်သည်။ သို့တိုင်အောင် ထိုကဲ့သို့ အဖြစ်အပျက်မျိုး တစ်ခါမှ မရှိခဲ့သေးပေ။

## အခန်း(၂၂၇) - ကိုယ်လူ သေတာကိုတောင် မသိတဲ့ အိမ်ရှေ့မင်းသား..

“မဟာသခင်မှူး၊ ချင်ယန်က အသက် (၁၆) နှစ်တောင် မပြည့်သေးဘူး။ ကံကောင်းလို့ ကြီးမြတ်သော စည်းမဟာသခင် ဖြစ်လာတဲ့ လူပါ။ သူက ဆေးမဟာသခင် တစ်ယောက် ဖြစ်လာမယ်လို့ အမှန်တကယ် ထင်နေတာလား...”

ကျိရောင်ဖန်က ခနဲ့သော လေသံနှင့် ပြောလိုက်သည်။

ထို ဆေးမဟာသခင်၏ မျိုးရိုးနာမည်က မူဖြစ်ပြီး နာမည်က မူရှန်း ဖြစ်သည်။

သူက ကျိုရောင်ဖန်ကို သိသည်။ ကြယ်ငါးပွင့် အင်အားစု၏ အိမ်ရှေ့မင်းသား ဖြစ်ပြီး နောက်တစ်ချိန်တွင် မီးနဂါး အင်ပါယာ၏ ခေါင်းဆောင် ဖြစ်လာမည့် သူပင်။ ကျိုရောင်ဖန်၏ အဆင့်အတန်းက အတော် လေးလံသော်လည်း ဆေးသန်စင့်ခြင်း လမ်းညွှန်မှု အဖွဲ့မှ ဆေး မဟာသခင် တစ်ယောက်က ကျိုရောင်ဖန်ကို မကြောက်ပေ။

"အိမ်ရှေ့ မင်းသားကျို၊ ဖြစ်နိုင်နိုင်၊ မဖြစ်နိုင်နိုင် ငါတို့ ဆေးသန့်စင်ခြင်း လမ်းညွှန်မှုရဲ့ တံခါးကို လူတိုင်းအတွက် ဖွင့်ပေးထားတယ်...."

မူရှန်းက တည်ငြိမ်စွာ ပြန် ပြောလိုက်သည်။

ထိုကိစ္စတွင် ချင်ယန်နှင့် ကျိုရောင်ဖန်တို့ နှစ်ဘက်လုံးက မမှားပေ။

"ကြီးမြတ်သော မဟာသခင်ချင်၊ တကယ်လို့ မင်းမှာ ကန့်ကွက်စရာ မရှိတော့ရင် မင်းရဲ့ အကဲဖြတ်မှုကို ဆေးမဟာသခင် နှစ်ယောက်က မျက်မြင် သက်သေအနေနဲ့ စောင့်ကြည့်ပေးမယ်...'

"ကောင်းပါတယ်.."

ချင်ယန်က ခေါင်းညိတ်လိုက်သည်။

ရှောင်ကျူဝမ်နှင့် အခြားလူများက အောက်ထပ်တွင် ကျန်ရစ် ခဲ့ကြသည်။

မူရှန်းက ချင်ယန်ကို ဆေးဗိမ္မာန် ငါးထပ်မြောက်သို့ ခေါ်ဆောင် သွားသည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ ဒီတစ်ယောက်က မဟာသခင် ပိုင်ပါ။ သန့်စင်ဖို့အတွက် ဘယ်လို ဆေးပင်တွေ လိုလဲ။

တကယ်လို ဆေးပင် မရှိရင် ငါတို့ လမ်းညွှန်မှုအဖွဲ့က ရောင်းပေးနိုင်တယ်..”

မူရှန်းက ပြုံးပြီး ပြောလိုက်သည်။

အကယ်၍ အဆင့် (၃) ဆေးသခင် အဆင့်ကို အကဲဖြတ်မည် ဆိုပါက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့က ပစ္စည်းများ ထုတ်ပေးမည် မဟုတ်ပေ။ သို့သော် မူရှန်းက ကြီးမြတ်သော မဟာသခင် ဖြစ်နေသည့် ချင်ယန်အတွက် ရောင်းချ ပေးနေဆဲ ဖြစ်သည်။

“ငါ့မှာ ပါလာတယ်...’

ချင်ယန်က သူ့လက်ထဲတွင် တန်ဖိုးရှိ ဆေးပင်အမြောက်အများ ရှိနေသဖြင့် ပြန် ပြောလိုက်သည်။

မကြာခင် ချင်ယန်က စတင် သန့်စင်လိုက်သောအခါ မူရှန်း၏ မျက်လုံးက လျှင်မြန်စွာ တွန့်ကွေး သွားသည်။

ချင်ယန်၏ လှုပ်ရှားမှုက ဖြစ်ကလက်ဆန်းနိုင်လွန်းသည်။

ဆေးပင်အားလုံးကို ဆေးမီးဖိုထဲ ကြုံသလို ပစ်ထည့် နေသောကြောင့်ပင်။

"လူအိုကြီးမူ၊ ငါတို့တော့ အချိန်ဖြုန်းမိပြီလား မသိဘူး..."

ကျန်တစ်ယောက်က မူရှန်းထံ အသံပို့လွှတ်ပြီး ပြောလိုက်သည်။

မူရှန်းက တိတ်တဆိတ် ခေါင်းခါလိုက်ပြီး ကုန်သွားမည့် အချိန်ကိုသာ စောင့်ဆိုင်း နေလိုက်သည်။

(၃) မိနစ် ကြာသွားပြီးနောက် မူရှန်းတို့ နှစ်ယောက်၏ မျက်လုံးထဲတွင် စဉ်းစား မရသော အမူအရာများ ပေါ်လာသည် ။ ချင်ယန်၏

လှုပ်ရှားမှုက ဖြစ်ကလက်ဆန်း နိုင်လွန်းသော်လည်း ဆေးသန့်စင်မှု မကျရှုံးသေးပေ။

ဆယ်မိနစ် ကြာသွားသောအခါ မှုရှန်းတို့ နှစ်ယောက်၏ မျက်နှာပေါ်တွင် လေးနက်သော အမူအရာများ ပေါ်လာသည်။

နာရီဝက် ကြာပြီးနောက် ဆေးမီးဖို အဖုံးကို ဖွင့်လိုက်သောအခါ ဆေးရနံ့ ထွက်ပေါ်လာပြီး ဆေးမီးဖိုထဲတွင် ဆေးလုံး သုံးလုံး ရှိနေသည်။

ဆေးလုံးတိုင်းက အဆင့် (၄) ဆေးလုံးများ ဖြစ်နေကြသည်။

ချင်ယန်က အရည်အချင်း ပြည့်မီရုံသာ သူ့စွမ်းဆောင်ရည်ကို ထိန်းချုပ် ခဲ့သော်လည်း တစ်ကြိမ်တည်းဖြင့် အောင်မြင်သွားပြီး ဆေးလုံးသုံးလုံး သန့်စင်ခဲ့သဖြင့် မူရှန်းတို့ နှစ်ယောက်က အံ့အော သင့်နေကြသည်။

ပုံမှန် အကဲဖြတ်မှုတွင် ဆေးလုံး သုံးခါ သန်စင်ရခြင်း ဖြစ်ပြီး ဆေးလုံး သုံးလုံး သန့်စင်နိုင်သည်နှင့် အောင်မြင်သည်။

ချင်ယန်က တကြိမ်တည်း အောင်မြင်သွားခဲ့သည်။

ထို့အပြင် ဆေးလုံးကို သုံးကြိမ် သန့်စင်မည်ဆိုပါက တစ်နေကုန် အချိန် ကုန်နိုင်သည်။

'ချင်ယန်က အချိန် ဘယ်လောက် ကြာခဲ့လို့လဲ..'

နာရီဝက်သာ အချိန် ကုန်ခဲ့သည်။

မူရှန်းက သူတို့ ကိုယ်တိုင် အဆင့် (၄) ဆေးလုံးကို သန့်စင်လျှင်ပင် အမြန်ဆုံး သန့်စင်မည်ဆိုပါက နှစ်နာရီ၊ သုံးနာရီအတွင်း အောင်မြင်အောင် သန့်စင်နိုင်ရန် မဖြစ်နိုင်ကြောင်း သိနေသည်။

"မဟာသခင်မှူး၊ အဆင်ပြေရဲ့လား..."

ချင်ယန်က တစ်ချက်ပြုံးပြီး မေးလိုက်သည်။

မူရှန်းက အသက် ခပ်ပြင်းပြင်းလေး တစ်ချက်ရှူပြီး ခေါင်းညိတ်လိုက်ကာ.....

“မဟာသခင်ချင်က ဆရာကြီးပဲ။ မင်းရဲ့ သန့်စင်တဲ့ နည်းစနစ်ကြောင့် မျက်စိပွင့်၊ နားပွင့် ဖြစ်သွားပြီ...”

“ဆေး မဟာသခင် ဖြစ်လာလို့ မဟာသခင်ချင်ကို ဂုဏ်ပြုပါတယ်...”

ချင်ယန်က အနည်းငယ် ပြုံးလိုက်ပြီး.....

"မဟာသခင်မှူး၊ ဆေးတာအို ကြီးမြတ်သော မဟာသခင်အဆင့် ဆက်ပြီး ဖြေလို့ ရမလား.."

"အမ်..."

မှူရှန်းတို့ နှစ်ယောက်က ချင်ယန်ကို ပြူးပြူးပြဲပြဲ စိုက်ကြည့် နေကြသည်။

မကြာခင် မှူရှန်းက......

"မဟာသခင်ချင်က မြန်မြန်ဆန်ဆန်နဲ့ အောင်မြင်အောင် သန့်စင်နိုင်တယ် ဆိုတော့

ကြီးမြတ်သော ဆေးမဟာသခင် အဆင့်ကို ဖြေဆိုလို့ ရပါတယ်။"

" ဒါပေါ့ မဟာသခင်ချင်မှာ စိတ်ကူး ရှိတယ်ဆိုရင် လုပ်လို့ ရပါတယ်.."

မူရှန်း၏ မျက်လုံးထဲတွင် စိတ်လှုပ်ရှားမှုများ ဖြစ်ပေါ်နေသည်။ အကယ်၍ ချင်ယန်သာ အကဲဖြတ်မှု အောင်မြင်သွားမည် ဆိုပါက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့တွင် ကြီးမြတ်သော ဆေးမဟာသခင် နောက်တစ်ယောက် ထပ် ပေါ်လာလိမ့်မည်။

ဒါသည် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့အတွက် ကြီးကျယ်သော အောင်ပွဲကြီး တစ်ခု ဖြစ်သည်။

"မဟာသခင်မှုက တခြား မဟာသခင်တွေနဲ့ အတူတူ မျက်မြင်သက်သေ လုပ်မှာလား မသိဘူး"

ချင်ယန်က မေးလိုက်သည်။

မူရှန်းက ခေါင်းခါလိုက်ပြီး....

"မဟာသခင်ချင်၊ ငါက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့မှာ အဆင့်အတန်း နည်းနည်း

ရှိပါသေးတယ်။ ပြီးတော့ ငါတို့ နှစ်ယောက်လုံးက ကြီးမြတ်သော ဆေး မဟာသခင်တွေပါ။ ဒါကြောင့် ငါတို့ သုံးယောက်ပဲ အကဲဖြတ်မှု လုပ်လည်း ပြဿနာ မရှိဘူး။ တကယ်လို့ မြန်မြန်ဆန်ဆန် ပြီးမယ်ဆိုရင် တခြား ကြီးမြတ်သော ဆေး မဟာသခင်တွေကို ဖိတ် ခေါ်လိုက်မယ်…”

ကြီးမြတ်သော မဟာသခင်များက အလွန် အလုပ်ရှုပ်ကြသည်။ အဆင့် (၅) ဆေးလုံးကို သန့်စင်ခြင်းက အလွန် အချိန်ကုန်သော ကိစ္စတစ်ခု ဖြစ်သည်။ ထို့အပြင် ကြီးမြတ်သော မဟာသခင်

နှစ်ယောက်လည်း ရှိနေပြီ ဖြစ်သောကြောင့် အခြားလူများ ထပ်ခေါ်ရန် မလိုအပ်တော့ပေ။

"ဒါဆိုရင် အကောင်းဆုံးပဲ..."

ချင်ယန်က ဆေးပင်များကို ထုတ်ပြီး အဆင့် (၅) ဆေးလုံးကို စတင် သန့်စင်လိုက်သည်။

ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ထဲတွင် တန်ပင်ဂျီ၊ ကျိရောင်ဖန်နှင့် အခြားလူများ အားလုံးက လုံး၀ မထွက်သွားသေးပေ။

ချင်ယန်၏ ရလဒ်ကို စောင့်ဆိုင်း နေကြခြင်းပင်။

ဤကဲ့သို့ဖြင့် အချိန်သုံးနာရီက မသိလိုက်ဘဲ ကုန်ဆုံးသွားသည်။

အဆင့် (၅) ဆေးလုံး ဖော်စပ်သည့် အချိန်တွင် ချင်ယန်က ဆေးသန့်စင်နေသည့် အရှိန်ကို ရည်ရွယ်ချက် ရှိရှိ လျှော့ချ ထားခဲ့သည်။

အဆင့် ( ၅) ဆေးပြားကို ပုံမှန်အတိုင်း ဖော်စပ်မည်ဆိုပါက တစ်ရက် ၊နှစ်ရက်ခန့် ကြာမြင့်တတ်သည်။ လေး ၊ငါးရက် ကြာလျှင်ပင် အံ့အောစရာ ကိစ္စ မဟုတ်ချေ။

ထို့ကြောင့် သူက တစ်နာရီ၊ နှစ်နာရီအတွင်း ဖော်စပ်လိုက်ပါက အလွန် လွန်ကဲ သွားလိမ့်မည်။

............

ဝေါင်း......

အဆင့် (၆) ရှူးနဂါးက ချမ်ဂျူးမြို့သို့ တိုက်ရိုက် ပျံသန်းလာနေသည်။ ချမ်ဂျူးမြို့ရှိ ရှောင်မိသားစု ခြံဝင်းက မသေးငယ် သဖြင့် ကြောက်စရာ ကောင်းသော ရှူးနဂါးက တိုက်ရိုက် ဆင်းသက်လိုက်သည်။

"ဒုတိယ ခေါင်းဆောင်..."

လူတိုင်းက ရိုရိုသေသေ နှုတ်ဆက်ကြသည်။

"ကာကွယ်သူ စွန်း .... ဒီဘက်ခြမ်းမှာ အခြေအနေ ဘယ်လိုလဲ."

"လူသတ်သမားက ဘယ်သူလဲ..."

ရှောင်မိသားစုမှ ရှောင်ဝမ်ချန်က အေးစက်သော လေသံနှင့် မေးလိုက်သည်။

"ဒုတိယ ခေါင်းဆောင်၊ လူသတ်သမားက သဲလွန်စ အားလုံးကို မီးရှို့သွားတယ်။ အခု

လောလောဆယ် အထိတော့ တိတိကျကျ မပြောနိုင်သေးပါဘူး။ ဒါပေမဲ့ အဓိက သံသယ ဖြစ်နေတဲ့ လူသုံးယောက် ရှိတယ်။ လူသတ်သမားက သူတို့ထဲက တစ်ယောက်ပဲ...။ ဖြစ်နိုင်ချေက (၈၀) ရာခိုင်နှုန်းထက် ပိုများပါတယ်”

ကျန်းစွန်းပုက လျှင်မြန်စွာ ပြောလိုက်သည်။

ရှောင်ဝမ်ချန်က အေးစက်သော လေသံနှင့်......

“ဒါဆိုရင် မင်းတို့က ဘာကို စောင့်နေတာလဲ။ သူတို့ သုံးယောက်ကို ဖမ်းပြီး ကြီးကြီးမားမား အပြစ် ပေးထားပါလား...”

"ခေါင်းဆောင်၊ သူတို့ထဲက နှစ်ယောက်က တခြား ကြယ်ငါးပွင့် အင်အားစုက ဆင်းသက်လာလို့ ဒီအတိုင်း တိုက်ရိုက် ဖမ်းလိုက်ရင် သိပ် မကောင်းပါဘူး ဒါပေမဲ့ တစ်ယောက်ကတော့ သိပ်မခက်ဘူး။ ချင်ယန်လို့ ခေါ်ပါတယ်။ ကြီးမြတ်သော စည်းမဟာသခင် တစ်ယောက်ပါ။ အခု ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ကို ရောက်နေပါတယ်...."

"ပထမတုန်းက သူတို့ သုံးယောက်ထဲမှာ သူ့ကို သံသယ အနည်းဆုံးပဲ။ ဒါပေမဲ့ အခုချိန်

ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ကို သွားလို့ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ရဲ့ အကူအညီကို သွားတောင်းတာလားလို့ သံသယ ဖြစ်လာပါတယ်။ ချင်ယန်က မီနဂါး အင်ပါယာက ကာကွယ်သူ တစ်ယောက်ကို သတ်ပြီး မီနဂါး အင်ပါယာနဲ့ ရန်စရှိခဲ့ပါတယ်။ မီးနဂါး အင်ပါယာ တစ်ခုတည်းသာ ဆိုရင် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ကို သွားစရာ မလိုပါဘူး…”

“ပြီးတော့ မကြာခင် အထက်တန်း နည်းပြ ရာထူးကို ဝင်ဖြေအုံးမယ်။ ကျွန်တော်တို့က

နှစ်ရက်လောက် ထပ်စောင့်လိုက်ရင် ချင်ယန်က အထက်တန်း နည်းပြတစ်ယောက် ဖြစ်လာပါမယ်။ အဲ့အချိန်ကျရင် မီးနဂါး အင်ပါယာ မပြောနဲ့ ကျွန်တော်တို့တောင် လှူပ်ရှားဖို့ ခက်သွားပါမယ်…”

ရှောင်ဝမ်ချန်က အေးစက်သော လေသံနှင့်……

“ဒါဆို ချင်ယန် ဖြစ်နေဖို့ (၆၀) ရာခိုင်နှုန်းလောက် သေချာနေပြီ…”

“ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့မှာ ရှိနေတုန်းပဲလား…..”

ကျန်းစွန်းပုက ခေါင်းညိတ်လိုက်ပြီး.....

"ဟုတ်ပါတယ်။ ဆေးမဟာသခင် အကဲဖြတ်မှု ဝင်ဖြေ နေပါတယ်။ ကြည့်ရတာတော့ နှစ်ရက်လောက် အချိန်ဆွဲနေတယ်လို့ သံသယ ဖြစ်မိတယ်.."

"ကြီးမြတ်သော စည်းမဟာသခင် တစ်ယောက် ဖြစ်တဲ့အပြင် အခု ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ထဲ ရောက်နေလို့ လှုပ်ရှားလို့ မရဘူး ဖြစ်နေတယ်..."

ရှောင်ဝမ်ချန်က အေးစက်သော လေသံနှင့်.....

"ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ကို အရင်သွားမယ်..."

"ချင်ယန်သာ အဲ့နေရာမှ တမင်သက်သက် အချိန်ဖြုန်းနေတယ် ဆိုရင်တော့ ဆေးသန့်စင်ခြင်း လမ်းညွှန်မှုအတွက် ပြဿနာ အကြီးကြီး ယူလာလိမ့်မယ်။ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့က ဆေးဆရာတွေက ရှောင်မိသားစုကို မျက်နှာသာ ပေးလိမ့်မယ်လို့ ဒီအဘိုးကြီး ယုံကြည်တယ်..."

"ငါတို့ဘက်က အကျိုး ခံစားခွင့် နည်းနည်းလောက် ပေးလိုက်ရင် ချင်ယန်က ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့မှာ အချိန်ဆွဲနိုင်မှာ မဟုတ်တော့ဘူး"

"သွားမယ်.."

ရှောင်ဝမ်ချန်တို့ အဖွဲ့က ဆေးသန့်စင်ခြင်း လမ်းညွှန်မှုအဖွဲ့ ဌာနချုပ်ကို လျင်မြန်စွာ ထွက်လာခဲ့ကြသည်။ လူတိုင်းက တက်တက်ကြွကြွ သွားနေကြသဖြင့် နာရီဝက် မပြည့်ခင် ရောက်ရှိသွားကြသည်။

ဆေးသန့်စင်ခြင်း လမ်းညွှန်မှုအဖွဲ့ ဌာနချုပ်ထဲ ဝင်လိုက်သည်နှင့် ရှောင်ကျူဝမ်တို့ အဖွဲ့ကို ချက်ချင်း တွေ့သွားသည်။

ရှောင်ကျူဝမ်တို့ အဖွဲ့ကလည်း ရှောင်မိသားစုမှ တန်ခိုးရှင်များ ဝင်လာသည်ကို မြင်လိုက်ကြသည်။

ရှောင်မိသားစုမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ခါဇင်ကျော် ဝင်လာခဲ့ကြခြင်း ဖြစ်သဖြင့် သတိ မထားမိစေရန် ခက်ခဲလွန်းသည်။

"အိမ်ရှေ့ မင်းသား ကျိလား..."

ရှောင်မိသားစုမှ လူများက ကျိရှောင်ဖန်နှင့် တန်ပင်ဂျီတို့ထံ လျှောက်သွားကြသည်။

ရှောင်မိသားစုက သူ့ဆီ ဘာဖြစ်လို့ လာတာလဲဟု ကျိရှောင်ဖန်က တွေးနေသည်။

"အိမ်ရှေ့ မင်းသားကျိ၊ စိတ်ကောင်းဝင် နေတာလား...."

ရှောင်ဝမ်ချန်က လေးနက်စွာ ပြောလိုက်သည်။

ကျိရှောင်ဖန်က ချင်ယန်၏ ကံဆိုး မိုးမှောင်ကျမှုကို မြင်ပြီး စိတ်ကောင်း ဝင်နေသည်။

"အိမ်ရှေ့မင်းသား ကျို၊ မင်းတို့ ကျိုမိသားစုက ယွမ်ဟိုင်နယ်ပယ် ကာကွယ်သူ သုံးယောက် ချမ်ဂျူး ဘက်ခြမ်းမှာ သေသွားတာ မသိသေးဘူးလား.."

"လူသတ်သမားက ဒီမှာလား..."

ရှောင်ဝမ်ချန် စကား ပြောပြီးနောက် ကျိုရှောင်ဖန်က တော်တော်လေး မျက်နှာ ပျက်သွားသည်။

## အခန်း(၂၂၈) - စည်းရုံးသော်လည်း အမြှုပ်သာ ထွက်၏

ရှောင်ဝမ်ချန်က စကား ပြောနေသည့် အချိန်တွင် ရှောင်ကျူဝမ်၏ မျက်နှာ အမူအရာကို သတိထားပြီး စောင့်ကြည့် နေခဲ့သည်။

ရှောင်ကျူဝမ်နှင့် အခြားလူများက ချမ်ဟိုင်ကဲ့သို့ မြေခွေးအိုများလို အတွေ့အကြုံ မများသေးပေ။ ရှောင်ဝမ်ချမ် စကား ပြောလိုက်သည်နှင့်

ရှောင်ကျူဝမ်တို့၏ မျက်လုံး အမူအရာက အနည်းငယ် ထူးဆန်းလာသည်။

"ဒုတိယ ခေါင်းဆောင်၊ ဖန်ယွမ်ပရဲ့ သေဆုံးမှုက ချင်ယန်တို့ အဖွဲ့နဲ့ သက်ဆိုင် နေနိုင်တယ်"

"ချင်ယန် လုပ်ခဲ့တဲ့ အကြောင်းကို ဒီအိမ်ဖော်တွေ သိကို သိရမယ်...."

ရှောင်ဝမ်ချန် အနားမှ တစ်ယောက်က ပြောလိုက်သည်။

ရှောင်ဝမ်ချန်က သူ့ကို ပြောသည့်လူ မရှိလျှင်ပင် သူကိုယ်တိုင် အတည်ပြုနိုင်သည်။

မူလ ရှောင်ဝမ်ချန်၏ သံသယစိတ်က (၆၀) ၊ (၇၀) ရာခိုင်နှုန်းခန့်သာ ရှိသော်လည်း ယခုအခါ ဖန်ယွမ်ပတို့၏ သေဆုံးမှုက ချင်ယန်တို့နှင့် ပက်သက်နေကြောင်း (၉၀) ရာခိုင်နှုန်းအထိ သေချာသွားခဲ့သည်။

အကယ်၍ ဒါသာ အမှန်ဆိုပါက ချင်ယန်ထံတွင် ရတနာ အများကြီး ရှိလိမ့်မည်။

ရှောင်ရန်များကို သတ်ဖြတ်ရန် ခွန်အားလည်း ရှိနိုင်သည့်.။

ယခုလက်ရှိတွင် ရှောင်ကျူဝမ်တို့ မိန်းကလေး အဖွဲ့က မျက်နှာကို ဇာပုဝါနှင့် မအုပ်ထားကြပေ။ သူမတို့၏ ပုံစံကို မြင်လိုက်သည်နှင့် သူ့မြေးက ချင်ယန်တို့နှင့် ရန်ဖြစ်တာ ပုံမှန်ပဲဟု ရှောင်ဝမ်ချန်က သိလိုက်သည်။

“စီနီယာ ၊ ဒီကိစ္စက အတည် ပြောနေတာလား...”

ကျိုရှောင်ဖန်က လေးနက်စွာ မေးလိုက်သည်။

ရှောင်ဝမ်ချန်က အသံပို့လွှတ် လိုက်ပြီး....

“အိမ်ရှေ့မင်းသား ကျို၊ ဒီအဘိုးအိုက မင်းလို လူငယ်လေး တစ်ယောက်ကို လိမ်စရာလားကွ။ မီးနဂါး အင်ပါယာက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် သုံးယောက်လုံး နတ်ဆိုးတစ်ထောင် ဂူထဲမှာ သေသွားပြီ။ အရိုးတောင် မကျန်ခဲ့ဘူး။ ချင်ယန် လက်ချက်နဲ့ သေသွားဖို့ (၉၀) ရာခိုင်နှုန်းလောက် သေချာနေတယ်...”

"အိမ်ရှေ့မင်းသား ကျို၊ ချင်ယန်က အချိန်တန်ရင် ချမ်ဂျူး အကယ်ဒမီထဲ ဝင်မယ်လို့ တွေးပြီး ရသလောက် အချိန်ဆွဲ နေတာ..."

"တကယ်လို့ မင်းဘက်က နှစ်ရက်လောက် နှောင့်နှေးသွားရင် မင်းတို့ မီးနဂါး အင်ပါယာ မပြောနဲ့ ငါတို့ ရှောင်မိသားစုတောင် ဘာမှ မလုပ်နိုင်တော့ဘူး"

ကျိုရှောင်ဖန်က တော်တော်လေး မျက်မှောင် ကြုတ်နေပြီး အသံ ပို့လွှတ်လိုက်ကာ........

"စီနီယာ၊ ရှောင်မိသားစုက ဘာဖြစ်လို့ ချင်ယန်ကို သတ်ချင်နေတာလဲ...."

"ချင်ယန်က ဒီအဘိုးကြီးရဲ့ မြေး ရှောင်ရန်ကျားနဲ့ တခြားလူတွေကို သတ်လိုက်လို့....."

"ရှောင်မိသားစုက နတ်ဆိုးတစ်ထောင် ဂူထဲမှာ လှည့်ပတ် စစ်ဆေးပြီးပြီ။ ဖြစ်နိုင်ချေ အများဆုံးက ချင်ယန်ပဲ..."

ရှောင်ဝမ်ချန် ပြောသမျှ စကားတိုင်းက အမှန်မဟုတ်နိုင်ဘူးဟု ကျိရှောင်ဖန် စိတ်ထဲမှ လျှင်မြန်စွာ တွေးနေသည်။

သို့သော် မီးနဂါး အင်ပါယာနှင့် ချင်ယန်ကြားတွင် ကြီးမားသော ရန်ငြိုး ရှိနေသည်။ ဒါက သေချာသည်။

ဖန်ယွမ်ပနှင့် အခြားလူများက ချင်ယန်လက်ထဲ မသေခဲ့လျှင်ပင် မီးနဂါး အင်ပါယာက ချင်ယန်တို့အဖွဲ့ကို သတ်ပြစ်မည်သာ....။ ဖန်ယွမ်ပနှင့်

အခြားလူများက ထိုတာဝန် ထမ်းဆောင်ရန် ဤနေရာသို့ လာခဲ့ကြခြင်း ဖြစ်သည်။

ယခုအခါ ရှောင်မိသားစုကလည်း ချင်ယန်ကို သတ်ဖြတ်ချင်နေသဖြင့် ရှောင်မိသားစုနဲ့ ပူးပေါင်း ဆောင်ရွက်ခြင်းက မီနဂါး အင်ပါယာအတွက် ကောင်းမွန်သော ရွေးချယ်မှု တစ်ခု ဖြစ်နေသည်။

"စီနီယာ၊ ငါတို့ ဘယ်လို လုပ်မှာလဲ...."

"ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့မှာ ချင်ယန် အချိန်မဆွဲနိုင်အောင် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့သခင်နဲ့ ဆက်သွယ်ရမယ်.."

ရှောင်ဝမ်ချန်က အသံ ပို့လွှတ်လိုက်ပြီး.....

"ချင်ယန်တို့အဖွဲ့ ဆေးဗိမ္ဗာန်ထဲက ထွက်တာနဲ့ တစ်ခါတည်း ဖမ်းသွားလို့ ရပြီ။ အချိန်တန်လို့ စည်းသခင် လမ်းညွှန်မှုအဖွဲ့က ဖိအား ပေးလာလည်း ရှောင်မိသားစုနဲ့ မီးနဂါး အင်ပါယာက အတူတူ ပူးပေါင်းပြီး ဖြေရှင်လို့ ရတယ်..."

"လုပ်မယ်..."

ကျိုရှောင်ဖန်က ချက်ချင်း သဘောတူလိုက်သည်။ ချင်ယန်ကို သတ်နိုင်ပါက အချိန်တန်လျှင် ကျိုဝူချန်ရှေ့တွင် မျက်နှာရမည် မဟုတ်ပါလား.....

“မင်းက ချင်ယန်ရဲ့ အိမ်ဖော်တွေကို စောင့်ကြည့်ထား ဗိမ္မာန်အပြင် ထွက်တာနဲ့ ချက်ချင်း ဖမ်းလိုက်..”

ရှောင်ဝမ်ချန်က လေးလေးနက်နက် အမိန့် ပေးလိုက်သည်။ သူက ထိုအမိန့်ကို အသံပို့လွှတ်ပြီး ပြောခဲ့ခြင်း မဟုတ်သဖြင့် ရှောင်ကျူဝမ်တို့အဖွဲ့က အတိုင်းသား ကြားနေရသည်။

ရှောင်မိသားစုမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ဒါဇင်ကျော် ရောက်လာပြီး ရှောင်ကျူဝမ်တို့ အဖွဲ့နှင့် မီတာ နှစ်ဆယ်သာ ဝေးကွာသည်။

ရှောင်ကျူဝမ်တို့ အဖွဲ့က စိတ်ထဲတွင် တုန်လှုပ်နေကြသည်။

ရှောင်မိသားစုမှ တန်ခိုးရှင်များ၏ ဖိအားက ကြီးမားလွန်းလှသည်။

"အိမ်ရှေ့ မင်းသားကျို၊ ဆေးသန့်စင်ခြင်းလမ်းညွှန်မှု အဖွဲ့က ဥက္ကဋ္ဌနဲ့ သွားတွေ့ရအောင်...."

ရှောင်ဝမ်ချန်က ပြောလိုက်သည်။

"ဟုတ်..."

ကျိုရှောင်ဖန်က ခေါင်းညိတ်လိုက်သည်။

ရှောင်ဝမ်ချန်နှင့် အခြားလူများက ဆေးဘုရင် မျှော်စင်တစ်ခုကို ဦးတည်ပြီး သွားလိုက်ကြသည်။

ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့၏ ဥက္ကဋ္ဌက ဆေးဘုရင် တစ်ယောက် ဖြစ်ပြီး ဒီဘက်တွင် သီးသန့် နေထိုင်နေသည်။ သူက အချိန် အများစုကို ဆေးဘုရင် မျှော်စင်ထဲတွင် လေ့ကျင့်ရင်း ကုန်ဆုံးနေလေ့ ရှိတတ်သည်။

တန်ပင်ဂျီက မလိုက်သွားပေ။

သူမ မျက်လုံးက အရောင် တောက်လာပြီး.....

"ရှောင်မိသားစုက စီနီယာ၊ ချင်ယန်ရဲ့ အစောင့်နဲ့ အိမ်ဖော်တွေကို တိတ်တိတ်လေး စည်းရုံးကြည့်ပါလား.."

"ဒီနေ့ အခြေအနေကို ကြည့်ရတာတော့ ချင်ယန်နောက် ဆက်လိုက်ရင် သချိုင်းကုန်းခြေတစ်လှမ်းနေတာ ဆိုတော့ စည်းရုံးဖျားယောင်းရင် အောင်မြင်ဖို့ များလောက်တယ်။ သူတို့ထဲက တစ်ယောက်ယောက်ကတော့ စီနီယာဖန်နဲ့ ရှောင်မိသားစုက တန်ခိုးရှင်တွေရဲ့ သေဆုံးမှုကို ထုတ် ပြောလာလိမ့်မယ်.."

တန်ပင်ဂျီက ရှောင်မိသားစုမှ တန်ခိုးရှင်တစ်ယောက်ထံ အသံပို့လွှတ်ပြီး ပြောလိုက်သည်။

ရှောင်မိသားစုမှ တန်ခိုးရှင်၏ မျက်လုံးက တောက်ပလာသည်။ သူတို့က အကြမ်းနည်းနှင့် တိုက်ရိုက် ဖြေရှင်းရန် စဉ်းစားနေသဖြင့် ထိုရှုထောင့်ကို မစဉ်းစားမိခဲ့ကြပေ။

တန်ပင်ဂျီ၏ အကြံက အလွန်ကောင်းမွန်လှသည်။

“သူတို့ နာမည်ကို သိလား..”

ရှောင်မိသားစုမှ တန်ခိုးရှင်က သူမအကြံကို စဉ်းစားနေသဖြင့် တန်ပင်ဂျီက စိတ်လှုပ်ရှား သွားသည်။

“ သိပါတယ် စီနီယာ ။ နွားလို သန်မာတဲ့ တစ်ယောက်က ချမ်ဟိုင်၊ ရွှေဦးချို သိဒ္ဓိမြို့ သွေးမြေကျ ကွင်းထဲကနေ ချင်ယန် ရွေးထုတ်လာတဲ့ လူပဲ။ နန်း၅ှမ် ဆိုတဲ့ တစ်ယောက်လည်း အတူတူပဲ…”

တန်ပင်ဂျီက ချမ်ဟိုင်နှင့် အခြားလူများ အကြောင်းကို အသေးစိတ် ပြောပြနေသည်။

“ချမ်ဟိုင်၊ ငါက ရှောင်မိသားစုက ရှင်းထန်ပါ။ အခုလေးတင် ဒုတိယ ခေါင်းဆောင် ပြောသွားတဲ့ အချိန်မှာ မင်းမျက်နှာက ထူးခြားနေတယ်။ မီးနဂါး အင်ပါယာက လွှတ်လိုက်တဲ့ ကာကွယ်သူတွေကို မင်းတို့ သတ်လိုက်တဲ့ ကိစ္စက လုံးဝ မမှားဘူး။ ရှောင်မိသားစုက တန်ခိုးရှင်တွေကိုလည်း မင်းတို့ သတ်လိုက်တာ ဖြစ်ဖို့များတယ်…”

“ငါတို့ ရှောင်မိသားစုက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ဒါဇင်ကျော် ဒီရောက်နေပြီ။

ပြီးတော့ ယွမ်ဒန် နယ်ပယ် ရှူးနဂါး တစ်ကောင်လည်း ပါသေးတယ်..”

“ငါတို့ ရှောင်မိသားစုက ကျိုမိသားစုနဲ့ အတူတူ ပူးပေါင်း လုပ်ဆောင်နေလို့ မကြာခင် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့က မင်းတို့ကို မောင်းထုတ်လိမ့်မယ်။ ဒီနေရာက ထွက်တာနဲ့ မင်းတို့အတွက် သင်္ချိုင်းပဲ ရှိတယ်..”

“အခု ငါက ရှောင်မိသားစုဆီမှာ တိတ်တိတ်လေး လက်နက်ချဖို့ အခွင့်အရေး တစ်ခုပေးမယ်။ ငါ့ရဲ့ ရာထူးနဲ့ တိုင်တည်ပြီး ပြောတယ်။ မင်းက

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် တစ်ယောက် ဖြစ်နေလို့ ငါတို့ ရှောင်မိသားစုထဲ ဝင်လိုက်ရင် မင်းရမယ့် အကျိုးအမြတ်က ချင်ယန်နောက် လိုက်နေတာထက် စာရင် အများကြီး ပိုကောင်းလိမ့်မယ်.”

ထိုတန်ခိုးရှင်က စကား အရှည်ကြီး ပြောသွားခဲ့သည်။

ချမ်ဟိုင်၏ မျက်လုံးက တောက်ပလာသည်။ ထိုတန်ခိုးရှင်၏ ပြောဆိုမှုကြောင့် စိတ်ပါချင် သလိုလိုပင် ဖြစ်သွားခဲ့သည်။

"အမျိုးသမီး ကျူဝမ်၊ ရှောင်မိသားစုက တန်ခိုးရှင် တစ်ယောက်က ငါ့ဆီ သတင်းပို့လာတယ်။ ငါ့ကိုတောင် သွေးထိုး လှုံ့ဆော်သေးရင် တခြား လူတွေကိုလည်း သွေးထိုး လှုံ့ဆော်လိမ့်မယ်.."

ချမ်ဟိုင်က ရှောင်ကျူဝမ်ထံ အသံပို့လွှတ်ပြီး ပြန်ပြောလိုက်သည်။ သူက သွေးထိုး လှုံ့ဆော်မှုကို မည်သည့်အချိန်မှ စိတ်မပါသွားဘူးလို့ အာမ ခံနိုင်သော်လည်း ကျန်သည့်လူများကို တစ်ရာ ရာခိုင်နှုန်း ယုံကြည်မှု မရှိပေ။

ရှောင်ကျူဝမ်ကို ပြောလိုက်ပါက သူမတွင် နည်းလမ်း တစ်ခုခု ရှိလိမ့်မည်။

"ချမ်ဟိုင်၊ သခင်လေးရဲ့ ခွန်အားက အဆင့် (၆) ဆေးဘုရင်အဆင့် ရောက်နေတာ မင်း သိသင့်တယ်။ သခင်လေးက သူ့ အစွမ်းအစကို အပြည့်အဝ ထုတ်ပြလိုက်တာနဲ့ ကြီးမြတ်သော ဆေး မဟာသခင် တစ်ယောက် ဖြစ်လာမှာပဲ။ အဲ့ အချိန်ကျရင် ရှောင်မိသားစုနဲ့ မီးနဂါး အင်ပါယာက ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး..."

“သခင်လေးနောက် လိုက်ခဲ့တဲ့ အချိန်မှာ ဘယ်လောက် တိုးတက်လာလဲ ဆိုတာ မင်း သိပါတယ်....”

“သခင်လေးက ဆေးတာအိုရော၊ စည်းတံဆိပ်တာအိုပါ အရမ်း ကျွမ်းကျင်တယ်။ မင်း သစ္စာဖောက်တာနဲ့ ရုပ်ပျက်ဆင်းပျက် သေသွားလိမ့်မယ်....”

ရှောင်ကျူဝမ်က ချမ်ဟိုင်နှင့် အခြားလူများထံ အသံပို့လွှတ်ပြီး ပြောလိုက်သည်။

“ အမျိုးသမီး ကျူဝမ်၊ ငါတို့က သူဌေးအပေါ် သေချာပေါက် သစ္စာ မဖောက်ဘူးလို့ အာမခံနိုင်တယ်….”

“အမျိုးသမီး ကျူဝမ်၊ အစိုးရိမ် လွန်နေပြီ..”

ချမ်ဟိုင်နှင့် အခြားလူများက တစ်ယောက်ပြီး တစ်ယောက် ပြန် ပြောနေကြသည်။

ရှောင်မိသားစုမှ တန်ခိုးရှင်က မက်လုံးများ ပေးနေသော်လည်း ချမ်ဟိုင်တို့က သစ္စာ မဖောက်ကြပေ။

သူတို့က ချင်ယန်၏ ခွန်အားကို သိနေသဖြင့် အကဲဖြတ်မှုအား ချင်ယန်က ကျိန်းသေပေါက် အောင်မြင်သွားမည် ဆိုသည်ကို သိနေကြသောကြောင့်ပင်။

ဒါက သေချာသည်။

ချင်ယန်က ကြီးမြတ်သော ဆေးမဟာသခင် ဖြစ်သွားသည်နှင့် ဆေးသန့်စင်ခြင်း လမ်းညွှန်မှုအဖွဲ့က နှင်ထုတ်မည်လော....

ဒါမျိုး မရှိနိုင်ပေ။

ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့က ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက်ကို အလွယ်တကူ ကန်ထုတ်မည် မဟုတ်ပေ။

ထိုကဲ့သို့ မဟုတ်လည်း ကျန်သည့် ကြီးမြတ်သော ဆေးမဟာသခင်များက မည်ကဲ့သို့ လုပ်ကြမည်နည်း.. သူတို့ထဲက မည်သူမှ အားမနည်း ကြပေ။

အကယ်၍ ကြီးမြတ်သော ဆေးမဟာသခင်ကို အလွယ်တကူ ကန်ထုတ်လိုက်ပါက ကျန်သည့်

ဆေးသခင်များဆိုလျှင် စကားထဲ ထည့်ပြောစရာပင် မလိုတော့ချေ။

ထိုအခါ လူတိုင်း စိတ်ဝမ်းကွဲပြီး အဖွဲ့တစ်ခု ဖွဲ့စည်းရန်ပင် ခက်ခဲ သွားလိမ့်မည်။

"ဘာဖြစ်တာလဲ.."

အသံပို့လွှတ်ပြီး အချိန် အတော်ကြာအောင် စည်းရုံးခဲ့သော်လည်း ချမ်ဟိုင်နှင့် အစောင့်များ တုတ်တုတ် မလှုပ်ကြပေ။ ရှောင်ကျူဝမ်နှင့် အိမ်ဖော်များလည်း လုံးဝ မလှုပ်ကြပေ။

အကယ်၍ ထိုနေရာက ဆေးသခင် လမ်းညွှန်မှု အဖွဲ့သာ မဟုတ်ပါက ရှောင်ကျူဝမ်တို့ အဖွဲ့ကို တစ်ခါတည်းဖမ်းပြီး ပါးစပ်မှ သွေးအတောင့်လိုက် အန်အောင် ရိုက်စစ်လိုက်ပြီးပြီ.....

တန်ပင်ဂျီလည်း မျက်မှောင် ကြုတ်နေသည်။

အဘယ်ကြောင့် မအောင်မြင်ရသလဲ ဆိုသည်ကို သူမလည်း မသိပေ။

ချမ်ဟိုင်နှင့် အခြားလူများက ချင်ယန်အပေါ် အဘယ်ကြောင့် ဤမျှ သစ္စာ ရှိနေရသနည်း....

# အခန်း(၂၂၉) - ကြီးမြတ်သော ဆေးမဟာသခင် အသစ်....

ဆေးဘုရင် မျှော်စင်.....

ရှောင်ဝမ်ချန်၊ ကျိရှောင်ဖန်နှင့် အခြား တန်ခိုးရှင်များက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့၏ ဥက္ကဋ္ဌ ပေါင်လီဟုန်ကို အကျိုးအမြတ် အများကြီး ပေးမည်ဟု ကတိပေးပြီး စည်းရုံး နေကြသည်။

နာရီဝက်ခန့် ကြာသောအခါ ပေါင်လီဟုန်က သူတို့၏ စကားများကို ဖြည်းဖြည်းခြင်း နားဝင်လာသည်။

ရှောင်ဝမ်ချန်နှင့် ကျိရှောင်ဖန်တို့ နှစ်ယောက်က ကြယ်ငါးပွင့် အင်အားစု နှစ်ခုကို ကိုယ်စား ပြုနေကြသည်။

ထို့အပြင် ရှောင်မိသားစုက ဝါရင့် ကြယ်ငါးပွင့် အင်အားစု ဖြစ်ပြီး ဟွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် သုံးဆယ်ကျော် ပိုင်ဆိုင် ထားသောကြောင့် သက်ရောက်မှု ပို ရှိနေသည်။

"ဥက္ကဌ ပေါင်လီ၊ ချမ်ဂျူး အကယ်ဒမီက ကျောင်းသားအသစ် စုဆောင်း နေတယ်ဆိုတာ မင်းလည်း သိပါတယ်။ ဒါက အဓိက အခါသမယကြီးပဲ။ ကျောင်းသားအသစ် အကဲဖြတ်မှုမှာ ဝင်ဖြေမယ့် ကျောင်းသားတွေရဲ့ မိဘတွေ၊ ဆွေးမျိုး သားချင်းတွေကလည်း အများကြီး ပါလာတယ်။ သူတို့ တော်တော် များများကလည်း ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့နှင့် သက်ဆိုင်နေပါတယ်။ ဒီတစ်ကြိမ်မှာ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ကလည်း နှစ်ရက်လောက် နားပေးလိုက်မယ် ဆိုရင် လူတိုင်း

ကောင်းကောင်း အနားယူနိုင်မှာပါ။ ဒါက ချဲ့ကားတာ မဟုတ်ပါဘူး...”

ရှောင်ဝမ်ချန်က ရှောင်မိသားစု၏ နံပါတ်နှစ် အာဏာအရှိဆုံး ပုဂ္ဂိုလ် ဖြစ်သော်လည်း သူ့လေသံက အတော်လေး ရိုကျိုးနေသည်။ အကယ်၍ ပေါင်လီဟုန် သည်းမခံနိုင်အောင် အထက်စီး လေသံနှင့် ပြောလိုက်မည် ဆိုပါက အဆင့် (၆) ဆေးဘုရင် တစ်ယောက်တွင် အလွန်ကြီးမားသော လွှမ်းမိုးမှု ရှိနေသည်။

ထို့အပြင် ပေါင်လီဟုန်က ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့၏ ဥက္ကဌ ဖြစ်နေသေးသည်။

ပေါင်လီဟုန်က ဘယ်တော့မှ ပြဿနာ မရှာဖူးသော်လည်း ချမ်ဂျူး ကျွန်းဆွယ်တွင် သူ့ကို ကူညီမည့် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် အနည်းငယ် ရှိသည်။ ထို့အပြင် ချမ်ဂျူး ကျွန်းဆွယ် အပြင်ဘက်တွင်လည်း ပေါင်လီဟုန်၏ အကျိုးကျေးဇူးကို ခံစားဖူးသော ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် အများအပြား ရှိပြီး ယွမ်ဒန် နယ်ပယ် တန်ခိုးရှင်များလည်း မရှားပါးပေ။ ပေါင်လီဟုန်သာ

ဒေါသထွက်သွားမည် ဆိုပါက ရှောင်မိသားစုသည် ရေးနွေးအိုး ရောက်သွား သကဲ့သို့ ပွက်ပွက် ဆူသွားရန် သေချာသည်။

ကျိရောင်ဖန်က......

"ဥက္ကဋ္ဌ ပေါင်လီ၊ ချင်ယန်က အခု ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ ဌာနချုပ်ကို ရောက်နေတယ်။ တမင်သက်သက် အချိန် လာဆွဲနေတာပါ။ သူ့မှာ လုပ်ရည်ကိုင်ရည် မရှိလို့ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့က ပြသနာ တက်တာပဲ အဖက်တင်လိမ့်မယ်။ ဒီလိုလူမျိုးက

ဆေးသန့်စင်ခြင်း လမ်းညွှန်မှုအဖွဲ့မှာ ခိုလှုံစရာ အကြောင်း မရှိဘူး...”

ပေါင်လီဟုန်က ရှောင်ဝမ်ချန်နှင့် အခြား လူများကို သဘောတူရန် အဆင့်သင့် ဖြစ်နေခဲ့ပြီ.....

ထိုစဉ်......

ဒိုင်း.. ဒိုင်း.. ဒိုင်း... ဒိုင်း.. ဒိုင်း.. ဒိုင်း....

ပေါက်ကွဲသံ ပစ်ဖောက်သံ ခြောက်ချက် ပေါ်လာသဖြင့် ပေါင်လီဟုန်က ရုတ်တရက် မတ်တပ် ထရပ်လိုက်ပြီး သူ့မျက်လုံးထဲတွင်

မမျှော်လင့်ထားသဖြင့် အံ့အောသင့် နေသော အရိပ်အယောင်များ ပေါ်လာသည်။

ထို ဗျောက်အိုးသံ ခြောက်ချက်က ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက် မွေးဖွားလာခြင်းကို ကိုယ်စားပြုနေသည်။

ဗျောက်အိုးသံ ကိုးချက် ဆိုပါက ဆေးဘုရင် တစ်ပါး မွေးဖွားလာခြင်းပင်.....

ချမ်ဂျူးမြို့ရှိ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ ဌာနချုပ်တွင် ကြီးမြတ်သော ဆေးမဟာသခင် ရှစ်ယောက်သာ ရှိသည်။ ကြီးမြတ်သော

ဆေးမဟာသခင် တစ်ယောက် မွေးဖွား လာခြင်းသည် အလွန် အရေးကြီးသော အခိုက်အတန့် ဖြစ်ပြီး ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့၏ ဂုဏ်သိက္ခာနှင့် ဩဇာက ပိုမို အားကောင်း လာတော့မည်။

"ဥက္ကဋ္ဌ ပေါင်လီ ဂုဏ်ပြုပါတယ်။ ဒုဥက္ကဋ္ဌ ပေါင်လီ ဂုဏ်ပြုပါတယ်..။"

"ဥက္ကဋ္ဌ ပေါင်လီ၊ ဂုဏ်ပြုပါတယ်။ ဂုဏ်ပြုပါတယ်...."

ရှောင်ဝမ်ချန်နှင့် ကျန်သည့် လူများက လျှင်မြန်စွာ ဂုဏ်ပြုလိုက်ကြသည်။ ထိုအသံက မည့်သည့်အရာကို ကိုယ်စားပြုကြောင်း သူတို့လည်း သိနေကြသည်။

"ဟားဟား....."

ပေါင်လီဟုန်က စိတ်ပါလက်ပါ ရယ်မောလိုက်သည်။

"ဥက္ကဋ္ဌ ပေါင်လီ၊ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့မှာ ကြီးမြတ်သော ဆေးမဟာသခင် အသစ် တစ်ယောက် မွေးဖွားလာပြီ။ ဒါက ဂုဏ်ယူစရာ

ကောင်းတဲ့ အခိုက်အတန့် တစ်ခုပါ။ ဒီအခွင့်အရေးကို အသုံးချပြီး ဂုဏ်ယူစရာ ကောင်းတဲ့ အထိမ်းအမှတ် အနေနဲ့ ဒီနှစ်ရက်ကို အားလပ်ရက် လုပ်လိုက်ပါလား....”

“လူတိုင်းပဲ... ဒီကိစ္စကို နောက်မှ ဆွေးနွေးမယ်။ ဒီလူအိုကြီးက အသစ်ဖြစ်လာတဲ့ ကြီးမြတ်သော ဆေးမဟာသခင်ကို အရင်ဆုံး သွားကြည့်တော့မယ်.....”

ပေါင်လီဟုန်က ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ အခြေအနေကို ကောင်းကောင်းလေး သိနေသဖြင့် အနည်းငယ် ခေါင်းရှုပ်နေသည်။

'ဒီတစ်ခေါက် ဘယ်သူက ကြီးမြတ်သော ဆေးမဟာသခင် အဆင့် အကဲဖြတ်ခဲ့တာလဲ…'

အဆင့် (၄) မဟာသခင်များကသာ အဆင့် (၅) ကြီးမြတ်သော မဟာသခင် အဆင့်ကို အကဲဖြတ် ကြသည်။ ဒါသည် အဓိက ဖြစ်ရပ်တစ်ခု ဖြစ်နေသဖြင့် လအနည်းငယ်ခန့် ကြိုတင်ပြီး သတင်းထွက်လေ့ ရှိတတ်သည်။

ထို့အပြင် အကဲဖြတ်မှု စစ်ဆေးမည့် ကြီးမြတ်သော မဟာသခင်များက အလွန် အလုပ်ရှုပ် တတ်ကြသဖြင့် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ကို ဆယ်ရက်ခန့် ကြိုတင် အကြောင်းကြားလေ့ ရှိကြသည်။

ထိုကဲ့သို့ မဟုတ်ပါက အကဲဖြတ်မှု လုပ်မည့် အချိန်တွင် စစ်ဆေးပေးမည့် လူမရှိသဖြင့် အကုန်လုံး ဗရုတ်သုတ်ခ ဖြစ်သွားနိုင်သည်။

"ဥက္ကဌ ပေါင်လီ၊ ငါတို့လည်း အတူတူ လိုက်ခဲ့မယ်...."

"ဟုတ်ပါတယ်... ဌက္ကဌပေါင်လီ၊ ကြီးမြတ်သော မဟာသခင်အသစ် မွေးဖွားလာပြီ ဆိုတော့ ငါတို့လည်း ဂုဏ်ပြုချင်ပါတယ်..."

ရှောင်ဝမ်ချန်နှင့် အခြားလူများက ပေါင်လီဟုန် နောက်မှ လိုက်လာပြီး ပေါင်လီဟုန်၏ ဆေးဘုရင် မျှော်စင်မှ ထွက်လာကြသည်။ ထို့အပြင် ကြီးမြတ်သော မဟာသခင် တစ်ယောက် ထွက်ပေါ်လာပြီ ဖြစ်သဖြင့် သူတို့က စည်းရုံးနိုင်လျှင် အတိုင်းထက် အလွန် ဖြစ်သွားလိမ့်မည်။ ပြီးမှ ပေါင်လီဟုန်ကို

ထိုအကြောင်းနှင့် ပက်သက်ပြီး နောက်တစ်ကြိမ် ထပ်ပြောရမည်.......

မကြာခင် ပေါင်လီဟုန်နှင့် အခြားလူများက ပင်မ မျှော်စင်သို့ ရောက်လာကြသည်။

ပင်မ မျှော်စင်အောက်တွင် လူပေါင်းများစွာ စောင့်ဆိုင်း နေကြသည်။

"ဥက္ကဋ္ဌ.."

"ဥက္ကဋ္ဌကို ဂါဝါရ ပြုပါတယ်..."

ပိုင်လီဟုန် ရောက်လာသဖြင့် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့မှ လူများက အရိုအသေ ပေးလိုက်ကြသည်။ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့မှ မဟုတ်သည့် လူများကလည်း တစ်ယောက်ပြီး တစ်ယောက် အရိုအသေ ပေးလိုက်ကြသည်။

အထောက်အထားခြင်း နှိုင်းယှဉ်မည် ဆိုပါက ရှောင်ဝမ်ချန်က ရှောင်မိသားစု၏ နံပါတ်နှစ် ပုဂ္ဂိုလ် ဖြစ်သော်လည်း ဆေးဘုရင် ပေါင်လီဟုန်က ပိုမြင့်မြတ် နေသည်။

"အရှင် အိမ်ရှေ့မင်းသား.... အခြေအနေ ဘယ်လိုလဲ...."

တန်ပင်ဂျီက အသံပို့လွှတ်ပြီး မေးလိုက်သည်။

ကျိုရောင်ဖန်က စိတ်ချမ်းသာ နေသော လေသံနှင့်....

"ပြဿနာ ကြီးကြီးမားမား မရှိဘူး။ ကြီးမြတ်သော ဆေးမဟာသခင် အသစ် ပေါ်လာလို့ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့က နှစ်ရက်လောက် ပိတ်လိုက်လိမ့်မယ်။ ဒါက ကြီးမြတ်သော မဟာသခင် တစ်ယောက်ကို

ဂုဏ်ပြုတာ ဖြစ်လို့ ပုံမှန်ပဲ။ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ကို နှစ်ရက် ပိတ်လိုက်ရင် အပြင်လူ အားလုံး ပြန်ထွက်ရလိမ့်မယ်....”

တန်ပင်ဂျီလည်း ဝမ်းသာသွားသည်။

ထိုသို့ ဆိုလျှင် ချင်ယန်တို့ အဖွဲ့က ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ထဲတွင် ထပ် နေနိုင်တော့မည် မဟုတ်ချေ။

ချင်ယန်တို့အဖွဲ့ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ထဲမှ ထွက်သွားသည်နှင့် ချင်ယန်တို့ အဖွဲ့ကို ကိုင်တွယ်ရန် ရှောင်မိသားစုနှင့် မီးနဂါး အင်ပါယာမှ

တန်ခိုးရှင်များ အတွက် မည်သည့် ပြဿနာမှ မရှိတော့ပေ။

"ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ဝင် အားလုံး..... ကြီးမြတ်သော ဆေးမဟာသခင် အသစ်ကို ဂုဏ်ပြုဖို့ အသင့် ပြင်ထားကြပါ....."

ထိုအချိန်တွင် ကျယ်လောင်သော အသံတစ်ခု ထွက်ပေါ်လာပြီး ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ထဲမှ လူအားလုံး ရှင်းရှင်းလင်းလင်း ကြားလိုက်ရသည်။

ပေါင်လီဟုန်လည်း ပြုံးနေသည်။

ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့မှ လူအားလုံးလည်း ဝမ်းသာနေသည်။

ရှောင်ဝမ်ချန်တို့ အဖွဲ့၏ မျက်နှာပေါ်တွင်လည်း အပြုံးများ ရှိနေကြသည်။

ထိုအသံ တိတ်ဆိတ် သွားသည်နှင့် ချင်ယန်တို့ အဖွဲ့က ဆေးမျှော်စင် ပထမအထပ်သို့ လျင်မြန်စွာ ရောက်ရှိ လာကြသည်။

"တာအို မိတ်ဆွေ ချင်ယန်က ကြီးမြတ်သော ဆေးမဟာသခင် အသစ် ဖြစ်လာပါပြီ...."

"တာအို မိတ်ဆွေ ချင်ယန်က ဆေးတာအိုနဲ့ စည်းတံဆိပ် တာအို နှစ်ခုလုံးမှာ နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် ဖြစ်လာပါပြီ....."

"ကြီးမြတ်သော မဟာသခင် ချင်ယန်အတွက် ဂုဏ်ပြု လိုက်ကြပါစို့...."

ပြောနေသည့် လူက ကြီးမြတ်သော မဟာသခင် မူရှန်းပင်။ သူ့အသံ ပြီးဆုံးသွားသည်နှင့် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့မှ လူတိုင်းက တညီတညွတ်ထဲ အော်ဟစ် လိုက်ကြသည်။

"ကြီးမြတ်သော မဟာသခင် ချင်ယန်ကို ဂုဏ်ပြုပါတယ်...."

"ကြီးမြတ်သော မသာသခင် ချင်ယန်ကို ဂုဏ်ပြုပါတယ်"

"ကြီးမြတ်သော မသာသခင် ချင်ယန်ကို ဂုဏ်ပြုပါတယ်"

ထိုအသံက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့တစ်ခုလုံးတွင် ပဲ့တင်သံ ထပ်နေသည်။

ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ထဲရှိ လူအုပ်ကြီးက အလွန် စိတ်လှုပ်ရှား နေကြသည်။ ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက် ပေါ်ထွန်းလာခြင်းသည် ဆေးသန့်စင်ခြင်း လမ်းညွှန်မှုအတွက် ကောင်းမွန်သော ကိစ္စကြီး ဖြစ်သည်။

ရှောင်ဝမ်ချန်နှင့် သူ၏ တန်ခိုးရှင်များ၊ ကျိရှောင်ဖန်နှင့် တန်ပင်ဂျီ တို့၏ အပြိုင်းက ပြိုင်းလက်စ တန်းလန်းကြီးနှင့် တောင့်တင်း သွားကြသည်။

'ကြီးမြတ်သော ဆေးမဟာသခင် အသစ်က ချင်ယန်လား...'

'ဒါက ဘာကြီးလဲ.....'

'ချင်ယန်၊ ဒီရောက်နေတာ နာရီပိုင်းပဲ ရှိသေးတယ် မဟုတ်လား...'

အဆင့် (၄) မဟာသခင် အဆင့်ကို အကဲဖြတ်လျှင်ပင် နာရီပိုင်း ကြာမြင့်ခြင်းက အလွန် အင်မတန် ကောင်းမွန်နေပြီ ဖြစ်သည်။ ချင်ယန်က ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက် မည်ကဲ့သို့ ဖြစ်လာသနည်း.....

ပေါင်လီဟုန်၏ မျက်နှာပေါ်တွင် မမျှော်လင့်ထားသဖြင့် အံ့အော သင့်သွားသော အမူအရာများ ပေါ်လာပြီး ရှောင်ဝမ်ချန်ကို တစ်ချက်ကြည့်လိုက်သည်။

ရှောင်ဝမ်ချန်နှင့် မျက်နှာ အမူအရာက ရုပ်ဆိုးနေသည်။

ယခင်က ပေါင်လီဟုန် သဘောတူတော့မည့် အရိပ်အယောင် ပြခဲ့သော်လည်း ကတိ လုံးဝ မပေးရသေးပေ။ ယခုအခါ ပေါင်လီဟုန်က မည်ကဲ့သို့ သဘော တူတော့မည်နည်း.....

ကြီးမြတ်သော မဟာသခင် ဖြစ်လာသော ချင်ယန်ကို အခြားလူများ ဖမ်းနိုင်စေရန် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့မှ နှင်ထုတ်ဖို့လား......

ဒါက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့အတွက် ကြီးမားသော ဟာသကြီး ဖြစ်သွားလိမ့်မည်။

ဒါသည် ပေါင်လီဟုန်ကို သာမက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့မှ လူတိုင်းကို ထိခိုက်စေနိုင်သည်။

"မိတ်ဆွေလေး... ချင်ယန်.... ကြီးမြတ်သော မဟာသခင် ဖြစ်လာလို့ ဂုဏ်ပြုပါတယ်...."

"ဒီအဘိုးအိုက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ရဲ့ ဥက္ကဋ္ဌ ပေါင်လီဟုန်ပါ။ မိတ်ဆွေလေး ချင်ယန်ကို ဂုဏ်ပြုပါတယ်...."

ပေါင်လီဟုန်က အပြုံးမျက်နှာနှင့် ချင်ယန်ထံ လမ်းလျှောက်သွားပြီး ပြောလိုက်သည်။

ချင်ယန်က ကမန်းကတန်း အရိုအသေ ပေးလိုက်ပြီး......

"ကျေးဇူး အများကြီး တင်ပါတယ်။ ဥက္ကဋ္ဌ ပေါင်လီ..."

ပြန်လည် မွေးဖွားလာသော ချင်ယန်က ပေါင်လီဟုန်ကို ပိုမို လေးစားသင့်ကြောင်း သိနေသည်။ ပေါင်လီဟုန်က ယခုလက်ရှိတွင် အသက် (၁၂၀) စွန်းစွန်းလေးသာ ရှိပြီး အသက် (၁၆၀) မပြည့်သေးပေ။ ထို့ကြောင့် ပေါင်လီဟုန်ကို အရိုအသေ ပေးရခြင်းက ပြဿနာ မရှိပေ။

"မိတ်ဆွေလေး.... ချင်ယန်..... ဒီအဘိုးကြီး ဘဝမှာ ပါရမီရှင် တော်တော်များများ မြင်ဖူးတယ်။

ချမ်ဂျူး ကျွန်းဆွယ် အပြင်ဘက်က နေရာ တော်တော်များများကိုလည်း လည်ပတ် ခဲ့ဖူးတယ်။ မိတ်ဆွေးလေး ချင်ယန်လောက် ပါရမီ ပါတဲ့ လူမျိုးကို ဒီအဘိုးကြီး မတွေ့ခဲ့ဖူးဘူး။ အနာဂါတ်မှာ မိတ်ဆွေလေး ချင်ယန်က ဆေးဘုရင်နဲ့ အဆောင်ဘုရင် ဖြစ်လာမယ်လို့ ဒီအဘိုကြီးက ယုံကြည် နေမိတယ်.....”

ပေါင်လီဟုန်က ခံစားချက် ပြည့်နှက်နေသော လေသံနှင့် ပြောလိုက်သည်။

"ဥက္ကဌ ပေါင်လီရဲ့ ကောင်းမွန်သော နမိတ် စကားအတွက် ကျေးဇူးတင်ပါတယ်...."

ချင်ယန်က ပြန်ပြောလိုက်သည်။

ပေါင်လီဟုန်က လက်ခါပြလိုက်ပြီး........

"အဘိုးကြီးက ဘယ်တော့မှ မြောက် မပြောတတ်ဘူး. မင်းအသက် အရွယ်တုန်းက ဒီအဘိုးကြီးက သခင် အဆင့်မှာပဲ ရှိသေးတယ်။ အခုဆို မင်းက အဆင့် (၅) ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်နေပြီ။ ဆေးတာအိုနဲ့ စည်းတံဆိပ် တာအို နှစ်ထပ်ကွမ်း ကြီးမြတ်သော

မဟာသခင် တစ်ယောက်နော်...။ ဒီအဘိုးကြီးထက် အများကြီး သာလွန်ပါတယ်..."

"သွားကြမယ်...."

ရှောင်ဝမ်ချန်က ထပ်ပြီး သည်းမခံနိုင်တော့ဘဲ တင်းမာစွာ ပြောလိုက်သည်။

ပေါင်လီဟုန်က စကား အများကြီး ပြောနေသည်။ ဒါက သူ့ကို ရိပ်ပါးဆောင်းပါး သတိပေးနေခြင်းသာ ဖြစ်သည်။

ထို့ကြောင့် ရှောင်ဝမ်ချန်က ထိုနေရာတွင် ဆက်နေချင်စိတ် မရှိတော့ပေ။

အကယ်၍ ရှောင်မိသားစုမှ တန်ခိုးရှင်များက ချင်ယန်တို့ အဖွဲ့ကို စောင့်ဖမ်းလိုက်မည် ဆိုပါက ပျားအုံကို တုတ်နဲ့ ထိုးလိုက်သလို ဖြစ်သွားလိမ့်မည်။

ယခင်က ပေါင်လီဟုန်ကို ဂုဏ်ပြုရန် တွေးခဲ့သလို ကြီးမြတ်သော ဆေးမဟာသခင် အသစ်ကို ဂုဏ်ပြုရန်လည်း တွေးထားခဲ့သည်။

သို့သော် ကြီးမြတ်သော ဆေးမဟာသခင် အသစ်က ချင်ယန် ဖြစ်နေသဖြင့် ပါးစပ်ထဲ ယင်ကောင် ဝင်သွားသလို ခံစားရပြီး မည်သို့မှ အဆင် မပြေတော့ချေ။

## အခန်း(၂၃၀) - သေသေချာချာ သုံးသပ်လိုက်မှ လွဲချော်သွားခြင်း....

ရှောင်ဝမ်ချန်တို့ ထွက်သွားသည်ကို ထုံးစံအတိုင်း ချင်ယန်ကလည်း သတိထားမိပြီး ရင်ထဲမှ အပူလုံးကြီး ပြုတ်ကျသွားသည်။

'ရှောင်မိသားစုက ဒီလောက်များတဲ့ တန်ခိုးရှင်တွေနဲ့ တကယ် ရောက်လာတာပဲ...'

သူက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ကို အချိန်မီ ရောက်လာပြီး ကြီးမြတ်သော ဆေးမဟာသခင် အကဲဖြတ်မှုကို အောင်မြင် သွားသည်မှာ ကံကောင်း လွန်းနေသည်။ ထိုကဲ့သို့ မဟုတ်ပါက ကြီးမားသော ဘေးဒုက္ခကြီး တွေ့ကြုံ ရလိမ့်မည်။

ငွေရောင် ဝံပုလွေ ဘုရင်က အဆင့် (၆) ယွမ်ဒန်နယ်ပယ်တွင် ရှိနေလျှင်ပင် ရှောင်မိသားစုမှ တန်ခိုးရှင်များကို ခုခံ တိုက်ခိုက်ရန် မဖြစ်နိုင်သေးပေ။

သူတို့လက်ထဲတွင် ရတနာ ပစ္စည်းကောင်းများ ရှိနိုင်သေးသည်။

ချင်ယန် ကိုယ်တိုင်က ထွက်ပြေး လွတ်မြောက်ရန် သေချာသော်လည်း ရှောင်ကျူဝမ်နှင့် အခြားသူများက ထွက်ပြေး လွတ်မြောက်ကြမည် မဟုတ်ပေ။

"ချင်ယန်၊ ပြီးခဲ့တဲ့ နာရီဝက်လောက်တုန်းက ရှောင်မိသားစုက တန်ခိုးရှင်တွေ ငါတို့ဆီ အသံပို့လွှတ်ပြီး သွေးခွဲ ခဲ့သေးတယ်။ ဒါနဲ့ စကားမစပ် ရှောင်မိသားစုရဲ့ တန်ခိုးရှင်က အဆင့် (၆)

ယွမ်ဒန် နယ်ပယ်အဆင့် ရှုံးနဂါး ဒီဘက် ရောက်နေပြီလို့ ပြောသွားသေးတယ်...”

ရှောင်ကျူဝမ်က အသံပို့လွှတ်ပြီး ပြောလိုက်သည်။

ချင်ယန်၏ မျက်လုံး သူငယ်အိမ်က အနည်းငယ် ကျုံ့ဝင်သွား၏။ အကယ်၍ အဆင့် (၆) ရှုံးနဂါးသာ တိုက်ပွဲ ဝင်ပါလာမည် ဆိုပါက သူတို့က သေချာပေါက် ပြိုင်ဘက် မဟုတ်တော့ပေ။

ငွေရောင် ဝံပုလွေဘုရင် ဘုရင်၏ ခွန်အားက ရှောင်မိသားစုမှ အဆင့် (၆) ရှုံးနဂါးထက်

အားနည်းခြင်း မရှိသော်လည်း အခြား နတ်ဆိုးသားရဲ သုံးကောင်က ရှောင်မိသားစုမှ တန်ခိုးရှင်များနှင့် ပြိုင်ဘက် မဟုတ်ပေ။ ထိုအခါ မည်ကဲ့သို့ တိုက်ခိုက် ကြမည်နည်း.......

ထို့အပြင် ရှောင်မိသားစုဘက်မှ ကူညီလာမည့် အခြား တန်ခိုးရှင်များလည်း ရှိကောင်း ရှိနေနိုင်သေးသည်။

"ချင်ယန်၊ ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက်က ငါတို့ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ကနေ မဟာသခင် မျှော်စင်တစ်ခုကို

ရွေးချယ်နိုင်တယ်။ ချင်ယန် စိတ်ဝင်စား မလားလို့ သိချင်မိတယ်...”

ပေါင်လီဟုန်က ပြုံးပြီး မေးလိုက်သည်။

မဟာသခင် မျှော်စင်ကို ရွေးချယ်ခြင်းက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ထဲ ပါဝင်သည်ဟု အဓိပ္ပါယ် ရသည်။

ချင်ယန်က ခဏမျှ စဉ်းစားပြီးနောက်.......

"ဥက္ကဋ္ဌပေါင်လီ၊ ဒါက ကျွန်တော်အတွက် ဂုဏ်ယူစရာပါ။ ဒါပေမဲ့ ကျွန်တော်က ဒီနေရာမှာ အချိန်အကြာကြီး နေနိုင်မှာ မဟုတ်ဘူး....."

ပေါင်လီဟုန်က ပြုံးလိုက်ပြီး....

"မိတ်ဆွေလေး ချင်ယန်၊ မင်းက ငယ်သေးတယ်။ ပြီးတော့ မင်းအတွက် လောကကြီးက အကန့်အသတ် မရှိဘူးဆိုတာ ငါ သိပါတယ်။ အပြည့်အဝလည်း နားလည် ပေးနိုင်တယ်။ မဟာသခင် မျှော်စင်သာ ရွေးလိုက်ပါ။ သုံးနှစ်၊ ငါးနှစ်လောက် မပြန်လာလည်း

ဒီဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့က မင်းကို ကန့်သတ်ထားမှာ မဟုတ်ပါဘူး....”

ဆေးသန့်စင် လမ်းညွှန်မှု အဖွဲ့တွင် ရှိသော ကြီးမြတ်သော ဆေး မဟာသခင်တိုင်းက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ထဲတွင် ရှိနေကြခြင်း မဟုတ်ပေ။ အချို့က နှစ်အနည်းငယ် ကြာအောင် အပြင် ထွက်နေကြပြီး အချို့က နှစ်ပေါင်း အတော် ကြာသည့်တိုင်အောင် ပြန် မလာကြသေးပေ။

ဒါက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့အတွက် ပြဿနာ မဟုတ်ပေ။ မဟာသခင် မျှောစင်တစ်ခု ရွေးပြီး အပြင်ထွက်သွားလျှင်ပင် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့၏ အဖွဲ့ဝင် တစ်ယောက် ဖြစ်နေအုံးမည်။ ဒါက အင်အားစု တစ်ခုလည်း ဖြစ်သည်။

အကယ်၍ ထို ကြီးမြတ်သော မဟာသခင်က အဆင့်တက်ပြီး ဆေးဘုရင် တစ်ယောက် ဖြစ်လာပါက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု

အဖွဲ့အတွက် ကောင်းမွန်သော အရာတစ်ခုသာ ဖြစ်သည်။

အမှန်ပင်... ပေါင်လီဟုန်က ကိုယ်တိုင်ကလည်း ထိုမျှ တစ်ကိုယ်ကောင်းဆန်ခြင်း မရှိပေ။ အကယ်၍ တစ်စုံတစ်ယောက်က ဆေးဘုရင် ဖြစ်လာပြီး သူ့ထက် ပိုသင့်တော်ပါက ဥက္ကဋ္ဌ ရာထူးကို ပြဿနာ မရှိစေဘဲ အေးအေးဆေးဆေး စွန့်လွှတ် ပေးလိုက်မည်သာ.......

"ဥက္ကဋ္ဌ ပေါင်လီ၊ ဒီလိုဆိုရင် ကျွန်တော် အားမနာတော့ဘူး...."

ချင်ယန်က ပြုံးပြီး ပြောလိုက်သည်။

ချမ်ဂျူးမြို့ ဘက်ခြမ်းတွင် ချင်ယန်တို့ အဖွဲ့အတွက် ခြေကုတ်နေရာ မရှိဘဲ တည်းခိုခန်းတွင် တစ်ချိန်လုံး နေလည်း ပြဿနာ မရှိပေ။

သို့သော် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ထဲတွင် နေထိုင်ခြင်းက တည်းခိုခန်းတွင် နေထိုင်ခြင်းထက် အများကြီး လုံခြုံမှု ရှိနေသည်။

"ကြိုဆိုပါတယ်ကွာ... ဒါက မင်းနဲ့ ထိုက်တန်တဲ့ အရာပဲ...."

ပေါင်လီဟုန်လီက ရယ်မောလိုက်ပြီး.....

“မိတ်ဆွေလေး ချင်ယန်၊ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့က ကြီးမြတ်သော မဟာသခင် ဖြစ်လာလို့ ဂုဏ်ပြုပွဲ လုပ်ပေးရမလား....”

ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်လာခြင်း အထိမ်းအမှတ် အနေဖြင့် ညှော်သည့်များကို ညှော်ခံပြီး အလှူပေါင်းစုံမှ ဂုဏ်ပြုစကား ပေးပို့ခြင်းက ပုံမှန် ဖြစ်ရိုးဖြစ်စဉ် ကိစ္စ တစ်ခုသာ ဖြစ်သည်။

"ဥက္ကဌပေါင်လီ၊ ဒီကိစ္စတော့ ထားလိုက်ပါ...။ ငါ့အတွက် ဒီကဏ္ဍက သိပ် အရေးမကြီးဘူး...."

"ပြီးတော့ ချမ်ဂျူး မြို့ဘက်ခြမ်းမှာ ငါနဲ့ သိတဲ့လူ သိပ်မရှိဘူး။ အချိန်တန်လို့ ညွှဲ့သည် နည်းနည်းပဲ ရောက်လာရင် ပျင်းစရာ ကောင်းသွားလိမ့်မယ်..."

ပေါင်လီဟုန်က ပြုံးလိုက်ပြီး.....

"ညွှဲ့သည် ကိစ္စအတွက်တော့ စိတ်မပူနဲ့.... ငါတို့ ဆေးသန့်စင်ခြင်း လမ်းညွှန်အဖွဲ့မှာ ကြီးမြတ်သော

ဆေးမဟာခင် အသစ်တစ်ယောက် ပေါ်လာတာ ဘယ်လိုလုပ်ပြီး ညှော်သည် နည်းမှာတုန်း...”

“ဥက္ကဌပေါင်လီ၊ တကယ် မလိုအပ်လို့ပါ.....”

ပေါင်လီဟုန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး အတင်းအကျပ် ထပ် မပြောတော့ပေ။

ရှောင်မိသားစု၊ မီးနဂါး အင်ပါယာနှင့် ချင်ယန်တို့ကြားတွင် ကြီးမားသော ရန်ငြိုးကြီး ရှိနေနိုင်သည်။

ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့က ချင်ယန်အတွက် ကြီးမြတ်သော ဆေးမဟာသခင် ဖြစ်လာခြင်း အခမ်းအနား ကျင်းပပေးမည် ဆိုပါက ကောင်းကောင်းမွန်မွန် ပြီးဆုံး သွားနိုင်မည် မဟုတ်ပေ။

"မိတ်ဆွေလေး ချင်ယန်၊ မင်းအတွက် မဟာသခင် မျှော်စင်ကို လိုက်ပြပေးမယ်..."

ပေါင်လီဟုန်က ပြုံးပြီး ပြောလိုက်သည်။

"ဒါဆိုရင် ဥက္ကဋ္ဌပေါင်လီကိုပဲ ဒုက္ခ ပေးရတော့မယ်..."

…………...

"ဘာတွေ ဖြစ်နေတာလဲ….."

ရှောင်ဝမ်ချန်က ဒေါသ ပေါက်ကွဲနေပြီး…..

"ဘယ်လို စုံစမ်း နေကြတာလဲ…. ချင်ယန်မှာ ဒီလောက် အစွမ်းထက်တဲ့ ဆေးသန့်စင်ခြင်း စွမ်းရည် ရှိနေတာ ဘယ်ကောင်မှ မသိကြဘူးလား…။ မင်းတို့ ဘာလုပ် နေတာလဲ…."

"ချင်ယန်၊ ဒီကိုလာတဲ့ ကိစ္စက တမင်သက်သက် အချိန်ဆွဲနေတာလို့ ဘယ် မအေလ ပါးစကပ် ပြောခဲ့တာလဲ...."

"ဒီအဘိုးကြီးက ပေါင်လီဟုန် ရှေ့မှာ လူရှင်တော် သွားလုပ်ခဲ့သလို ခံစားရတယ်...."

ရှောင်ဝမ်ချန်သည် ပေါင်လီဟုန် ရှေ့တွင် ပြောခဲ့သည့် အကြောင်းကို ပြန်တွေးမိပြီး ဒေါသထွက်ကာ သွေးအန်ချင်လာသည်။

ပေါင်လီဟုန် သဘောတူ လက်ခံလာစေရန် ယောက်ျားကြီးတန်မဲ့ ချင်ယန် မကောင်းကြောင်းကို

လျှာရိုးမရှိ ထိုင်ပြောခဲ့ရသည်။ ချင်ယန်က ဆေးမသန့်စင် တတ်သည့်အကြောင်း အမြှုပ်ထွက်မတတ် ပြောခဲ့သည်။ ယခုအချိန် ပြန်တွေးကြည့်သော အခါ ကိုယ်နှင့် မတည့်သည့် လူတစ်ယောက် အကြောင်းကို မိန်းမကြီး တစ်ယောက်ကဲ့သို့ အတင်းတုပ်နေသလို ဖြစ်နေခဲ့သည်။

ရလဒ်လား......

မျက်စိတစ်မှိတ် အတွင်းမှာပင် ချင်ယန်က ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့၏

ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက် ဖြစ်လာခဲ့ပြီ။

ဒီမျက်နှာ မည်သည့်နေရာ သွားထား ရမည်နည်း.....

"ဒုတိယ ခေါင်းဆောင်၊ ချင်ယန်က ဒီစွမ်းရည်နဲ့ ပက်သက်ပြီး အမြဲတမ်း ဖုံးကွယ်ထားလို့ လုံးဝ မထင်လိုက်မိတာပါ....."

"ဒုတိယ ခေါင်းဆောင်၊ ချင်ယန်က စည်းတံဆိပ် နယ်ပယ်မှာ ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်နေလို့ ဆေးသန့်စင်တဲ့ နေရာမှာ

အရမ်း အစွမ်းထက်မယ်လို့ လုံးဝ မတွေးလိုက်မိတာပါ....”

“ဟုတ်ပါတယ်... ဒုတိယ ခေါင်းဆောင်...... ချင်ယန်က မဖုံးကွယ်ထားရင်တောင် သူက ဆေးသန့်စင် တတ်ပါတယ်လို့ ဘယ်သူ့ကို ပြောပြမှာလဲ...။ ပြီးတော့ ဆေးသန့်စင်တဲ့ နေရာမှာ အရမ်း အစွမ်း ထက်နေသေးတယ်. ဒါကို ဘယ်သူမှ ယုံကြမှာ မဟုတ်ဘူး.....”

ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်များသည် ရှောင်မိသားစု အတွင်းတွင် သူတို့ အဆင့်အတန်း

မနိမ့်ကျသွားစေချင် သဖြင့် အကြောက်အလန့် မရှိ ပြန် ပြောနေကြသည်။

ရှောင်ဝမ်ချန်သည် ကြိတ်မနိုင် ခဲမရ ဒေါသ ထွက်နေသော်လည်း မည်ကဲ့သို့ ပြဿနာ ရှာရမှန်း မသိ ဖြစ်နေသည်။ နောက်ဆုံးတွင် သူ့ဒေါသကို မြှားဦးလှည့်လိုက်ပြီး....

"အိမ်ရှေ့ မင်းသားကျို၊ တန်ပင်ဂျီ၊ မင်းတို့က ချင်ယန်နဲ့ ပြဿနာ တက်နေတာ တော်တော်လေး ကြာနေပြီ။ ဒီအကြောင်းလေးတောင် မသိဘူးလား..."

ရှောင်ဝမ်ချန်က ကျိုရှောင်ဖန်နှင့် တန်ပင်ဂျီတို့ကို ကြည့်လိုက်သောအခါ ရှောင်မိသားစုမှ တန်ခိုးရှင်များကလည်း အကြည့်စိမ်းများနှင့် ကြည့်နေကြသည်။

အမှန်တကယ်ဆို ကျိုရှောင်ဖန်နှင့် တန်ပင်ဂျီတို့လည်း ဒေါသ ထွက်နေကြသည်။

ကျိုရှောင်ဖန်က တန်ပင်ဂျီကို ထပ် ကြည့်လိုက်သည်။

တန်ပင်ဂျီက မချိပြုံး ပြုံးလိုက်ပြီး.....

"ချင်ယန်က ဒီကိစ္စကို နက်နက်ရှိုင်းရှိုင်း ဖုံးကွယ်ထားတာ။ ဆေးနယ်ပယ်က သူ့အစွမ်းကို တစ်ခါမှ ထုတ်မပြဖူးဘူး..."

"တန်ထန် အင်ပါယာမှာ ဒီအကြောင်း သိတဲ့လူတွေ ရှိကောင်း ရှိနိုင်ပေမဲ့ ဘယ်သူမှ ထုတ်မပြောခဲ့ဖူးဘူး...."

ထိုအချိန်သို့ ရောက်ခါမှ တန်ပင်ဂျီသည် ဖန်ယန် လေလံပွဲတွင် မင်မိသားစု ရောင်းချခဲ့သည့် ရုပ်လှဆေးလုံး ဆယ်လုံး အကြောင်းကို ပြန် တွေးလိုက်မိသည်။ ထိုဆေးလုံးများက အဆင့် (၅)

အခြား ကြီးမြတ်သော မဟာသခင် လက်ထဲမှ ဆင်းသက်လာခြင်း မဟုတ်ဘဲ ချင်ယန် လက်ထဲမှ ဆင်းသက်လာခြင်းသာ ဖြစ်လိမ့်မည်။

ထို့အပြင် ချင်ယန်နှင့် မင် မိသားစုက ဆက်ဆံရေး ကောင်းမွန်ကြသည်။

"တောက်စ်.......။ မအလ မိသားစု...."

တန်ပင်ဂျီက စိတ်ထဲမှ ကြိတ် ဆဲလိုက်သည်။ အကယ်၍ ထိုအချိန် ကတည်းက ချင်ယန်က ကြီးမြတ်သော ဆေးမဟာသခင် ဖြစ်နေပြီ ဆိုလျှင်

ဖုံးကွယ်ထားခြင်းက တကယ် အံ့အောစရာ ကောင်းလွန်းနေသည်။

“ငါတို့ မီးနဂါး အင်ပါယာကလည်း ချင်ယန်ကို ကိုင်တွယ်ခဲ့ပြီးပြီ...... မင်းတို့ ရှောင်မိသားစုက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ဒါဇင် ကျော်ကလည်း ချင်ယန်နောက် လိုက်နေတယ်။ ချင်ယန်ဘက်က ငါတို့ကို အမုန်း မရှိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား....”

“ချင်ယန်က အခုမှ ငယ်ငယ်လေးပဲ ရှိသေးတယ်။ ဒါတောင် ဆေးတာအိုရော၊

စည်းတံဆိပ် တာအိုမှာပါ ကြီးမြတ်သော မဟာသခင် ဖြစ်နေပြီ။ အချိန်တန်လို့ ချမ်ဂျူး အကယ်ဒမီရဲ့ အထက်တန်း နည်းပြတစ်ယောက် ဖြစ်သွားရင် သူ့အလေးချိန်က နည်းတော့မှာ မဟုတ်ဘူး…”

ရှောင်ဝမ်ချန်က လေးနက်သော လေသံနှင့်……

“အိမ်ရှေ့မင်းသား ကျို၊ တန်ပင်ဂျီ၊ အခု ဒီအဘိုးကြီးက ချင်ယန်ရဲ့ ကျင့်ကြံခြင်းအဆင့်ကို သိပြီ ထင်တယ်….”

ကြီးမြတ်သော ဆေးမဟာသခင် အဆင့်မှ ဆေးဘုရင် ဖြစ်လာစေရန် အာဒိကပ္ပ စိတ်ဝိညာဉ်နှင့် ယွမ်ဟိုင်နယ်ပယ် ကျင့်ကြံခြင်းအဆင့် လိုအပ်သည်။

တန်ပင်ဂျီက မျက်မှောင် ကြုတ်လိုက်ပြီး.....

"စီနီယာ ရှောင်၊ ဒီအကြောင်းတော့ ငါ မသိဘူး။ ငါ သိသလောက်တော့ ချင်ယန်ရဲ့ ကျင့်ကြံခြင်းအဆင့်က မြန်မြန် ဆန်ဆန် တိုးတက်လာတယ်။ လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်က ချီစုဆောင်းခြင်း အဆင့်ပဲ ရှိသေးတယ်။ ဘယ်လောက်ပဲ မြန်မြန်ဆန်ဆန် တိုးတက်ပါစေ

အများဆုံးမှ မူလ အစစ်အမှန် နယ်ပယ်ပဲ ရှိလိမ့်မယ်...”

ကျိုရောင်ဖန်က....

“တစ်နှစ်ခွဲဆိုတဲ့ အချိန်က အရမ်းနည်းလွန်းလို့ ချီစုဆောင်းခြင်း အဆင့်ကနေ ယွမ်ဟိုင်နယ်ပယ် ရောက်နေဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး...”

“တကယ်လို့ သူသာ အရမ်း မြန်နေမယ်ဆိုရင် ငါတို့ စိတ်ပူစရာ မလိုတော့ဘူး။ သူက ချီစုဆောင်းခြင်း အဆင့်ကနေ ယွမ်ဟူ နယ်ပယ်ကို မြန်မြန်ဆန်ဆန် တက်လာမယ်ဆို သူ့ ကျင့်ကြံခြင်း

လမ်းစဉ်ကို သူကိုယ်တိုင် ဖျက်ဆီးပစ်လိုက်ပြီ။ ယွမ်ဟိုင်နယ်ပယ်က သူ့ရဲ့ အဆုံးသတ်ပဲ....”

ရှောင်ဝမ်ချန်နှင့် အခြားလူများက ခေါင်းညိတ်လိုက်ကြသည်။

ဒါကလည်း အမှန်ပင်။

အကယ်၍ အလွန် လျှင်မြန်စွာ အဆင့်တက်လာခဲ့ပါက ကျင့်ကြံခြင်း အခြေခံကို လုံလုံလောက်လောက် မစုစည်းနိုင်သဖြင့် အခြေခံအုတ်မြစ်က အလွန် အားနည်း သွားလိမ့်မည်။

ထို အခြေအနေတွင် ချင်ယန်က ယွမ်ဟူနယ်ပယ် အဆင့် (၉) ဖြစ်နေလျှင်ပင် အသုံး မဝင်တော့ချေ။

"အိမ်ရှေ့ မင်းသားကျို၊ မင်းတို့ မီးနဂါး အင်ပါယာရဲ့ ခွန်အားက ငါတို့ ရှောင်မိသားစုရဲ့ ခွန်အားနဲ့ မညီမျှသေးဘူး..... မင်းတို့ မီးနဂါး အင်ပါယာက နောက်ထပ် တန်ခိုးရှင်တွေ ထပ်ခေါ်ပါအုံး...."

ရှောင်ဝမ်ချန်က ပြောလိုက်သည်။

ကျိုရှောင်ဖန်က လေးနက်သော လေသံနှင့်.....

"စီနီယာရှောင်၊ စိတ်မပူပါနဲ့..... ငါ့ရဲ့ ဖခမည်းတော်ဆီ သတင်းပို့ပြီးပြီ။ ဖခမည်းတော်က စီစဉ်စရာ ရှိတာကို စီစဉ် ပါလိမ့်မယ်..."

## အခန်း(၂၃၁) - အေး ခါးပြ....

"ခေါင်းဆောင်..."

ရန်စန်းက ထောင်ကွမ်မ်ယွီထံ ပြန်ရောက်နေသည်။

ထောင်ကွမ်ယွီက ရန်စန်းကို ဇဝေဇဝါ အကြည့်များနှင့် ကြည့်လိုက်ပြီး.....

"ရန်စန်း.. မင်းကို ချင်ယန်နောက် လိုက်ကြည့် ခိုင်းထားတယ်လေ..... ဘာပြန်လာ လုပ်တာလဲ..."

"ခေါင်းဆောင်၊ ဒီလိုလုပ်ဖို့ အခု မလိုအပ်တော့မှာပဲ ကြောက်မိတယ်...။ ချင်ယန်က ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့နဲ့ လက်တွဲပြီး အခုဆို ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက် ဖြစ်လာပါပြီ။ သူတို့အဖွဲ့က မဟာသခင် မျှော်စင်ထဲမှာ နေ နေလို့ ဆက်စောင့်ကြည့်လည်း အခွင့်အလမ်း မရှိတော့ဘူး....."

ရန်စန်း၏ အဖြေကြောင့် ထောင်ကွမ်ယွီ၏ မျက်နှာပေါ်တွင် အံ့အားသင့် သွားသော အမူအရာများ ပေါ်လာသည်။

“ချင်ယန်က ကြီးမြတ်သော ဆေးမဟာသခင် ဖြစ်သွားပြီ ဟုတ်လား..”

“ဟုတ်ပါတယ်။ ခေါင်းဆောင်….. ပြီးခဲ့တဲ့ သုံးနာရီလောက်မှာ ချင်ယန်က ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ဆီသွားပြီး အကဲဖြတ်မှု လုပ်ခဲ့တယ်။ ရှောင်မိသားစုက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ဒါဇင်ကျော်ကလည်း လိုက်ဖမ်းကြတယ်။ အိမ်ရှေ့မင်းသား ကျိုလည်း ရှိနေတယ်။ သူတို့က ဥက္ကဋ္ဌ ပေါင်လီကို သွားရှာတယ်။ ငါက သူတို့ အောင်မြင်မှာပဲလို့

ခန့်မှန်းလိုက်တဲ့ အချိန်မှာ ချင်ယန်က ကြီးမြတ်သော ဆေးမဟာသခင် ထ ဖြစ်သွားတာပဲ။ ချင်ယန်က ကြီးမြတ်သော ဆေးမဟာသခင် ဖြစ်သွားလို့ ရှောင်မိသားစုရဲ့ ကျော်ကြားမှုကလည်း သုံးလို့ မရတော့ဘူး....”

ရန်စန်း၏စကား ပြီးဆုံး သွားသောအခါ ထောင်ကွမ်ယို၏ မျက်နှာ အမူအရာက သုန်မှုန် နေသည်။ ချင်ယန်က ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက် ဖြစ်လာပြီး မဟာသခင် မျှော်စင်တွင် နေထိုင် နေသဖြင့်

လှုပ်ရှားရန် မလွယ်ကူတော့ချေ။ ယခုအခါ ရန်စန်း လှုပ်ရှားရန် အမှန်တကယ် မလိုအပ်တော့ချေ။

ချင်ယန်ကို ဖမ်းပြီး သတ်ဖြတ်လိုက်သည်နှင့် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့က သည်းခံတော့မည် မဟုတ်ပေ။

ချင်ယန်ကို အောင်အောင်မြင်မြင် သတ်နိုင်ခဲ့လျှင်ပင် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့က ရေဆုံးကုန်ဆုံး လိုက်လံစုံစမ်းမည် ဖြစ်သဖြင့် သေချာပေါက် သဲလွန်စ ရှာတွေ့

သွားလိမ့်မည်။ ထိုအခါ သူ့အတွက်လည်း လွယ်ကူတော့မည် မဟုတ်ပေ။

ပေါင်လီဟုန်၏ လွှမ်းမိုးမှုက အားမနည်းသည့် အပြင် အခြား လက်ထောက် နန်းတော်မှူး နှစ်ယောက်ကလည်း သစ်သား ရုပ်ထုများ မဟုတ်ပေ။ အခွင့်အရေး ရသည်နှင့် သူ့ကို သေချာပေါက် ချောက်တွန်း ကြလိမ့်မည်။

"ခေါင်းဆောင်.... ချင်ယန်ကို ဘာဆက်လုပ်....."

ထောင်ကွမ်ယွီက ပေါ့ပေါ့ပါးပါး အမူအရာနှင့်...

"ဝေ့ကျင့်ဝူကို အကြောင်းကြားလိုက်.... ဒီကောင် သွားပြီး တောင်းပန်လိမ့်မယ်။ ချင်ယန်က ဒီအဘိုးအိုကို မျက်နှာသာပေးပြီး ရန်လိုမှုကနေ ခင်မင်မှုအဖြစ် ပြောင်းလဲ ပစ်နိုင်မယ်လို့ ယုံကြည်တယ်....."

"ဟုတ်ကဲ့ပါ.... ခေါင်းဆောင်...."

ဝေ့ကျင့်ဝူက ထိုသတင်း ရရှိရန် အချိန် သိပ် မကြာလိုက်ပေ။ သူ့မျက်နှာက ဖင်ထဲ လက်ညှိုး ထိုးထည့် ခံလိုက်ရသလို ရှုံ့မဲ့နေသည်။

ရန်စန်းက ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

"အကြီးအကဲဝေ့၊ အထက်လူကြီးရဲ့ သဘောထားကတော့ အခုချိန်မှာ ချင်ယန်ကို ပြဿနာရှာဖို့ မသင့်တော်ဘူး... နားလည်လား..."

"ဟုတ်...."

ဝေ့ကျင့်ဝူက အီလည်လည် အမူအရာနှင့် ခေါင်းလိုက် ပြလိုက်သောအခါ နောက်ထပ် အခိုက်အတန့်တွင် ရန်စန်း ပျောက်ကွယ်သွားသည်။

ထို မြင်ကွင်းမျိုးကို တစ်ကြိမ်ထက် မြင်ဖူးသော်လည်း ဝေ့ကျင့်ဝူက တုန်လှုပ်နေဆဲ ဖြစ်နေသေးသည်။ အကယ်၍ ရန်စန်းက သူ့ကို

သတ်ချင်သည် ဆိုပါက သေသွားလျှင်ပင် မည်ကဲ့သို့ သေသွားမှန်း သိလိုက်မည် မဟုတ်ချေ။

........

ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့၊ မဟာသခင် မျှော်စင် အမှတ် (၉).......

ချင်ယန်တို့ (၉) ယောက်အဖွဲ့ မဟာသခင် မျှော်စင်တွင် နေထိုင်ခြင်းက အသေးအမွှား ကိစ္စလေး တစ်ခုသာ ဖြစ်သည်။ မဟာသခင် မျှော်စင်တစ်ခုလုံး လုံးဝ လူလွတ် သကဲ့သို့ ဖြစ်နေသေးသည်။

ကျန်သည့် ကြီးမြတ်သော မဟာသခင်များက အကြွမ်းဖျင်းအားဖြင့် မဟာသခင် အချို့ကို တပည့်အဖြစ် လက်ခံကြပြီး အသက်ကြီး ကြသဖြင့် မျိုးဆက်များစွာ ရှိတတ်ကြသည်။

"ကြီးမြတ်သော မဟာသခင် ချင်ကို နှုတ်ဆက်ပါတယ်။ တကယ်လို့ နောင်တစ်ချိန်မှာ အကူအညီ လိုရင် စကားတစ်ခွန်းသာ ပြောလိုက်ပါ...."

ချင်ယန်က အခြား ဧည့်သည်တစ်ဖွဲ့ကို ပို့ဆောင် နှုတ်ဆက်နေသည်။

နာရီ အနည်းငယ် အတွင်းမှာပင် ချင်ယန် နှုတ်ဆက်ခဲ့သော အဖွဲ့က (၁၂) ဖွဲ့ ကျော်နေပြီ ဖြစ်သည်။

ချင်ယန်၊ ရှောင်မိသားစုနှင့် မီးနဂါး အင်ပါယာတို့ကြားတွင် ရန်ငြိုး ရှိကြောင်း သိကြသော်လည်း ဆေးသန့်စင်ခြင်း အဖွဲ့မှ လူတော်တော်များများက ချင်ယန်ကို ချီးကျူး ဂုဏ်ပြုခဲ့ကြသည်။ အကယ်၍ နောင်တစ်ချိန်တွင် ချင်ယန်ထံမှ အကူအညီ တောင်းလာမည် ဆိုပါက ပျော်ပျော်ပါးပါးကြီး ကူညီ ပေးကြအံ့းမည်သာ.....

သို့သော် ချင်ယန်က ရှောင်မိသားစုကို ကိုင်တွယ်ရန် အကူအညီ တောင်းခြင်း၊ မီးနဂါး အင်ပါယာကို ကိုင်တွယ်ရန် အကူအညီ တောင်းခံခြင်း ပြုလုပ်လိုက်မည် ဆိုပါက ထင်ယောင်ထင်မှား ဖြစ်နေခြင်းသာ ဖြစ်သွားလိမ့်မည်။

ချင်ယန်က ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ထဲ ဝင်ခဲ့ရသည့် အကြောင်းအရင်းကို ကောင်းကောင်း သိနေသည်။ ယခုလက်ရှိ အချိန်တွင် ရှောင်မိသားစုနှင့် မီးနဂါး အင်ပါယာက

ကိုင်တွယ် ဖြေရှင်းနိုင်မည် မဟုတ်သော်လည်း လုံးဝ လက်လျှော့သွားပြီဟု မဆိုလိုပေ။

ချင်ယန်က ကောက်ကျစ် စဉ်းလဲသော ကိစ္စများကို မကိုင်တွယ် နိုင်သရွေ့ အချိန်ကြာလာသည်နှင့် အမျှ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့နှင့် လက်တွဲထားသည့် ချင်ယန်၏ ဂုဏ်သတင်းက ကျဆင်း လာလိမ့်မည်။ ထိုအခါ ရှောင်မိသားစုနှင့် မီးနဂါး အင်ပါယာက ချင်ယန်ကို သတ်လိုက်လျှင်ပင် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့မှ တန်ခိုးရှင်များက မီးနဂါး အင်ပါယာနှင့်

ရှောင်မိသားစုကို တကယ် တုံ့ပြန်ရန် မဖြစ်နိုင်တော့ပေ။

.....

"သူဌေး၊ နောက်ထပ် ဧည့်သည် တစ်ယောက် ရောက်နေတယ်....."

"ချမ်ဂျူး အကယ်ဒမီက အကြီးအကဲ ဝေ့ကျင့်ဝူပါ...."

ကျွမ်းစစ် သတင်းပို့လိုက်သည့် အချိန်တွင် ချင်ယန်၏ မျက်လုံးများက တောက်ပလာသည်။

"ဝင်ခွင့် ပေးလိုက်..."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ဝေ့ကျင့်ဝူနှင့် သောက်ဖော် သောက်ဖက် အပေါင်းအသင်း နှစ်ယောက်က သခင် မျှော်စင် အမှတ် (၉) သို့ ဝင်လာကြပြီး သူတို့လက်ထဲတွင် လက်ဆောင် ပစ္စည်းများစွာ ပါလာကြသည်။

"မိတ်ဆွေ ဟောင်းတွေပဲ. လာကြပါ ... ထိုင်ကြပါ..."

ချင်ယန်၏ စကားကြောင့် ဝေ့ကျင့်ဝူ အနည်းငယ် မျက်နှာ ပျက်သွားသည်။

ဝေ့ကျင်ဝူက ချောင်းတစ်ချက် ဆိုးလိုက်ပြီး...

“မဟာသခင်ချင်၊ အကြောင်းပြချက် တချို့ကြောင့် လွဲမှားတဲ့ ကိစ္စတွေ လုပ်ခဲ့ဖူးပါတယ်။ ကံကောင်းတာက မဟာသခင်ချင်ကို ကြီးကြီးမားမား ထိခိုက်အောင် မလုပ်ခဲ့မိတာပဲ.... ဒီလိုမှမဟုတ်ရင် ငါတို့ ချမ်ဂျူး ကျွန်းဆွယ်ရဲ့ အနာဂါတ် ပျောက်ဆုံး သွားလိမ့်မယ်...”

"မဟာသခင်ချင်... အရင်က ငါလုပ်ခဲ့သမျှက ငါ့ရဲ့ မိုက်မဲမှုပါ။ မဟာသခင်ချင်က ကြီးမြတ်သော မဟာသခင် ဖြစ်လာတယ်ဆိုတာကို ခေါင်းဆောင် ထောင်က သိသွားတာနဲ့ ငါ့ကို ခေါ်ပြီး ပြင်းပြင်းထန်ထန် အပြစ်ပေးခဲ့ပါတယ်။ ပြီးတော့ ငါ့ကိုလွှတ်ပြီး ကြီးမြတ်သော မဟာသခင်ချင်ကို ချက်ချင်း တောင်းပန် ခိုင်းလိုက်ပါတယ်။ တကယ်လို့ ကြီးမြတ်သော မဟာသခင်ချင်ဆီက နားလည်မှု မရရင် ငါ ဘယ်တော့မှ မပြန်တော့ဘူး...."

ထို့နောက် ဝေ့ကျင့်ဝူက ခါးညွတ်၍ အရိုအသေ ပေးလိုက်သည်။

ချင်ယန်က သူ့ကို ဗိုးနှင့် ပစ်ပေါက်ပြီး သေလုနီးပါး ဖြစ်အောင် လုပ်ခဲ့သည့် ဝေ့ကျင့်ဝူကို ပြုံးပြုံးလေး စိုက်ကြည့်နေသည်။

ထို့အပြင် သူတို့ကို သတ်ဖြတ်ရန် သွေးဘုရင်တို့ အဖွဲ့ကိုလည်း စီစဉ် ခဲ့သေးသည်။

ချမ်ဂျူး မြို့ဘက်တွင်လည်း ဝေ့ကျင့်ဝူက လှည့်ကွက်တစ်ခု လုပ်ခဲ့၍သာ ထိုကဲ့သို့ မဟုတ်ပါက

ယခုအချိန်ဆိုလျှင် ချမ်ဂျူး အကယ်ဒမီထဲ ဝင်နေလောက်ပြီ ဖြစ်သည်။

အမှန်ပင်၊ ယခုလက်ရှိတွင် ဝေ့ကျင့်ဝူက သူ့ကို လာတောင်းပန် နေသဖြင့် သတ်ပစ်ရန် မဖြစ်နိုင်ပေ။

ဝေ့ကျင့်ဝူက အတွင်းနန်းတော်၌ အကြီးအကဲ ဖြစ်နေသည့် အချက်ကို မဆိုထားနှင့် လက်ထောက် နန်းတော်မှူး ထောင်ကွမ်ယွီက လွှတ်လိုက်ခြင်းလည်း ဖြစ်နေသေးသည်။

အပေါ်ယံတွင် ထောင်ကွမ်ယွီက သူ့ကို ပြဿနာမရှာရုံနှင့် ထောင်ကွမ်ယွီကို မျက်နှာသာပေးရမည်လော.....

တစ်မိနစ်....

နှစ်မိနစ်.....

ငါးမိနစ် ကြာသွားသည်။

ချင်ယန်က စကား မပြောသေးပေ။

ဝေ့ကျင့်ဝူက စိတ်ထဲမှ ပြင်းပြင်းထန်ထန် အော်ဆဲ နေသော်လည်း ဆက်လက်၍ ခါးညွန့်ကာ ခေါင်းငုံ့ ထားသေးသည်။

“မဟာသခင် ချင်ယန်….”

“အော်.. အေး….”

ချင်ယန်က ယခုမှ တုံ့ပြန်ရန် သတိရသွားပုံ ရပြီး….

“အကြီးအကဲဝေ့၊ မြန်မြန် ထလေ…။ တောင်းပန်ပါတယ် အကြီးအကဲဝေ့၊ ငါ အရင်က

အဖြစ်အပျက်တွေ ပြန်တွေးမိပြီး လိပ်ပြာလွင့်မတတ် ကြောက်သွားလို့ပါ.....”

“မမှားပါဘူး... မမှားပါဘူး.....”

ဝေ့ကျင့်ဝူက ပြုံးလိုက်ပြီး......

“မဟာသခင် ချင်ယန်၊ ဒီထဲမှာ ငါ့ရဲ့ တောင်းပန်တဲ့ လက်ဆောင် တစ်ခုပါတယ်။ ပြီးတော့ သခင်ထောင်ကလည်း လက်ဆောင်တစ်ခု ထည့်ပေး လိုက်ပါတယ်။ သခင်ထောင်က အခုလက်ရှိ ချမ်ဂျူး အကယ်ဒမီမှာ အရမ်း အလုပ်ရှုပ်နေလို့ လူကိုယ်တိုင် မလာနိုင်တဲ့

အကြောင်းကို တောင်းပန် ခိုင်းလိုက်ပါတယ်။ ဒီကိစ္စနဲ့ ပက်သက်ပြီး မဟာသခင်ချင်က စိတ်ထဲ မထားဖို့ မျှော်လင့်ပါတယ်.....”

ချင်ယန်က ပြုံးပြီး ခေါင်းခါလိုက်ကာ......

“ဒါပေါ့ ငါ စိတ်မဆိုးပါဘူး။ ဒါနဲ့ စကားမစပ်။ အကြီးအကဲဝေ့ အရင်က ငါ့ကို ဗုံးနဲ့ ပစ်ပေါက်ခဲ့တယ် မဟုတ်လား။ အစွမ်းက ရှိန်လောက်စရာပဲ။ ငါက သုတေသန လုပ်ချင်လို့ အဲ့ ပစ္စည်း နည်းနည်းလေးလောက် လိုချင်တယ်။ အကြီးအကဲဝေ့ ကူညီပေးနိုင်မလား မသိဘူးနော်....”

ဝေ့ကျင့်ဝူက ချင်ယန်ကို ပစ်ပေါက်ခဲ့သော ဗုံးက ဖောက်ခွဲရေး ပစ္စည်းများနှင့် ပြုလုပ်ထားခြင်း ဖြစ်သည်။ ဆေးပညာ အဂ္ဂိရတ် ပညာနှင့် ဆက်စပ်နေသဖြင့် ချင်ယန်လည်း ပြုလုပ်နိုင်သည်။ သူ ပြုလုပ်လိုက်လျှင် ဗုံးများက စွမ်းအားများ မြင့်တက်လာပြီး ပို၍ပင် ကြောက်စရာ ကောင်းသွားအုံးမည်။

သို့သော် ထိုအထဲမှ ပစ္စည်းအချို့က ငွေရှိတိုင်း ဝယ်ယူ၍ မရပေ။

ယခုလက်ရှိတွင် ချင်ယန်က ကြီးမြတ်သော မဟာသခင် ဖြစ်နေလျှင်ပင် ပစ္စည်း ဝယ်ချင်ပါက အနည်းငယ်မျှသာ ဝယ်ယူနိုင်သည်။

"ဒါပေါ့ ပြဿနာ မရှိပါဘူး။ မဟာသခင်ချင်ယန်က ဘာလိုတာလဲ မသိဘူးနော်....."

ဝေ့ကျင့်ဝူက ချမ်ဂျူး အကယ်ဒမီ လက်ထောက် နန်းတော်မှူး ထောင်ကွမ်ယွီ၏ လက်အောက် ငယ်သား တစ်ယောက်အနေဖြင့် သဘောတူလိုက်ခြင်း ဖြစ်သည်။ ထောင်ကွမ်ယွီ၏

အဆက်အသွယ်နှင့် အမြောက်အများ ဝယ်ယူနိုင်သည်။

ချင်ယန် လက်ထဲတွင် စာရင်းတစ်ခု ပေါ်လာသည်။

ဝေ့ကျင့်ဝူက ပစ္စည်းစာရင်းကို သေသေချာချာ ကြည့်နေရင်း မျက်လုံး ပြူးထွက်လာသည်။ ပစ္စည်းစာရင်းထဲတွင် အရေအတွက်နှင့် ဈေးနှုန်း ပါသော်လည်း ဈေးနှုန်းက ဈေးကွက် ပေါက်ဈေး၏ သုံးဆယ် ရာခိုင်နှုန်းပင် မပြည့်ချေ။

ထို့အပြင် အရေးအတွက်ကလည်း အံ့အောစရာ ကောင်းလွန်းလှသည်။

ဝေ့ကျင့်ဝူ စကား ပြန်ပြောသည်ကို မစောင့်တော့ဘဲ ချင်ယန်က ရိုးသားသော လေသံလေးနှင့်.....

"အကြီးအကဲဝေ့ ၊ ငါက မင်းရဲ့ အထောက်အထားနဲ့ အဆင့်အတန်းကို အသုံးပြုချင်တယ်။ မင်းရဲ့ ချည်းကပ်မှုနဲ့ဆိုရင် စျေးသက်သာမှာ သေချာတယ်။ အကြီးအကဲဝေ့ အားမနာ တော့ဘူးနော်။ အကြီးအကဲဝေ့သာ

ဒီပစ္စည်းတွေကို ကူညီပြီး ဝယ်ပေးရင် အရင်က အဖြစ်အပျက်တွေကို ငါလည်း မေ့သွားမယ် ထင်တယ်…”

“ငါလည်း ပါးစပ်ပိတ်နေမယ်. ချမ်ဟိုင်နဲ့ တခြားလူတွေကိုလည်း ပေါက်ကရ စကားတွေ မပြောခိုင်းတော့ဘူး။ ဒီလို ပြိုင်ဆိုင်မှု ပြင်းထန်နေတဲ့ အချိန်မှာ စီနီယာ ထောင်အတွက် မကောင်းဘူးလေ.. ဟုတ်တယ် မဟုတ်လား….. အခုလက်ရှိ အချိန်က စီနီယာ ထောင်အတွက် အရမ်း

အရေးကြီးနေတယ်ဆိုတာ ကောင်းကောင်း သိပါတယ်.....”

ဝေ့ကျင့်ဝူက အံကြိတ်ပြီး လက်ခံလိုက်ရသည်။ သူ ဝယ်ပါက ဈေးကွက် ပေါက်ဈေးထက် သက်သာသည် ဆိုသော်လည်း ပေါက်ဈေး (၃၀) ရာခိုင်နှုန်းထက် နည်းပါးရန် မည်သို့မှ မဖြစ်နိုင်ပေ။

ကွာခြားသော ထိုဈေးနှုန်း ပမာဏအတွက် သူ့ရှိသမျှ စည်းစိမ်းများကို ထုတ်ရောင်းပြီး စိုက်ပေးရမည်ကို ဝေ့ကျင့်ဝူ သိနေသည်။

ဒါသည် ချင်ယန်က သက်သက်မဲ့ ခြိမ်းခြောက်ပြီး ဂုတ်သွေးစုပ်ခြင်းပင်.....

ပေါ်တင် ဓါးပြတိုက်ခြင်းသာ....

ချင်ယန်က လက်ဖက်ရည် သောက်ရင်း ခပ်ပြုံးပြုံး အမူအရာနှင့် ဝေ့ကျင့်ဝူကို စိုက်ကြည့်နေသည်။ ဝေ့ကျင့်ဝူက ရှိသမျှ ပစ္စည်းအားလုံး ထုတ်ရောင်းလျှင်ပင် လိုအပ်သော ငွေပမာဏကို မပြည့်နိုင်သဖြင့် ချေးငှား ရလိမ့်မည်။

ထိုကဲ့သို့ မဟုတ်ပါက ဝေ့ကျင့်ဝူဘက်မှ စည်းဖောက်သလို ဖြစ်သွားပြီး ထောင်ကွမ်ယွီအပေါ် သက်ရောက်မှု ရှိလာမည်မှာ အသေအချာပင်။

“ရတယ်…”

ထောင်ကွမ်ယွီက သူ့ကို ဒီနေရာအား စေလွှတ်ခဲ့ခြင်း ဖြစ်သဖြင့် သူ့ဘက်မှ နှောက်ဆုတ်၍ မရတော့ပေ ။ အံကြိတ်၍ လက်ခံရုံသာ ရှိတော့သည်။

ချင်ယန်၏ အကွက်က ရက်စက်သော်လည်း ဝေ့ကျင့်ဝူက သည်းခံနိုင်သေးသည်။

သည်းမခံနိုင်တော့ရော.......

## အခန်း(၂၃၂) - ဗုံးများ ထုတ်လုပ်ခြင်း..

"လူယုတ်မာလေး.... အခုတော့ မင်းကို မသတ်နိုင်သေးဘူး ဒါပေမဲ့ အခွင့်အရေး ဆိုတာ အမြဲတမ်း ရှိတယ်။ ကြည့်နေ..... သေတာထက် ပိုဆိုးအောင် လုပ်ပြမယ်...."

ဝေ့ကျင့်ဝူက စိတ်ထဲမှ ကျိန်ဆိုလိုက်သည်။

ဝေ့ကျင့်ဝူက ချမ်ဂျူး အကယ်ဒမီ၏ အကြီးအကဲ ဖြစ်သလို ယွမ်ဟူနယ်ပယ် အဆင့် (၉) တန်ခိုးရှင်

ဖြစ်နေသဖြင့် ဘဏ္ဍာရေး အရင်းအမြစ်က အားနည်းခြင်း မရှိပေ။ သို့သော် ချင်ယန်၏ တောင်းဆိုမှုက သူ့ အသည်းနှလုံး၊ သူ့ကလီစာ ရှိရှိသမျှ အရာအားလုံးကို နာကျသွားင်စေသည်။ ခပ်ရိုင်းရိုင်း ပြောရမည် ဆိုလျှင် ဆီမစွပ်ဘဲ ..... အချ ခံလိုက်ရသလို ခံစားရသည်။

"ခေါင်းဆောင်က ချင်ယန်ကို လျစ်လျူရှုထားမှာ မဟုတ်ပါဘူး...."

ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့မှ ထွက်လာသည်နှင့် ဝေ့ကျင့်ဝူ၏ အပေါင်းအသင်းက တိုးတိုးလေး ရေရွတ်လိုက်သည်။

ဝေ့ကျင့်ဝူက ပြန်မဖြေဘဲ အေးစက်စွာ နှာခေါင်း တစ်ချက် ရှုံ့လိုက်သည်။ သူက ယခုကဲ့သို့ ခံလာရလျှင်ပင် ယခုလက်ရှိ အချိန်တွင် ထောင်ကွမ်ယွီက မည်သည့်အရာ လုပ်ပေးမည်နည်း.....

ထောင်ကွမ်ယီက ဘာဖြစ်လို့ သူ့ကို လွှတ်လိုက်တာလဲ.......

ချင်ယန်က ပေါက်ကရ စကားများ ပြောလိုက်မည်ကို စိတ်မပူဘူးလား....

ယခုအခါ ချင်ယန်က နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် ဖြစ်လာပြီ ဖြစ်သဖြင့် သူ့စကားက အနည်းငယ် အလေးချိန် တိုးလာသည်။

ထောင်ကွမ်ယွီက ချင်ယန်၏ အဓိပ္ပါယ် မရှိသော စကားများကြောင့် သူ၏ နန်းတော်မှူး နေရာ ပြိုင်ဆိုင်မှုအပေါ် မထိခိုက်စေချင်ပေ။

ထောင်ကွမ်ယွီက ဝေ့ကျင့်ဝူကို စေလွှတ်လိုက်ပြီ ဖြစ်သောကြောင့် ဝေ့ကျင့်ဝူက ချင်ယန်၏

ပါးစပ်ပေါက်ကို မပိတ်၊ ပိတ်အောင် လုပ်ရတော့မည်။

အကယ်၍ ဝေ့ကျင့်ဝူသာ ဒီကိစ္စကို ကောင်းကောင်း မကိုင်တွယ်နိုင်ခဲ့ပါက ထောင်ကွမ်ယွီ၏ စိတ်ထဲတွင် ဝေ့ကျင့်ဝူ၏ အဆင့်အတန်းက လျှော့ကျသွားပြီး ထုံးစံအတိုင်း အပယ်ခံ တစ်ကောင် ဖြစ်သွားနိုင်သည်။

ချင်ယန်၏ ယခုလက်ရှိ အဆင့်အတန်းကြောင့် ဝေ့ကျင့်ဝူက ထောင်ကွမ်ယွီ၏ အပယ်ခံ လူတစ်ယောက် အဖြစ် မခံရပေ။ ထိုကဲ့သို့

မဟုတ်ပါက ချမ်ဂျူး အကယ်ဒမီ၏ အတွင်းနန်းတော် အကြီးအကဲ ရာထူးကို ထိန်းသိမ်းနိုင်တော့မည် မဟုတ်သလို ချမ်ဂျူး အကယ်ဒမီမှ အထုတ်ခံရတာမျိုးလည်း ဖြစ်သွားနိုင်သည်။

ထိုသို့ဆိုလျှင် ချင်ယန်က သူ့ကို ပျော်ပျော်ကြီး လာသတ် သွားလိမ့်မည်။

မဟာသခင် မျှော်စင်ထဲတွင် ချင်ယန်က စိတ်ထဲ အူမြူးနေပြီး မျက်နှာ အမူအရာက ခပ်ပြုံးပြုံး ဖြစ်နေသည်။။

ပစ္စည်းဈေးနှုန်းက ပေါက်ဈေး၏ (၃၀) ရာခိုင်နှုန်း မပြည့်အောင် သက်သာနေသဖြင့် ငွေအများကြီး ချွေတာ နိုင်ခဲ့သည်။

ပိုအရေးကြီးသည့် အချက်မှာ ဝေ့ကျင့်ဝူက ထိုပစ္စည်းများကို ဝယ်ယူနိုင်သည်။ ပစ္စည်းများ ရလာပါက ပေါက်ကွဲစွမ်းနှင့် ဖျက်ဆီးနိုင်စွမ်း အားကောင်းသော ဗုံးများကို ပြုလုပ်ရမည်။

ချင်ယန်၏ အဂ္ဂိရတ် ပညာက ဆေးပညာနှင့် စည်းတံဆိပ် ပညာလောက် မကောင်းမွန်သော်လည်း

ချင်ယန်၏ ယခုလက်ရှိ ခွန်အားဖြင့် အဆင့် (၅) ဖုံးများ ပြုလုပ်ရန် အခက်အခဲ မရှိပေ။

ထို့အပြင် ဖုံးများ၏ အရည်အသွေးက ဝေ့ကျင့်ဝူ၏ ခန့်မှန်းချက်ထက် အများကြီး ပိုမြင့်နေအုံးမည်။

အဂ္ဂိရတ် ပညာရှင်များက ဖုံးများ ထုတ်လုပ်ရာတွင် အောင်မြင်မှု ရာခိုင်နှုန်း များသည် ဆိုသော်လည်း အဆင့် (၅) ဖုံးများ၏ အောင်မြင်မှု ရာခိုင်နှုန်းက မမြင့်မားပေ။

ချင်ယန်အတွက် အခြေခံအားဖြင့် ကျရှုံးမှု မဖြစ်နိုင်ချေ။

'အဲ့ ပစ္စည်းတွေနဲ့ဆို၊ အဆင့် (၅) မိုး အလုံးခြောက်ဆယ်လောက် ထုတ်ဖို့ ပြဿနာ မရှိနိုင်ဘူး'

ချင်ယန်က စိတ်ထဲမှ တိုးတိုးလေး ရေရွတ်လိုက်သည်။

အဆင့် (၅) မိုးများတွင်လည်း ပေါက်ကွဲနိုင်စွမ်း ကွဲပြား ခြားနားကြသည်။ ယခင်က ဝေ့ကျင့်ဝူ ချင်ယန်ကို ပစ်ပေါက်ခဲ့သည့် မိုး၏ ပေါက်ကွဲမှု

စွမ်းအားကိုပင် သာမန်ဟု ယူဆနိုင်သည်။ အကယ်၍ ချင်ယန်က အမျိုးအစားတူသည့် ပစ္စည်းများကို ချိန်ညှိလိုက်လျှင်ပင် ပေါက်ကွဲနိုင်စွမ်းက အနည်းဆုံး တစ်ဝက်ခန့် ပိုမို အားကောင်းလာလိမ့်မည်။

ထိုမှ ပေါက်ကွဲ စွမ်းအား ပြင်းထန်သွားပါက ဗုံးတစ်လုံးကပင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များအတွက် ကြီးမားသော ခြိမ်းခြောက်မှု ဖြစ်လာနိုင်သည်။ တစ်ကြိမ်ပစ် သုံး၊ လေးလုံးခန့် အတွဲလိုက် ပစ်ပေါက်လိုက်မည် ဆိုပါက

ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) တန်ခိုးရှင် တစ်ယောက်အတွက်ပင် ခြိမ်းခြောက်မှု ဖြစ်သွားနိုင်သည်။

အကယ်၍ ဗုံး (၁၀) လုံး၊ (၁၂) လုံးခန့် တစ်ခါတည်း ပစ်ပေါက်လိုက်မည် ဆိုလျှင် ယွမ်ဒန် နယ်ပယ် တန်ခိုးရှင်ကိုပင် သတ်ဖြတ်ရန် ဖြစ်နိုင်သေးသည်။

ရှောင်မိသားစု၊ မီးနဂါး အင်ပါယာနှင့် ထောင်ကွမ်ယွီ တို့၏ ခြိမ်းခြောက်မှုကို

ပေါင်းစပ်လိုက်ပါက နတ်ဆိုးထိန်း လက်စွပ် တစ်မျိုးတည်းနှင့် ဘေး မကင်းတော့ပေ။

ထို့အပြင် ငွေရောင် ဝံပုလွေ ဘုရင်က မနာခံချင်ဘဲ ဂျစ်ကန်ကန် ဖြစ်ချင် နေသေးသည်။

လက်ထဲတွင် ဗုံးများ ရှိနေမည် ဆိုပါက နတ်ဆိုးထိန်း လက်စွပ်ထဲမှ နတ်ဆိုးသားရဲများက နာခံမှု ရှိကိုရှိရလိမ့်မည်။ ထို့ကဲ့သို့ မဟုတ်ပါက နတ်ဆိုးထိန်း လက်စွပ်ထဲ ဗုံးများ ပစ်ထည့်လိုက်လျှင် နတ်ဆိုးသားရဲ အားလုံး သေဆုံး သွားလိမ့်မည်။

“ချင်ယန်၊ အစွမ်းထက်တဲ့ အဆောင် မပါဘဲနဲ့ ဗုံးတစ်လုံးကို ဘယ်လို လုပ်မှာလဲ....”

ရှောင်ကျူဝမ်က အနည်းငယ် စဉ်းစားမရ ဖြစ်နေသည်။

ချင်ယန်က တစ်ချက်ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

“အဆောင်မှာ မှော်ဆန်တဲ့ အကျိုးသက်ရောက်မှု ပိုရှိတယ်။ ဒါပေမဲ့ အဖျက်စွမ်းအား သီးသန့်ပဲ ပြောမယ်ဆိုရင် အဂ္ဂိရိတ်သခင်တွေ လုပ်တဲ့ဗုံးက ပို ကြောက်စရာ ကောင်းတယ်။ ပြီးတော့

အင်္ဂလိပ်သခင်တွေ လုပ်တဲ့ဗုံးက ပစ္စည်း လိုအပ်ချက်ပိုများပေမဲ့ စွမ်းအင် ကုန်ဆုံးမှု နည်းတယ်..”

“အင်း…”

ရှောင်ကျူဝမ်က ခေါင်းညိတ်လိုက်သည်။

ယခုလက်ရှိတွင် ချင်ယန်၏ စိတ်အခြေအနေက သိပ် မကောင်းပေ။

ယခင် သွေးအပြစ် သင့်နေသည့် လူများကို မသတ်နိုင်ခင်က ချင်ယန်က ဆေးလုံးများ အများကြီး စားသုံးခဲ့သည်။

ချင်ယန်က ဆေးလုံးများကို အလွန်အကျူး စားသုံးခြင်း မရှိသော်လည်း မူရှန်းနှင့် အခြားလူများ အမြင်တွင် ချင်ယန်က များပြားသော ဆေးလုံးများကို မစားသုံးပါက အဆင့်တက် မြန်စရာ အကြောင်း မရှိပေ။ အဆင့်တက်ရန် အချိန်အများကြီး ယူရလိမ့်မည်။

.........

ဝေ့ကျင့်ဝူ၏ လှုပ်ရှားမှုက အလွန် မြန်ဆန်ခဲ့သည်။ ညနေခင်းမှာပင် ဝေ့ကျင့်ဝူက ပစ္စည်းများကို ပေး ပို့လာခဲ့သည်။

ချင်ယန်က စျေးကွက်ပေါက်စျေး၏ (၆..၅) ရာခိုင်နှုန်းနှင့် တူညီသော ငွေပမာဏကိုသာ ပြန်ပေးခဲ့သည်။

"မဟာသခင်ချင်၊ အထက်တန်း နည်းပြ စစ်ဆေးမှုမှာ မင်း အောင်မြင်ပါစေလို့ ဆုတောင်း ပေးပါတယ်။ အခုအချိန်က စပြီး ငါတို့အားလုံးက ချမ်ဂျူး အကယ်ဒမီရဲ့ အဖွဲ့ဝင်တွေ ဖြစ်သွားပြီဆိုတော့ အချိန် အတော်ကြာအောင် ပေါင်းသင်း ဆက်ဆံ နေရအုံးမှာ..."

ဝေ့ကျင့်ဝူက အေးစက်စွာ ပြောလိုက်သည်။

ချင်ယန်က ချမ်ဂျူး အကယ်ဒမီထဲ ဝင်သွားလျှင်ပင် ထောက်ကွမ်ယွီက လှုပ်ရှားရန် စိတ်ကူး ရှိနေသရွေ့ ချင်ယန် သေဆုံးနိုင်မည့် အခွင့်အရေးက များနေသေးသည်ဟု ဝေ့ကျင့်ဝူက ယုံကြည်နေသည်။

ဝေ့ကျင့်ဝူက ချင်ယန် ပေးခဲ့သည့် စာရင်းကို ထောက်ကွမ်ယွီထံ ပြန်ပြခဲ့သည်။ ထောက်ကွမ်ယွီက မကန့်ကွက်ခဲ့သော်လည်း အလွန် ဒေါသထွက်နေသည်ကို ဝေ့ကျင့်ဝူက သိနေသည်။

"ကောင်းတာပေါ့...."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြန်ပြောလိုက်သည်။

"နှုတ်ဆက်ပါတယ်.."

ဝေ့ကျင့်ဝူက ခနဲ့တဲ့တဲ့ ရယ်မောပြီး ထွက်သွားသည်။

"အချိန်တစ်ခု စောင့်ပြီး ငါ့ကို သတ်ချင်တာလား..."

"အကြံ အတူတူပဲ..."

ဝေ့ကျင်ဝူက ချင်ယန်ကို သတ်ချင်နေသလို ချင်ယန်ကလည်း ဝေ့ကျင့်ဝူကို သတ်ချင်နေသည်။

ထောင်ကွမ်ယွီကမူ သူ၏ အခြေအနေအပေါ် မူတည်သည်။ အကယ်၍ ထောက်ကွမ်ယွီက နောက်တစ်ကြိမ် ပြဿနာ ထပ်ရှာလာမည် ဆိုပါက ချင်ယန်က အားနာနေမည် မဟုတ်တော့ပေ။ ထောင်ကွမ်ယွီ ဘက်မှ ရပ်တန့်လိုက်လျှင်ပင် ချင်ယန်ကို ထောင်ကွမ်ယွီကို မသေ သေအောင် လိုက်သတ်မည်သာ....

ဖြစ်နိုင်ချေများ အရ ထောင်ကွမ်ယွီက ရပ်တန့်မည် မဟုတ်ကြောင်း ချင်ယန်က သိနေသည်။

"ကျူဝမ်၊ မဟာသခင် မျှော်စင်ကို ပိတ်ထားလိုက်တော့.. အခု လောလောဆယ် ဧည့်သည် မတွေ့သေးဘူး..."

ချင်ယန်က ထိုစကား ပြောပြီးနောက် မဟာသခင် မျှော်စင်၏ ကိုးထပ်မြောက်ကို လျင်မြန်စွာ တက်သွားကာ ဗုံးများကို စတင် ပြုလုပ်လိုက်သည်။

ချင်ယန်က အဂ္ဂိရိတ် နည်းစနစ်နှင့် ပြုလုပ် နေသောကြောင့် သန့်စင်ရန် အချိန် မပေးရဘဲ

ဗုံးများကို တစ်လုံးပြီး တစ်လုံး ပြုလုပ်နေသည်။ အသုတ်လိုက် ထုတ်လုပ် နိုင်ခဲ့သည်။

နာရီ အနည်းငယ် ကြာပြီးနောက် ချင်ယန်က ဗုံး ပထမ အသုတ်ကို အောင်မြင်စွာ ထုတ်လုပ်ခဲ့သည်။ စုစုပေါင်း ဗုံးရှစ်လုံး။

ပြည့်စုံခြင်းအဆင့် မရောက်သော်လည်း အကောင်းဆုံး အဆင့်တွင် ရှိနေသေးသည်။

ထိုစဉ် အချိန်က ချင်ယန်၏ ကောင်းကင်ဘုံ ဝါးမြို့ခြင်း သစ်ပင် ဧကရာဇ် သိုင်းဝိညာဉ်က

တန်ခိုးရှင် အမျိုးမျိုးကို မြို့ချခဲ့သဖြင့် ချင်ယန်က ကျွမ်းကျင်မှု မျိုးစုံ ရရှိခဲ့သည်။

ဒုတိယ အသုတ်တွင် ချင်ယန်က ပိုမို လက်ယဥ်လာပြီး အဆင့် (၅) ဗုံး ဆယ်လုံး ထုတ်လုပ်နိုင်ခဲ့သည်။

အချိန်က မသိလိုက်ဘဲ တစ်ညတာ ကုန်ဆုံး သွားခဲ့သည်။

ထို့နောက် နောက်တစ်ကြိမ် မွန်းတည့်လာသည်။

ချင်ယန်က ဗုံးအသုတ် ငါးသုတ် ထုတ်လုပ်ခဲ့ပြီး အဆင့် (၅) ဗုံး (၄၄) လုံး ထုတ်လုပ်နိုင်ခဲ့သည်။ နောက်ထပ် အသုတ် သုံးသုတ်တွင် တစ်ကြိမ်လျှင် ဗုံး (၁၂) လုံး နှုန်း ထုတ်လုပ် နိုင်ခဲ့သည်။

ချင်ယန်က အလွန် ပင်ပန်း နေသော်လည်း သိုလှောင် လက်စွပ်ထဲတွင် သပ်သပ်ရပ်ရပ် စီထားသည့် ဗုံးများကို မြင်ပြီး ပျော်နေသည်။

"ချမ်ဂျူးမြို့က ပိုကောင်းတယ်"

"အင်ပါယာ မြို့တော်မှာ ကတည်းက ဒီလို ပစ္စည်းမျိုး ရခဲ့မယ်ဆိုရင် တန်ထန် အင်ပါယာက ပြဿနာကို တစ်ခါတည်း အမြစ်ဖြတ်လိုက်ပြီ..."

ချင်ယန်က စိတ်ထဲမှ သက်ပြင်းချရင်း ရေရွတ်လိုက်သည်။

........

ဘုန်း.....

ချင်ယန်က ဗုံးများ ရပြီးသည်နှင့် တဆက်တည်း ကျင့်ကြံနေခဲ့သည်။ နှစ်နာရီခန့် အစွမ်းကုန်

လေ့ကျင့် နေပြီးနောက် သူ့ ခန္ဓာကိုယ်မှ ပြင်းထန်သော အော်ရာများ ပေါက်ကွဲ ထွက်လာပြီး ယွမ်ဟူနယ် အဆင့် (၆) မှ အဆင့် (၇) သို့ ရုတ်တရက် ရောက်ရှိသွားသည်။

ချင်ယန်၏ ကျင့်ကြံခြင်းအဆင့် မြင့်တက်လာသည်နှင့် နတ်ဆိုးထိန်း လက်စွပ်အပေါ် ချင်ယန်၏ ထိန်းချုပ်မှုကလည်း မြင့်တက်လာခဲ့သည်။

ယခုလက်ရှိ အချိန်၌ ငွေရောင် ဝံပုလွေဘုရင်က ယွမ်ဒန် အဆင့် (၂) တက်သွားလျှင်ပင်

နတ်ဆိုးထိန်း လက်စွပ်ထဲမှ ရုန်းထွက်ရန် မဖြစ်နိုင်တော့ပေ။ ချင်ယန်ကလည်း ရုန်းထွက်ခွင့် ပေးမည် မဟုတ်ချေ။

"ကုသိုလ်စွမ်းအား ရခဲ့ရရင်တောင် အချိန်တိုလေး အတွင်း ယွမ်ဟူနယ်ပယ် အဆင့် (၉) ကို ဖြတ်ကျော်ပြီး ယွမ်ဟိုင်နယ်ပယ် မရောက်နိုင်တာ စိတ်မကောင်း စရာပဲ...."

ချင်ယန်က စိတ်ထဲမှ တိုးတိုးလေး ရေရွတ်လိုက်သည်။

ချင်ယန်၏ ယခုလက်ရှိ အခြေအနေအရ ကုသိုလ် စွမ်းအားကို အသုံးပြုပြီး ကျင့်ကြံခြင်း အခြေခံကို စုစည်း နိုင်သေးသည်။ သို့သော် အချိန်တိုလေးအတွင်း နှစ်ခါ ဆက်တိုက် အသုံးပြုမည် ဆိုပါက ကုသိုလ် စွမ်းအား၏ ကျင့်ကြံခြင်း အခြေခံ စုစည်းနိုင်စွမ်းက သုံးဆခန့် လျော့ကျ သွားလိမ့်မည်။

ချမ်ဂျူးမြို့၏ အခြားနေရာများတွင် မရှာဖွေ ရသေးသော်လည်း ထိုထက် ပိုများသော ကုသိုလ်

စွမ်းအား ရှာတွေ့နိုင်ချေ နည်းပါးသည်ဟု ချင်ယန်က ခန့်မှန်း လိုက်မိသည်။

"အထက်တန်း နည်းပြ အကဲဖြတ်မှု ဝင်ဖြေဖို့ အချိန်တန်ပြီ...."

ချင်ယန်သည် မဟာသခင်မျှော်စင် (၉) ထပ်မြောက်မှ ဆင်းလာသောအခါ ယခုလက်ရှိတွင် ရှောင်ကျူဝမ်က အတွင်းဒဏ်ရာ ပျောက်ကင်းသွားပြီး ထပ်မံ ကျင့်ကြံရန် မလိုအပ်တော့ကြောင်း ချက်ချင်း သိလိုက်ရသည်။

"ချင်ယန်၊ အထက်တန်း နည်းပြ အကဲဖြတ်မှုက မနက်ကတည်းက စနေပြီ။ ဒီနေ့ သွားမှာလား ဒါမှမဟုတ် မနက်ဖြန်မှ သွားမှာလား...."

ရှောင်ကျူဝမ်က မေးလိုက်သည်။

"ဒီနေ့ပဲ...."

ချင်ယန်က စိတ်ထဲ ထစ်နေသော်လည်း ပြုံးပြီး ပြန်ဖြေလိုက်သည်။ သို့သော် ကြီးမြတ်သော မဟာသခင် တစ်ယောက်အနေနှင့် အထက်တန်း နည်းပြတစ်ယောက် မဖြစ်လာမည့် အရေးကို ချင်ယန်က သံသယ မရှိပေ။

"ချင်ယန်၊ နင်နဲ့အတူ လိုက်ခဲ့မယ်...."

ချင်ယန်က ခဏတ္တမျှ စဉ်းစားပြီးနောက် ခေါင်းညိတ်လိုက်သည်။

ရှန်းယုလင်းနှင့် အခြားလူများက မဟာသခင် မျှော်စင်တွင် ကျန်ခဲ့မည်ဖြစ်သဖြင့် သူတို့၏ ဘေးကင်းရေးအတွက် ပြဿနာ မရှိပေ။

ထို့ကြောင့် ရှောင်ကျူဝမ်ကို လိုက်ခွင့်ပေး၍ ရသည်။

အထက်တန်း နည်းပြ အကဲဖြတ်မှု နေရာတွင် အဆင်မပြေစရာ အကြောင်း မရှိပေ။

## အခန်း(၂၃၃) - အတားအဆီးများ..

ချမ်ဂျူး အကယ်ဒမီတွင် နည်းပြများကို အထက်တန်း နည်းပြနှင့် သာမန် နည်းပြဟူ၍ ခွဲခြားထားသည်။

သူတို့၏ခါးတွင် တံဆိပ်များ ချိတ်ဆွဲ ထားကြပြီး ငွေတံဆိပ် နည်းပြများနှင့် ရွှေတံဆိပ် နည်းပြဟူ၍ လေးစားမှုလည်း ကွာခြားကြသည်.။

နည်းပြမျှားကြားတွင် ငွေတံဆိပ် နည်းပြက နှစ်ထောင်ကျော် ရှိပြီး ရွှေတံဆိပ် နည်းပြက တစ်ရာ ပတ်လည်သာ ရှိသည်။ အရေအတွက်ကို တစ်ချက် ကြည့်ရုံဖြင့် ရွှေတံဆိပ် နည်းပြမျှားက ငွေတံဆိပ် နည်းပြမျှားထက် အဆင့်အတန်း မျှားစွာ ပိုမြင့်ကြောင်း သိနိုင်သည်။

အစွမ်းအထက်ဆုံး ရွှေတံဆိပ် နည်းပြ၏ ကျင့်ကြံခြင်းအဆင့် က ယွမ်ဒန် နယ်ပယ် ရောက်သွားပြီး သူ့ အဆင့်အတန်းက ချမ်ဂျူး

အကယ်ဒမီတွင် ဗဟို အကြီးအကဲထက် နိမ့်ကျခြင်း မရှိပေ။

ရွှေတံဆိပ် နည်းပြတိုင်းက ချမ်ဂျူး အကယ်ဒမီအတွက် အလွန် အရေးကြီးသည်။ သာမန် နည်းပြများ တစ်ယောက်၊ နှစ်ယောက်ခန့် ပြဿနာ ဖြစ်သည်ကို မဆိုထားနှင့် ရှစ်ယောက်၊ ဆယ်ယောက်ခန့် မတော်တဆ ဖြစ်သွားလျှင်ပင် ပြဿနာ ကြီးကြီးမားမား ဖြစ်လာမည် မဟုတ်ပေ။

အကယ်၍ ချင်ယန်က ရွှေတံဆိပ် နည်းပြ ဖြစ်လာပြီး ကြီးမြတ်သော ဆေးမဟာသခင်

တစ်ယောက် မဖြစ်ခဲ့လျှင် ရှောင်မိသားစုနှင့် မီးနဂါး အင်ပါယာက ကိုင်တွယ်ရဲမည် မဟုတ်တော့ပေ။ ထောင်ကွမ်ယွီ အတွက်ကလည်း သူ့ဘက်မှ ချင်ယန်ကို စတင် ကိုင်တွယ်ရန် မကောင်းမွန်တော့ပေ။ သို့သော် သာမန် နည်းပြ တစ်ယောက် ဆိုပါက ထောင်ကွမ်ယွီနှင့် အခြားလူများအတွက် ချင်ယန်ကို စတင် ကိုင်တွယ်ရန် ဆယ်ဆခန့် ပိုမို လွယ်ကူ သွားလိမ့်မည်။

"ချင်ယန်၊ ရွှေတံဆိပ် နည်းပြ ဖြစ်လာဖို့ ပြဿနာ မရှိဘူး မဟုတ်လား.."

ရှောင်ကျူဝမ်က မေးလိုက်သည်။

ချင်ယန်က မသေချာသော လေသံနှင့်....

"ပြောဖို့ ခက်တယ်...."

"ဘယ်သူမှ မကြံစည်ထားဘူး ဆိုရင်တော့ နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် တစ်ယောက်အနေနဲ့ ရွှေတံဆိပ် နည်းပြ ဖြစ်လာဖို့

လွယ်ကူတယ်။ ချမ်ဂျူး အကယ်ဒမီရဲ့ ရှေ့တံဆိပ် နည်းပြ တစ်ခါတည်း ဖြစ်လာနိုင်တယ်....”

“ဒါပေမဲ့ ထောင်ကွမ်ယွီ၊ ရှောင်မိသားစုနဲ့ မီးနဂါး အင်ပါယာက ဘယ်လို အကွက်ရွှေ့မလဲ မသိသေးဘူး....”

.......

“ခေါင်းဆောင် ထောင်.... ဒီတစ်ကြိမ် လုပ်ပေးလို့ ကျေးဇူးတင်ပါတယ်....”

ရှောင်ဝမ်ချန်က ရှောင်မိသားစု၏ နံပါတ်နှစ် ပုဂ္ဂိုလ် ဖြစ်သော်လည်း ထောင်ကွမ်ယွီ ရှေ့တွင် အမှန်တကယ် နိမ့်ချပြီး ပြောလိုက်သည်။ သူက ထောင်ကွမ်ယွီ ရှေ့တွင် အငယ်လေး တစ်ယောက်သာ ဖြစ်သည်။

ထို့အပြင် ရှောင်ဝမ်ချန်ကလည်း ချမ်ဂျူး အကယ်ဒမီမှ ကျောင်းဆင်း တစ်ယောက် ဖြစ်နေသေးသည်။

ထောင်ကွမ်ယွီက ပေါ့ပေါ့ပါးပါး လေသံနှင့်.....

"ဝမ်ချန်၊ ဒီအဘိုးကြီး လုပ်နိုင်တာက လူ အရေအတွက်ကို ဆယ်ယောက်ကနေ ငါးယောက် လျှော့ချ ပေးနိုင်တာပဲ ရှိတယ်။ ချင်ယန်ကို ရွှေတံဆိပ် နည်းပြ မဖြစ်လာအောင် တားဆီးဖို့က မင်းအပေါ်မှာပဲ မူတည်တော့တယ်။ ဒီလောက်ပဲ...."

"တကယ်လို့ ချင်ယန်က ရွှေတံဆိပ် နည်းပြ ဖြစ်သွားလို့ အချိန်တစ်ခု ရောက်ရင် မင်းတို့ဘက်က တန်ဖိုးကြီးကြီး ပေးဆပ် ရလိမ့်မယ်။ ကောင်းကောင်း လုပ်ကြပါ...."

ရှောင်ဝမ်ချန်က ပါးပါးလေး ပြုံးလိုက်ပြီး.....

"စိတ်မပူပါနဲ့.. ခေါင်းဆောင် ထောင်..."

"ချင်ယန်တို့ကို တားဆီးဖို့အတွက် ရွှေတံဆိပ် နည်းပြ နေရာအတွက်ကို လျှော့ချ ထားသလို ဒီတစ်ကြိမ်မှာ အစွမ်းထက်တဲ့ ငွေတံဆိပ် နည်းပြ တော်တော်များများကလည်း ဝင်ပါလိမ့်မယ်။ ပြီးတော့ ငွေတံဆိပ် နည်းပြတွေကလည်း ချင်ယန်ကို ပစ်မှတ် ထားနေကြတယ်။ ဆယ်နေရာ ဆိုရင်တော့ သေချာသေးမယ့် ငါးနေရာ ဆိုလို့ကတော့ သူတို့ထဲက တစ်ယောက်ယောက်က ချင်ယန်ကို သေချာပေါက် အနိုင်ယူလိမ့်မယ်...."

ထောင်ကွမ်ယွီက တစ်ချက် ခေါင်းညိတ်လိုက်သည်။

ချမ်ဂျူး အကယ်ဒမီတွင် ရွှေတံဆိပ် နည်းပြရာထူးအတွက် တိုက်ခိုက်ရေး အတန်းဆိုပါက ယွမ်ဟိုင် နယ်ပယ် ဖြစ်နေရမည် ဖြစ်ပြီး တိုက်ခိုက်ရေး အတန်း မဟုတ်ပါက ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်နေရမည်။

သာမန် နည်းပြများ၏ အလုံးစုံ ခွန်အားက နိမ့်ကျသော်လည်း သူတို့ထဲမှ အချို့က ယွမ်ဟိုင်နယ်ပယ် ရောက်နေကြသလို အချို့က

ကြီးမြတ်သော မဟာသခင်အဆင့် ရောက်နေကြပြီ ဖြစ်သည်။

အချို့ တန်ခိုးရှင်များက ငွေတံဆိပ် နည်းပြများ ဖြစ်လာပြီး နောက်ပိုင်းမှ ခွန်အားများ တိုးလာသော်လည်း ရွှေ့တံဆိပ် နည်းပြ ရာထူး ဝင်ဖြေရန် ရည်ရွယ်ချက် မရှိကြပေ။ ရွှေတံဆိပ် နည်းပြ ရာထူး၏ အကျိုးအမြတ်က သူတို့အတွက် သေးငယ်လွန်းသည်။

ပုံမှန်အတိုင်းဆိုလျှင် ထို တန်ခိုးရှင်များက ရွှေတံဆိပ် နည်းပြရာထူး ပြိုင်ပွဲထဲ ဝင်ပါကြမည်

မဟုတ်ပေ။ သာမန်နှစ်များတွင် ချင်ယန်ကဲ့သို့ ငယ်ရွယ်သည့် ကြီးမြတ်သော မဟာသခင်များ မပေါ်ခဲ့ဖူးပေ။ ထို့အပြင် ရှောင်မိသားစုက တန်ခိုးရှင် အချို့ကို လှူပ်ရှားပေးရန် မက်မောစရာ ကောင်းသော ပစ္စည်းများ ပေးအပ်ခဲ့သည်။

“လူ ဘယ်နှစ်ယောက် စီစဉ်ထားလဲ....”

ထောင်ကွမ်ယွီက ပေါ့ပေါ့ပါးပါး မေးလိုက်သည်။

ရှောင်ဝမ်ချန်က....

"တိုက်ခိုက်ရေး အတန်းမှာ (၁၆) ယောက်၊ တိုက်ခိုက်ရေး မဟုတ်ဘဲ ကြီးမြတ်သော မဟာသခင် ဘက်ခြမ်းမှာ (၇) ယောက်...."

"သူတို့ထဲက (၁၀) ယောက်ကျော်က အစောကြီး ကတည်းက ရွှေတံဆိပ် ဖြစ်လာနိုင်တဲ့ ခွန်အားမျိုး ရှိနေပြီးသား... ဒီနှစ်မှာဆို ပိုပြီးတော့တောင် အားကောင်း လာအုံးမယ်...."

"ငါးနေရာပဲ ဆိုတော့ ချင်ယန်အတွက် မျှော်လင့်ချက် မရှိလောက်ပါဘူး..."

"ချင်ယန်က အရမ်း ငယ်သေးတယ်။ ဆေးတာအိုရော၊ စည်းတံဆိပ် တာအို ဘက်မှာပါ ကြီးမြတ်သော မဟာသခင် ဖြစ်နေပြီ။ ငါတို့ ရှောင်မိသားစုက တန်ခိုးရှင်တွေကတော့ ဒီကောင် လှည့်စားထားတယ်လို့ သံသယ ရှိနေတယ်။ ဒီကောင်က ဆေး နှစ်မျိုး၊ သုံးမျိုးလောက်ပဲ သန့်စင်နိုင်ပြီးတော့ အကန့်အသတ် ရှိလိမ့်မယ်။ ဒီအဆင့်ကို အမှန်တကယ် ရောက်နေရင်တောင် အလုံးစုံ ကျွမ်းကျင်မှုက သာမန်ထက်ပဲ ပို ကောင်းလိမ့်မယ်။ ကြီးမြတ်သော

မဟာသခင်အဆင့်နဲ့ဆို အရမ်း နိမ့်ကျနေလောက်တယ်…”

ထောင်ကွမ်ယွီက ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။ သူ ကိုယ်တိုင်ကလည်း ထိုကဲ့သို့ အမြင်မျိုး ရှိနေသည်။

အမှန်တကယ်ဆို ချင်ယန်က အလွန်ငယ်ရွယ်သေးပြီး အသက် (၁၆) နှစ် ပင် မပြည့်သေးဘဲ နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား…..

အကယ်၍ ချင်ယန်သာ ငယ်စဉ် တောင်ကျေး ကလေးဘဝ ကတည်းက ကျင့်ကြံခဲ့ပြီး ကျော်ကြားသော ဆရာ တစ်ယောက်၏ လမ်းညွှန်မှုနှင့် အရင်းအမြစ်များ ရခဲ့မည်ဆိုလျှင် ထောင်ကွမ်ယွီက ယုံကြည် လိုက်အုံးမည်။

ထောင်ကွမ်ယွီက ချမ်ဂျူး ကျွန်ဆွယ် အပြင်ဘက်သို့ သွားလာခဲ့ဖူးပြီး ထိုနေရာများတွင် သူ့ထက် ပိုငယ်ရွယ်ပြီး ပိုအစွမ်းထက်သော တန်ခိုးရှင်များကို မြင်ခဲ့ဖူးသည်။

သို့သော် ချင်ယန်တွင် ထိုကဲ့သို့ အခြေအနေမျိုး မရှိပေ။

ရရှိထားသော အချက်အလက်များ အရပင် လွန်ခဲ့သော နှစ်ဝက်အတွင်းက ချင်ယန်က အမှိုက်အဖြစ် ရှိနေသေးသည်။

အကယ်၍ အစွမ်းထက်သော အမွေ ရခဲ့လျှင်ပင် တစ်နှစ်ခွဲအတွင်း နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်လာခြင်းက အကောင်းဆုံး ဖြစ်နေပြီ.....

"ခေါင်ဆောင်ထောင်၊ ချင်ယန် စာမေးပွဲကျသွားတဲ့ အချိန်ထိ စောင့်ပါ။ အချိန်တန်လို့ ချင်ယန်က ချမ်ဂျူး အကာယ်ဒမီက ပြန်ထွက်သွားတာနဲ့ အခွင့်အရေး ရှာလိုက်ပါမယ်....'

ရှောင်ဝမ်ချန်က ပြောလိုက်သည်။

ထောင်ကွမ်ယွီက ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

"ဝမ်ချန်၊ ချင်ယန်ကို ကိုင်တွယ်တဲ့ အချိန်ကျရင် ချင်ယန်လက်ထဲက မိုးကြိုးဗုံးကို သတိထား

ရလိမ့်မယ်။ ချင်ယန်က ဝေ့ကျင့်ဝူကို မိုးကြိုးဖုံး ပြုလုပ်တဲ့ ပစ္စည်းတွေ ဝယ်ပေးဖို့ တောင်းဆိုခဲ့တယ်။ ပစ္စည်း အားလုံးက အဆင့် (၅) မိုးကြိုး ဖုံးလုပ်တဲ့ ဖောက်ခွဲရေး ပစ္စည်းတွေချည်းပဲ.....”

ရှောင်ဝမ်ချန်က...

“ခေါင်းဆောင်ထောင်၊ ပစ္စည်းက ဘယ်လောက်တောင် များလို့လဲ....”

ထောင်ကွမ်ယွီက...

"ပစ္စည်းအားလုံးသာ အောင်မြင်မယ် ဆိုရင် ငါးဆယ်ကျော်လောက် ရှိမယ်။ ဒါပေမဲ့ အဆင့် (၆) အဂ္ဂိရိတ် ပညာရှင် ဆိုရင်တောင် (၅၀) ရာခိုင်နှုန်း အောင်မြင်မှု ရောက်ဖို့ ခဲယဉ်းတယ်။ အဆင့် (၆) အဂ္ဂိရိတ် ပညာရှင်ကလည်း ငါတို့ ချမ်ဂျူး ကျွန်းဆွယ်မှာ လုံးဝ မရှိဘူး..."

"အဆင့် (၅) အဂ္ဂိရိတ် ပညာရှင်က လုပ်ပေးမယ်ဆိုရင် အောင်မြင်မှု ရာခိုင်နှုန်းက တစ်၊ နှစ် ရာခိုင်နှုန်းလောက်ပဲ ရှိမယ်..."

ရှောင်ဝမ်ချန်က သက်ပြင်းချပြီးနောက် တစ်ချက် ပြုံးလိုက်ကာ......

"ခေါင်းဆောင်ထောင်၊ ဒီလိုဆိုရင် အများဆုံးမှ မိုးကြိုးဗုံး ဆယ်လုံးလောက်ပဲ ရှိလိမ့်မယ်။ လှုပ်ရှားတဲ့ အချိန်ကျရင် ရှောင်မိသားစုနဲ့ မီးနဂါး အင်ပါယာက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် အနည်းဆုံး အယောက် (၂၀) လောက် ရှိလိမ့်မယ်။ မိုးကြိုးဗုံး က နည်းနည်းတော့ ပြဿနာ ရှိနိုင်တယ်.."

"အချိန်တန်ရင် ရန်စန်းကလည်း ကူညီ ပေးလိမ့်မယ်..."

ထောင်ကွမ်ယွီက ချင်ယန် အပေါ်တွင် အလွန် စိတ်ဆိုးနေသည်။

သူက ဝေ့ကျင့်ဝူကို သွားပြီး တောင်းပန် ခိုင်းလိုက်သည်။

ထောင်ကွမ်ယွီ၏ အမြင်တွင် သူ့ အဆင့်အတန်းက ချင်ယန် မျက်နှာသာ ပေးရန် လုံလောက်သင့်သည်။

သို့သော် အမှန်တကယ် လက်တွေ့တွင် ချင်ယန်က ဝေ့ကျင့်ဝူကိုပင် ပြန် ခြိမ်းခြောက်ပြီး ငွေညှစ်လိုက်သေးသည်။

ရှောင်ဝမ်ချန်က ဝမ်းသာသွားသော လေသံနှင့်.....

"ခေါင်းဆောင်ထောင်၊ ဒီလို သာဆိုရင် ဘာပြဿနာမှ မရှိတော့ပါဘူး..."

ရန်စန်း၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဒန် နယ်ပယ် ရောက်နေပြီး လုပ်ကြံ သတ်ဖြတ်ရာတွင် အလွန် ကျွမ်းကျင်ကြောင်း ရှောင်ဝမ်ချန်က သိနေသည်။

"ချင်ယန်ကို ရှေ့တံဆိပ် နည်းပြ မဖြစ်လာအောင် အရင်ဆုံး တားပါ..."

ထိုစကား ပြောပြီးနောက် ထောင်ကွမ်ယွီက ပျောက်ကွယ် သွားသည်။

မကြာခင် ရှောင်ဝမ်ချန်ထံ လူတစ်ယောက် ရောက်လာပြီး....

"ဒုတိယ ခေါင်းဆောင်၊ ချင်ယန်က ချမ်ဂျူး အကယ်ဒမီထဲ ဝင်သွားပြီး ရှန်လင်းခန်းမကို သွားနေပါတယ်...."

ထိုတန်ခိုးရှင်က ရှောင်ဝမ်ချန်ကို သတင်း ပေးလိုက်သည်။

ရှန်လင်းခန်းမ ဆိုသည်မှာ ချမ်ဂျူး အကယ်ဒမီ၏ အကဲဖြတ် စာမေးပွဲ ပြုလုပ်သည့် အထူး ခန်းမ တစ်ခု ဖြစ်သည်။ အလွန် ကြီးမားပြီး လူငါးထောင်၊ ခြောက်ထောင်ခန့် ဆန့်သည်။

ချင်ယန်နှင့် ရှောင်ကျူဝမ်တို့ ဝင်သွားသောအခါ ရှန်လင်း ခန်းမသို့သွားသည့် လမ်းတလျှောက်တွင် လူစည်ကား နေသည်။

ရှန်လင်း ခန်းမထဲတွင် လူပေါင်း လေးထောင်၊ ငါးထောင်ခန့် စုဝေးနေကြပြီး ရာနှင့်ချီသော ငွေတံဆိပ် နည်းပြများက ရွှေတံဆိပ် နည်းပြ

ရာထူးအတွက် ယှဉ်ပြိုင် နေကြသည်။ သူတို့နှင့် ရင်းနီးသော နည်းပြများနှင့် သူတို့၏ ကျောင်းသား၊ ကျောင်းသူများကလည်း လာရောက် အားပေး နေကြသည်။ ထို့အတူ သူတို့ ဆွေးမျိုးများလည်း ရောက်ရှိ နေကြသည်။

"ကြည့်..... ချင်ယန်ဟ..."

"သူက ကြီးမြတ်သော ဆေးမဟာသခင် ဖြစ်လာတယ်လို့ ကြားတယ်။ ဒါ အမှန်ပဲလား..."

"နှစ်ထပ်ကွမ်း ကြီးမြတ်သာ မဟာသခင်ကွ။ ဒါပေမဲ့ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့နဲ့

စည်းသခင် လမ်းညွှန် အဖွဲ့ နှစ်ခု ပေါင်းလုပ်တာလည်း ဖြစ်ချင် ဖြစ်မှာပေါ့.. ဘယ်သူက သိလို့လဲ။ ကောင်းကင်ဘုံကပဲ အဖြစ်မှန်ကို သိလိမ့်မယ်....။ ဘယ်လိုပဲ ပြောပြော ဒီလိုမျိုး နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် တစ်ယောက်ကို ဖန်တီးနိုင်ရင် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့နဲ့ စည်းသခင် လမ်းညွှန်မှု အဖွဲ့ နှစ်ခုလုံး အကျိုးအမြတ် ရတာပဲ။ ချင်ယန် သေသွားတဲ့ အချိန်ကျရင် အကျိုးအမြတ်က ပိုပြီး သိသာ လာအုံးမယ်...”

“အမှန်တိုင်း ပြောရရင် ငါလည်း သံသယ ဖြစ်မိတယ်…”

“အသက် (၁၆) နှစ်တောင် မပြည့်သေးဘူး နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင်တဲ့.. ပြီးတော့ နေရာ သေးသေးလေးက လာတဲ့လူ… ကျွတ်ကျွတ် စောက်ရမ်း အံ့အောဖို့ ကောင်းတယ်”

လူအများက တိုးတိုးလေး ပြောဆိုနေကြသည်။ ယခုလက်ရှိ ရောက်ရှိနေကြသော တန်ခိုးရှင်များက ချင်ယန်တွင် ထိုကဲ့သို့ စွမ်းရည်မျိုး ရှိသည်ဟု လုံးဝ မယုံကြပေ။

ကျေးလက် ဒေသမှ တက်လာသည့် အသက် (၁၆) နှစ်ပင် မပြည့်သေးသော ကောင်လေး.....

အကယ်၍ သူသာ 'ငါက သင်္ချာပါရဂူနဲ့ ရူပဗေဒ ပါရဂူပါ' ဟု ရုတ်တရက် ထပြောလျှင် မည်သူမှ ယုံကြမည် မဟုတ်ပေ။

"ချင်ယန်၊ ကြည့်ရတာ မလွယ်လောက်ဘူး ထင်တယ်နော်..."

ရန်လိုသော အကြည့်များကို ခံစား လိုက်မိသဖြင့် ရှောင်ကျူဝမ်က အသံပို့လွှတ်ပြီး ပြောလိုက်သည်။

## အခန်း(၂၃၄) - လုပ်ကြံ ခံရခြင်း....

" အင်း.... မလွယ်လောက်ဘူး...."

ချင်ယန်က ရှန်လင်း ခန်းမထဲသို့ ဝင်လိုက်သည်နှင့် ရန်လိုသာ အကြည့်များကို ခံစားလိုက်မိသည်။ အနည်းဆုံး လူသုံးဆယ်ခန့်က သူ့ကို သတ်ပစ်ရန် ကြံရွယ်နေသည်ကို ချင်ယန် အာရုံခံမိသည်။

ရှောင်မိသားစုက ဝါရင့် ကြယ်ငါးပွင့် အင်အားစု ဖြစ်သဖြင့် ရှောင်မိသားစုမှ တန်ခိုးရှင်များစွာ ရှိနိုင်သည်။

ယခုအခါ မီးနဂါး အင်ပါယာကလည်း ကြယ်ငါးပွင့် အင်အားစု ဖြစ်လာပြီး အိမ်ရှေ့မင်းသား ကျိုးရောင်ဖန်ကလည်း ဒီနေရာတွင် ရှိနေသဖြင့် တန်ခိုးရှင်များကို စည်းရုံး ထားနိုင်သည်။

ပို၍ အရေးကြီးသည်မှာ ထောင်ကွမ်ယွီက လက်ထောက် နန်းတော်မှူး ဖြစ်နေခြင်းပင်။ ထောင်ကွမ်ယွီနှင့် ချင်ယန်တို့ ကြားတွင် ပြဿနာ

အချို့ ရှိနေသည်။ ဒါကို ထောင်ကွမ်ယွီ အဖွဲ့မှ လူများလည်း သိကြသည်။

သြဇာကြီးမားသည့် လူများက ချင်ယန်ကို သေစေချင် နေကြသည်။

"သတိထား...."

ရှောင်ကျူဝမ်က ထိတ်လန့်တကြား အော်ဟစ်လိုက်သည်။

ချင်ယန်၏ အနောက်ဘက်ခြမ်းမှ မီးခိုးရောင် အလင်းတန်း တစ်ခုကို အလွန် လျင်မြန်သော နှုန်းနှင့် ပစ်လွှတ်လိုက်သည်။

မီးခိုးရောင် အလင်းတန်း ထွက်လာသည့် အချိန်တွင် ချင်ယန်က မှုမမှန်မှုကို လုံးဝ သတိမထားခဲ့မိပေ။

ရှန်လင်းခန်းမ တစ်ခုလုံးတွင် သတ်ဖြတ်ခြင်း စိတ်ဆန္ဒများ ရှိနေသော်လည်း ချင်ယန်အား သတ်ပစ်မည့် ရည်ရွယ်ချက်ကို မည်သူမှ ထုတ်မပြကြပေ။

မီးခိုးရောင် အလင်းတန်း၏ အရှိန်က အလွန်လျင်မြန်သလို အနီးကပ်လာမည့် အချိန်အထိ အခွင့်ကောင်းယူပြီး ပစ်လွှတ် လိုက်သောကြောင့် ချင်ယန်က ယွမ်ဟူ နယ်ပယ်အဆင့် (၇) ကျင့်ကြံခြင်းအဆင့် ရှိနေလျှင်ပင် ရှောင်တိမ်းရန် မဖြစ်နိုင်တော့ချေ။

"ဖောက်...."

ရှောင်ကျူဝမ်၏ ပါးစပ်မှ သွေးအတောင့်လိုက် အန်ထွက်သွားသည်။

တိုက်ခိုက်လိုက်သည့် အချိန်တွင် ရှောင်ကျူဝမ်အတွက် စဉ်းစားချိန် မရလိုက်ပေ။ သူမက ချင်ယန်ထက် ခြေနှစ်လှမ်း နောက်ကျပြီး နောက်မှ လိုက်ပါလာခဲ့သဖြင့် သူမ ခန္ဓာကိုယ်ကို ချင်ယန်ဘက် ယိုင်ချလိုက်ပြီး သူမ ခန္ဓာကိုယ်နှင့် ပိတ်ဆို့လိုက်ခြင်းပင်။

ရှောင်ကျူဝမ်၏ ခန္ဓာကိုယ်ပေါ်တွင် ကာကွယ် ရတနာများ ဝတ်ဆင် ထားသော်လည်း ကာကွယ်ရေး ရတနာများက လုံးဝ အသက် မဝင်လာခဲ့ပေ။ မီးခိုးရောင် အလင်းတန်းက

အဆိပ်ပြင်းသော မြွေဟောက် တစ်ကောင်ကဲ့သို့ ရှောင်ကျူဝမ် ခန္ဓာကိုယ်ထဲသို့ ချက်ချင်း ဖောက်ဝင်သွားသည်။

ရှောင်ကျူဝမ်၏ ခန္ဓာကိုယ်ပေါ်တွင် မည်သည့် ဒဏ်ရာမှ မရှိသော်လည်း သူမမျက်နှာက ချက်ချင်း ဖြူဖျော့သွားသည်။

“စီနီယာ အစ်မ.....”

ရှောင်ကျူဝမ်က သူ့ဘက်သို့ ယိုင်ကျလာသဖြင့် ချင်ယန်က ချက်ချင်း ပြေး ဖမ်းလိုက်သည်။

ရှောင်ကျူဝမ်၏ မျက်နှာက သွေးရောင် လုံးဝ ကင်းမဲ့နေပြီး အသက်ဓါတ်က လျင်မြန်စွာ လျော့ကျလာသည်။

"ညှိုးနွမ်း သစ်သား သိဒ္ဓိ လက်သည်း..."

ချင်ယန်က ရှောင်ကျူဝမ်၏ အခြေအနေကို ချက်ချင်း ဆုံးဖြတ်လိုက်သည်။

ညှိုးနွမ်း သစ်သား သိဒ္ဓိလက်သည်းက အလွန် အင်မတန် ရှားပါးသော ပစ္စည်းတစ်မျိုး ဖြစ်သည်။ ၎င်းက ထောင်ပေါင်းများစွာသော သစ်ပင်

အသေများကို သန့်စင်ထားခြင်း ဖြစ်ပြီး သေဆုံးခြင်း စွမ်းအား ပါရှိသည်။

ချင်ယန်နှင့် ရှောင်ကျူဝမ်တို့ နှစ်ယောက်လုံး၏ ကိုယ်ပေါ်တွင် ကာကွယ်ရေး ရတနာများ ဝတ်ဆင်ထားသော်လည်း ချင်ယန် ဖန်တီးထားသည့် ကာကွယ်ရေး ရတနာများက သေဆုံးခြင်း စွမ်းအားကို လုံးဝ မတားဆီးနိုင်ပေ။

ကာကွယ်ရေး အပိုင်းကို အတိုင်းအတာ တစ်ခုအထိ လျစ်လျူရှုနိုင်သော အချက်က

ညှိုးနွမ်းသစ်သား သိဒ္ဓိလက်သည်း၏ ကြောက်စရာ အကောင်းဆုံး အပိုင်းပင်။

"စီနီယာ အစ်မ၊ စားလိုက်...."

ချင်ယန် လက်ထဲတွင် ဆေးလုံး တစ်လုံး ပေါ်လာပြီး ရှောင်ကျူဝမ် ပါးစပ်ထဲ အတင်း ထိုးထည့်လိုက်သည်။ ထို့နောက် ချင်ယန်၏ လက်ထဲတွင် ငွေအပ်များ ပေါ်လာပြီး ရှောင်ကျူဝမ် ခန္ဓာကိုယ်ကို လျင်မြန်စွာ ထိုးစိုက်လိုက်သည်။ စက္ကန့် အနည်းငယ် အတွင်းမှာပင် ရှောင်ကျူဝမ်

ခန္ဓာကိုယ်ပေါ်၌ ငွေအပ် တစ်ရာကျော် စိုက်ဝင်နေသည်။

သို့တိုင်အောင် ရှောင်ကျူဝမ်၏ အသက်ခွန်အား ပျောက်ဆုံးနေခြင်းကို အပြည့်အဝ တားဆီးရန် မဖြစ်နိုင်သေးပေ။ အသက်ခွန်အား ပျောက်ဆုံးနေသော အရှိန်ကိုသာ နှေးကွေးစေခဲ့သည်။

"ချင်ယန်…. သတိထား…"

ရှောင်ကျူဝမ်၏ အသံက အမှန်တကယ် အားနည်းနေပြီ…..

ချင်ယန်က လှူသတ်ချင်သော မျက်လုံးများနှင့် တိုက်ခိုက်လိုက်သည့် ဘက်သို့ မော့ကြည့်လိုက်သည်။ ထိုနေရာတွင် တိုက်ခိုက်ခဲ့သည့် လူကို ချမ်ဂျူး အကယ်ဒမီမှ တန်ခိုးရှင်များက ဝိုင်းထားပြီးသား ဖြစ်နေသည်။

“ဖမ်းလိုက်စမ်း..”

အဘိုးအို တစ်ယောက်က တင်းမာစွာ ပြောလိုက်သည်။

ထိုအဘိုးအိုက ချမ်ဂျူး အကယ်ဒမီ၏ လက်ထောက် နန်းတော်မှူး သုံးယောက်ထဲမှ တစ်ယောက် ဖြစ်သည့် ဝေ့ဝူရှန်းပင်……

ဝေ့ဝူရှန်း ဒေါသ ပေါက်ကွဲနေသည်။

ချမ်ဂျူး အကယ်ဒမီ၊ ရှန်လင်း ခန်းမထဲတွင် ရွှေတံဆိပ် နည်းပြ အကဲဖြတ်မှု ပြုလုပ်နေသည့် အချိန်၌ တိုက်ခိုက်ခဲ့သည့်လူ အမှန်တကယ် ရှိနေခဲ့သည်။

"ချင်ယန်၊ ဒီတစ်ကြိမ်၊ မင်း ရှောင်ချင် ရှောင်နေနိုင်မယ်။ နောက်တစ်ကြိမ်တော့ ရှောင်လို့ မရဘူး.."

တိုက်ခိုက်ခဲ့သည့် လူထံမှ ထူးဆန်းသော အသံတစ်ခု ထွက်ပေါ်လာပြီးနောက် ချက်ချင်း လဲကျသွားပြီး မျက်နှာပေါ်မှ လူအရေးပြားက ကြမ်းပြင်ပေါ် ချက်ချင်း ပြုတ်ကျသွားသည်။

"အေးခဲ လိုက်စမ်း.."

ချမ်ဂျူး အကယ်ဒမီမှ တန်ခိုးရှင်က ချက်ချင်း လှုပ်ရှားလိုက်သည်။ လူသတ်သမား၏ အလောင်းက

ချက်ချင်း အေးခဲ သွားသော်လည်း မျက်နှာက လုံးဝ ပျက်ယွင်းသွားပြီး ခန္ဓာကိုယ်သာ ကျန်ရစ်ခဲ့သည်။ အဆိပ်သင့်ပြီး အေးခဲနေသော အလောင်းက လျင်မြန်စွာ ပုပ်သိုးသွားမည် ဖြစ်သော်လည်း ထိုကဲ့သို့ အလောင်းများကို ရှာတွေ့ရန် မဖြစ်နိုင်ပေ။

"အသေခံ စစ်သား"

လူအများ တုန်လှုပ် သွားကြသည်။

မုန်းတီးမှု ကြီးကြီးမားမား မရှိပါက လူ အနည်းငယ်ကသာ အသေခံ စစ်သားများကို အသုံးပြု တတ်ကြသည်။

ဩဇာကြီးမားသော လူတစ်ယောက်ပင် လူသေအလောင်းကို ပျိုးထောင်ရန် မလွယ်ကူပေ။

သာမန် အသေခံ စစ်သားများကို အရေအတွက်များများ စုဆောင်းပြီး လေ့ကျင့်ပေးရန် ပိုမိုလွယ်ကူသော်လည်း အသေခံ စစ်သားများက ယွမ်ဟူနယ်ပယ်သို့သာ ရောက်ရှိနိုင်ကြသည်။

အသေခံ စစ်သားက ယွမ်ဟူနယ်ပယ်ကျင့်ကြံခြင်း အဆင့်မရှိဘဲ အားနည်းနေပါက လှုပ်ရှားလိုက်သည့် အချိန်တွင် သတ်ဖြတ်ခြင်းအော်ရာကို ဖုံးကွယ်ထားရန် မဖြစ်နိုင်ပေ။

လုပ်ကြံသတ်ဖြတ်သည့် အချိန်တွင် သတ်ဖြတ်ခြင်း အောင်ရာ မပြင်းထန်ပါက ချက်ကောင်းထိအောင် တိုက်ခိုက်နိုင်သည်။

ထိုလူက အချိန်ကောင်းကို စောင့်ဆိုင်းခဲ့သည်။ ရှန်လင်း ခန်းမထဲတွင် ချင်ယန်ကို သတ်ပစ်ချင်သည့် စိတ်ဆန္ဒများ ပြည့်နှက်နေသည်။ ထို့ကြောင့် သူ၏ ခပ်မှိန်မှိန် ထွက်နေသော သတ်ဖြတ်ခြင်း ရည်ရွယ်ချက်ကို အပြည့်အဝ ဖုံးကွယ် ထားနိုင်ခဲ့သည်။

"မဟာသခင်၊ လူသတ်သမားက ဘယ်သူပဲဖြစ်ပါစေ ငါတို့ ချမ်ဂျူး အကယ်ဒမီက အဆုံးထိ စုံစမ်း သွားပါမယ်...."

ဝေ့ဝူရှန်းက ချင်ယန်ရှေ့တွင် လေးနက်စွာ ပြောလိုက်သည်။

ချင်ယန်၏ မျက်နှာ အမူအရာက အမှန်တကယ် ပျက်ယွင်းနေပြီး......

"လက်ထောက် နန်းတော်မှူး ဝေ့၊ အသက်ရေကန်ကို ဖွင့်ပြီး စီနီယာ အစ်မကို ကျေးဇူးပြုပြီး ကယ်တင်ပေးပါ....."

"ဒါက..."

ဝေ့ဝူရှန်းက အနည်းငယ် တွေဝေနေသည်။

ချမ်ဂျူး အကယ်ဒမီတွင် ချမ်ဂျူး ကျွန်းဆွယ်တွင်ပင် လုံး၀ မရှိသော အရင်းအမြစ်များ ရှိသည်။ အသက်ရေကန်ကလည်း ထိုအထဲမှ တစ်ခု ဖြစ်သည်။ အသက်ရေကန်ထဲ ဝင်လိုက်မည် ဆိုပါက အသက်စွမ်းအားကို မြှင့်တင်ပေးနိုင်ပြီး သေခါနီး လူတစ်ယောက်ကိုပင် သက်တမ်း ဆွဲဆန့် ပေးနိုင်သည်။

သို့သော် အသက်ရေကန်ကို စိတ်ကြိုက် ဖွင့်ပေး၍ မရပေ။ ချမ်ဂျူး အကယ်ဒမီအတွက် ကြီးကြီးမားမား အကျိုးဆောင်ပေးသည့် လူများကသာလျှင် အသက် ရေကန်ထဲသို့ အချိန်အကြာကြီး ဝင်နိုင်သည်။

ချင်ယန်က လေးနက်သော လေသံနှင့်......

"လက်ထောက် နန်းတော်မှူးဝေ့၊ ဒါက ရှန်လင်း ခန်းမနော်...."

ဝေ့ဝူရှန်းက ခေါင်းညိတ်လိုက်ပြီး....

"ကောင်းပြီလေ.... ဒီအဘိုးအိုက နန်းတော်မှူးကို ချက်ချင်း တင်ပြလိုက်ပါမယ်။ အဘိုးအို ကိုယ်တိုင်ကတော့ အသက် ရေကန်ထဲ ငါးရက်လောက် ဝင်နိုင်အောင် သဘောတူ ပေးနိုင်တယ်..."

"ကျေးဇူး အများကြီး တင်ပါတယ်.."

ချင်ယန် စကား မဆုံးသေးခင် အဖြူရောင် ဝတ်ရုံရှည် ဝတ်ဆင်ထားသော အဘိုးအို တစ်ယောက်က ရှန်လင်း ခန်းမထဲတွင် ပေါ်လာသည်။ သန့်မာသော အလင်းစီးကြောင်း

တစ်ခုက သူ့ခန္ဓာကိုယ်မှ ဖြာထွက်လာပြီး ရှောင်ကျူဝမ်၏ ခန္ဓာကိုယ်ထဲ စီးဝင်သွားသည်။ ထို့နောက် ရှောင်ကျူဝမ်၏ ဝိညာဉ်များအထိ စီးဝင်သွားသည်။ ထိုအခါ ရှောင်ကျူဝမ်၏ အသက်စွမ်းအား ကုန်ဆုံးမှုနှုန်းက နောက်ထပ် တစ်ကြိမ် ထပ်မံနှေးကွေး သွားသည်။

ပေါ်လာသော အဖြူရောင် ဝတ်ရုံရှည်နှင့် အဘိုးအိုက နန်းတော်မှူး ကူချမ်ချင်း ဖြစ်သည်။ ကူချမ်ချင်းက အလင်း စွမ်းအားကို ကျင့်ကြံထားသဖြင့် ညှိုးနွမ်းသစ်သား သိဒ္ဓိ

လက်သည်းအပေါ်တွင် အလွန် ပြင်းထန်စွာ ထိန်းချုပ်နိုင်သည်။

"ဟူး...."

ကူချမ်ချင်းက ကုသပေးနေစဉ် အတွင်း ရှောင်ကျူဝမ်၏ အခြေအနေကို အာရုံစိုက် စစ်ဆေးနေခဲ့သည်။ သူ့ မျက်လုံးထဲတွင် အံ့အောသင့်သော အမူအရာများ ပေါ်လာသည်။ ချင်ယန်က အတိုင်းအတာ တစ်ခုအထိ သက်ရောက်မှု ရှိသော ဆေးတစ်မျိုးအား ရှောင်ကျူဝမ်ကို တိုက်ကျွေးခဲ့သည်။ ထို့အပြင် ရှောင်ကျူဝမ် ကိုယ်ပေါ်

ထိုးစိုက်ခဲ့သော အပ်များနှင့် ပေါင်းစပ်လိုက်ပါက အကျိုးသက်ရောက်မှု အလွန် ကောင်းမွန်သွားသည်။

အကယ်၍ ချင်ယန်၏ လုပ်ဆောင်မှုသာ မရှိထားပါက သူ လှုပ်ရှားခဲ့လျှင်ပင် ညှိုးနွမ်းသစ်သား သိဒ္ဓိလက်သည်း အပေါ် ထိန်းချုပ်နိုင်စွမ်းက ဤမျှ အားကောင်းမည် မဟုတ်ကြောင်း ကူချမ်ချင်း သိနေသည်။

“အသက်ရေကန်ထဲ ချက်ချင်း ပို့လိုက်....”

“ငါတို့ ချမ်ဂျူး အကယ်ဒမီထဲမှာ ဖြစ်လာတဲ့ ပြဿနာက ငါတို့ ချမ်ဂျူး အကယ်ဒမီရဲ့ တာဝန်ပဲ....”

ခဏအကြာ ကူချမ်ချင်းက စကားကို ရပ်တန့်လိုက်သည်။

ရှောင်ကျူဝမ်၏ အသက် စွမ်းအားက ကုန်ဆုံးသွားသော်လည်း အခြေခံအားဖြင့် ထပ်မံ မကုန်ဆုံးတော့ပေ။ ရှောင်ကျူဝမ်က အသက် ရေကန်ထဲ ရက်ပိုင်းခန့် ဝင်ရောက်ပြီးနောက် အသက်စွမ်းအား လျှင်လျှင်မြန်မြန် ပြန်လည်

ဖြည့်တင်းနိုင်မည့်အပြင် အကျိုးအမြတ် အချို့ပါ ရနိုင်သေးသည်။

"ကျေးဇူး အများကြီး တင်ပါတယ်။ နန်တော်မှူး.."

ချင်ယန်က အရိုအသေ ပေးလိုက်သည်။

ကူချမ်ချင်းဘေးတွင် အမျိုးသမီး တစ်ယောက် ပေါ်လာသည်။ ထို အမျိုးသမီး၏ ကျင့်ကြံခြင်းအဆင့်က ယွမ်ဒန် နယ်ပယ် ရှိနေပြီး ရှောင်ကျူဝမ်နှင့် အတူ ချက်ချင်း ပျောက်ကွယ် သွားသည်။

ကူချမ်ချင်းက ချင်ယန်ကို ကြည့်လိုက်ပြီး....

"မဟာသခင်ချင်၊ အသေခံစစ်သား ပေါ်လာတဲ့ ကိစ္စကို တကယ် တောင်းပန်ပါတယ်။ ဒါ ငါတို့ ချမ်ဂျူး အကယ်ဒမီရဲ့ ပေါ့ဆမှုပဲ.."

"ဒီကိစ္စကို ငါတို့ ချမ်ဂျူး အကယ်ဒမီက သေသေချာချာ စုံစမ်းမယ်..."

ကူချမ်ချင်းက လေးလေးနက်နက် ပြောလိုက်သည်။ သူလည်း အလွန် စိတ်တိုနေသည်။

ယခုနေ့ကဲ့သို့ အချိန်အခါ သမယမျိုးက ချမ်ဂျူး အကယ်ဒမီအတွက် ကြီးမြတ်သော နေ့တစ်ရက် ဖြစ်သည်။ ထိုကဲ့ အချိန်မျိုးတွင် ချင်ယန်ကို လုပ်ကြံရန် အသေခံ စစ်သား တစ်ယောက် စေလွှတ်ခဲ့သည်။

ဒါသည် ချမ်ဂျူး အကယ်ဒမီကို မျက်လုံးထဲ မထားရှိသာမက ကူချမ်ချင်းကို ပါးဖြတ် ရိုက်လိုက်ခြင်းသာ ဖြစ်သည်။

"ကျေးဇူး အများကြီး တင်ပါတယ်။ နန်းတော်မှူး.."

ချင်ယန်၏ မျက်နှာ အမူအရာက ပို၍ပင် ရုပ်ဆိုးနေသည်။

အကယ်၍ ရှောင်ကျူဝမ်သာ ဝင်မခံခဲ့ပါက ညိုးနွမ်းသစ်သား သိဒ္ဓိလက်သည်းက သူ့ကို ထိမှန် သွားလိမ့်မည်။ သူ့ ခန္ဓာကိုယ်ပေါ်တွင် ကာကွယ်ရေး ရတနာများ ဝတ်ဆင်ထားသော်လည်း ညိုးနွမ်းသစ်သား သိဒ္ဓိလက်သည်းကို မကာကွယ်နိုင်ပေ။

အကယ်၍ ချင်ယန်ကို ထိမှန်သွားပါက ကိုယ့်ကိုယ်ကိုယ် ကုသရန် အဆင်မပြေတော့ချေ။

ထိုအခါ သူ၏ အသက်စွမ်းအား ကုန်ဆုံးမှုက ရှောင်ကျူဝမ်ထက်ပင် ကုန်လွန် သွားလိမ့်မည်။

ချမ်ဂျူး အကယ်ဒမီက အသက်ရေကန် ဖွင့်ပေးလျှင်ပင် အသက်သွင်းရန် ရက်နည်းငယ် လိုအပ်သေးသည်။ ထိုအခါ သူ ပြန်မလာ နိုင်တော့ဘူးဟု ခန့်မှန်းရသည်။

အသက်စွမ်းအားက လွန်လွန်ကျူးကျူး ကုန်ဆုံး သွားပါက ကြီးမားသော အကျိုးသက်ရောက်မှု ဖြစ်သွားလိမ့်မည်။

"မဟာသခင်ချင်၊ တစ်ဖက်လူက မင်းကိုသတ်ဖို့ အသေခံ စစ်သားတောင် သုံးတယ်ဆိုတော့ မင်းမှာ ဘယ်လို ရန်သူကြီး ရှိနေလဲဆိုတာ ငါသိလို့ ရမလား..."

ကူချမ်ချင်းက မေးလိုက်သည်။

ခန်းမထဲတွင် ရှိနေသော တန်ခိုးရှင်များက စိတ်ထဲ တောင့်တင်း နေကြသည်။

## အခန်း(၂၃၅) - သွေးနတ်ဘုရားဂူ....

ချင်ယန်က တော်တော်လေး မျက်မှောင်ကြုတ်နေ၏။

သူ့တွင် ရန်သူ အများကြီး ရှိသော်လည်း ယခုကဲ့သို့ အချိန်မျိုးတွင် အသေခံစစ်သားကို အသုံးပြုခြင်းက ရူးသွပ်လွန်းရာ ကျနေသည် မဟုတ်ပါလား......

ထောင်ကွမ်ယို့ မဖြစ်နိုင်ပေ။ ထောင်ကွမ်ယို့က လက်ထောက် နန်းတောင်မှူး ဖြစ်နေသဖြင့် နောက်ပိုင်းတွင် သူ့ကို သတ်ဖြတ်ရန် အခွင့်အရေး ရှာနိုင်သေးသည်။

ရှောင်မိသားစုနှင့် မီးနဂါး အင်ပါယာတွင် ဤမျှ သတ္တိ ရှိပါမည်လော.......

ရှန်လင်း ခန်းမထဲတွင် ဤမျှ ရက်စက်ပြီး မဆင်မခြင် လုပ်လိုက်ပါက ရှောင်မိသားစုပင် နိဂုံးချုပ် သွားနိုင်သည်။

နန်းတော်မှူး ကူချမ်ချင်းက စိတ်ရင်းကောင်းသော နန်းတော်မှူး ဖြစ်သော်လည်း မည်မျှစိတ်ရင်း ကောင်းပါစေ လုံးဝ သည်းမခံနိုင်သော အရာမျိုး ရှိနေသည်။ ယခုကဲ့သို့ အရာမျိုးကို လုံးဝ သည်းခံမည် မဟုတ်ပေ။

တန်ထန် အင်ပါယာက ပို၍ပင် မဖြစ်နိုင်ပေ……

အကယ်၍ ကူချမ်ချင်းသာ ရှာတွေ့သွားမည်ဆိုပါက တန်ထန် အင်ပါယာကို ဖျက်ဆီးရန် စကားတစ်ခွန်းသာ လိုအပ်သည်။

"ညို့းနွမ်းသစ်သား သိဒ္ဓိလက်သည်း... ဘယ်မအလ လက်ချက်လဲ...."

ချင်ယန် စိတ်ထဲတွင် အတွေးပေါင်းသောင်းခြောက်ထောင် ဖြတ်ပြေးနေသည်။

ချင်ယန်သည် ပြန်လည် မမွေးဖွားခင်က ညို့းနွမ်းသစ်သား သိဒ္ဓိလက်သည်း၏ တိုက်ခိုက်မှုကို ခံခဲ့ရဖူးသော်လည်း ချမ်ဂျူး ကျွန်းဆွယ်ဘက်တွင် ညို့နွမ်းသစ်သား သိဒ္ဓိလက်သည်းနှင့် တိုက်ခိုက်မှုကို မကြုံခဲ့ဖူးပေ။

"လုပ်ကြံသူလား... ဒါလည်း မဖြစ်နိုင်ဘူး.."

"တန်ထန် အင်ပါယာက ထုတ်ထားတဲ့ တစ်ကုဋေ၊ နှစ်ကုဋေ မပြောနဲ့ ကုဋေ (၂၀) ပေးရင်တောင် လုပ်ကြံသူက ဒီလိုအချိန်မျိုးမှာ လှုပ်ရှားမှာ မဟုတ်ဘူး...."

ရှန်လင်း ခန်းမထဲတွင် လုပ်ကြံခြင်းက သေခြင်းတရား ပြည့်နေသော စစ်ဆင်ရေး ဖြစ်သည်။

ချင်ယန်ကို အောင်အောင်မြင်မြင် သတ်ဖြတ်နိုင်ခဲ့လျှင်ပင် လုပ်ကြံသူက အသက်ရှင်ရက် ပြန်ထွက်သွားရန် မဖြစ်နိုင်ပေ။

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်အတွက် ဒါက လွယ်ကူသော ဆုံးဖြတ်ချက် တစ်ခု မဟုတ်ပေ။

"ဒီအဆင့် ဆိုရင် တန်ထန် အင်ပါယာကို အုပ်ချုပ်လို့တောင် ရနေပြီ။ တန်ထန် အင်ပါယာက ယွမ်ဟူနယ်ပယ် အသေခံ စစ်သား ပျိုးထောင်ဖို့တောင် မဖြစ်နိုင်ဘူး"

ချင်ယန်က စိတ်ထဲမှ ကြိတ်ပြောလိုက်သည်။

တန်ထန် အင်ပါယာဘက်တွင် ယွမ်ဟူနယ်ပယ် တန်ခိုးရှင်က ထိပ်တန်း ပုဂ္ဂိုလ်တစ်ယောက်

ဖြစ်နေပြီ။ ပျိုးထောင်ပေးရန်ပင် ခက်ခဲလွန်းလှသည်။ အကယ်၍ ပျိုးထောင် နိုင်ခဲ့လျှင်ပင် ပျိုးထောင် ခံရသည့်လူက အသေခံ စစ်သားလုပ်မည့် အစား အရေးပါသော ပုဂ္ဂိုလ် တစ်ယောက် ဖြစ်လာအောင် ပြုလုပ်ရန် အတွေး ဝင်လာလိမ့်မည်။

ချင်ယန်၏ အမြင်တွင် မီးနဂါး အင်ပါယာကလည်း ဖြစ်နိုင်ချေ မများပေ။ ကျိုဝူချန်က ကြယ်ငါးပွင့် အင်အားစု ဖြစ်လာသည်မှာ မည်မျှ ကြာသေးသနည်း......

ဤမျှ တိုတောင်းသော အချိန်လေး အတွင်းတွင် ကျိုဝူချန်က မည်သည့် သတင်းမှ မရနိုင်သေးပေ။ အကယ်၍ သူသာ ပျိုးထောင်နိုင်ခဲ့လျှင်ပင် ကျိုဝူချန်က ဤမျှ မြန်မြန်ဆန်ဆန် စေလွှတ်နိုင်မည် မဟုတ်ပေ။

ချင်မိသားစုလည်း ဖြစ်နိုင်ချေ မများပေ။

ယခု အခြေအနေတွင် စီကုန်း မိသားစုလည်း အလားတူပင်။

စီကုန်း မိသားစုက သူ့ကို သတ်ချင်သည် ဆိုပါက ထိုထက် ပိုအားကောင်းသော တန်ခိုးရှင်

တစ်ယောက်ကို စေလွှတ်ပေးနိုင်သည်။ ယွမ်ဟူနယ်ပယ် အသေခံ စစ်သားတစ်ယောက် စေလွှတ်နေစရာ မလိုပေ။

ချင်ယန်သည် အများကြီး စဉ်းစားပြီးနောက် ရှောင်မိသားစုနှင့် ထောက်ကွမ်ယွီတို့ကို ထင်နေသည်။

သို့တိုင်တောင် ဖြစ်နိုင်ချေက (၂၀) ရာခိုင်နှုန်းပင် မပိုချေ။

"နန်းတော်မှူး.... ဒီလိုအချိန်မှာ ဘယ်လို အရူးက ဒီလို လုပ်ခဲ့လဲဆိုတာ တွေးလို့မရဘူး ဖြစ်နေတယ်.."

ချင်ယန်က လေးနက်စွာ ပြောလိုက်သည်။

တန်ခိုးရှင်များက ကြိတ်ပြီး စိတ်အေး သွားကြသည်။

ကူချမ်ချင်းက....

"မဟာသခင်ချင်၊ ချမ်ဂျူး အကယ်ဒမီက ဒီကိစ္စကို သေသေချာချာ စုံစမ်းပေးမယ်။ ချမ်ဂျူး

အကယ်ဒမီက မင်းကို ဖြေရှင်းချက် တစ်ခု ထုတ်ပေးမယ်...”

“တကယ်လို့ မဟာသခင်ချင်သာ ရွှေတံဆိပ် နည်းပြ ဖြစ်လာမယ်ဆိုရင် ချမ်ဂျူး အကယ်ဒမီက မဟာသခင်ချင် ကိုယ်စား ဖြေရှင်းချက် တောင်းပေးမယ်....”

“ကျေးဇူး အများကြီး တင်ပါတယ်.... နန်းတော်မှူးကူ....”

“နန်းတော်မှူးကူ ဒီအလောင်းကို စစ်ဆေးကြည့်လို့ ရမလား..”

ကူချမ်ချင်းက ခေါင်းညိတ်လိုက်သည်။

ချင်ယန်က အလောင်း ဘေးနားသို့ ရောက်သွားသည်။ အရင်ဆုံး အလောင်းကို သေသေချာချာ စစ်ဆေးလိုက်သည်။

အလောင်း၏ မျက်နှာက လုံးဝ ပျက်စီးနေခဲ့ပြီ။ မည်သူလဲ ဆိုသည်ကိုပင် ပြောပြရန် ခက်နေသည်။ သူ့ အသွင်အပြင်ကို ကြည့်ပြီး မည်သူလဲ ဆိုသည်ကို ဖော်ထုတ်ရန် လုံးဝ မဖြစ်နိုင်ပေ။ ထို့အတူ အလောင်းအပေါ်တွင် အထောက်အထားနှင့် ပက်သက်ပြီး မည်သည့်အရာမှ မရှိပေ။

ချင်ယန်က အလောင်း၏ လက်ကောက်ဝတ်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်သည်။ အလောင်း၏ လက်ကောက်ဝတ် အတွင်းမှာ မူလချီ အရင်းအမြစ်ကို ဖမ်းဆုပ် လိုက်မိသည်။

ထိုလူက အချိန်မီ အေးခဲသွားသဖြင့် အလောင်း အတွင်းမှ အဆိပ်က ပြင်းထန်နေသော်လည်း ပြည့်ဝအောင် မလည်ပတ် နိုင်ခဲ့ပေ။ ချင်ယန် ထည့်သွင်း စုံစမ်းလိုက်သော ချီစွမ်းအင်ထဲတွင် အာဒိကပ္ပ စိတ်ဝိညာဉ်လည်း ပါရှိသည်။

ချင်ယန်က ထိုလူ၏ သွေးကြောနှင့် ဒန်တယ်ကို သေသေချာချာ စစ်ဆေးလိုက်သည်။

“သွေးနတ်ဘုရား ကျမ်းစာ သဲလွန်စလား..”

“ဒီလူက သွေးနတ်ဘုရားဂူက လာတာလား..”

ချင်ယန်က ကြိတ်ပြီး မျက်မှောင်ကြုတ်သွားသည်။ ပြန်လည် မမွေးဖွားခင်က သွေးနတ်ဘုရားဂူနှင့် ပက်သက် ခဲ့ဖူးသော်လည်း ယခုဘဝတွင် ယခုအချိန်အထိ သွေးနတ်ဘုရားဂူကို မစော်ကား ဖူးသေးပေ။

သွေးနတ်ဘုရားဂူက ချမ်ဂျူး အကယ်ဒမီကဲ့သို့ အဆင့် (၆) အင်အားစု တစ်ခုပင်။

အကယ်၍ အချိန်ပေးမည် ဆိုပါက ချမ်ဂျူး အကယ်ဒမီက သွေးနတ်ဘုရားဂူထက် ပိုမို သန်မာလာနိုင်သော်လည်း ယခုလက်ရှိ သွေးနတ်ဘုရားဂူကို စစ်သွေးတိုက်မည် ဆိုပါက အချိန်တိုလေး အတွင်းမှာပင် သွေးနတ်ဘုရား ဂူဘက်တွင် စုထားသော တန်ခိုးရှင် အရေအတွက် ပို များလာလိမ့်မည်။

သွေးနတ်ဘုရားဂူ၏ အစွမ်း အထက်ဆုံး နည်းလမ်းမှာ သွေးနတ်ဘုရား ကျမ်းစာ ဖြစ်သည်။

ဒါက အစွမ်းထက်သော ထိန်းချုပ်နည်း ဖြစ်ပြီး အလွန် ရက်စက်သလောက် အကျိုးသက်ရောက်မှု ကောင်းမွန်လှသည်။

အကယ်၍ လူတစ်ယောက်တွင် သုံးနှစ်အောက် ကလေးတစ်ယောက် ရှိနေမည် ဆိုပါက သွေးနတ်ဘုရားဂူက ထိုကလေးကို သတ်ပြီး သွေးများကို ထုတ်ယူကာ ကလေး၏ မိဘကို ထိန်းချုပ်နိုင်သည်။

ချင်ယန် ပြန်လည် မမွေးဖွားခင်က အမှန်တရား ဘက်တော်သား တန်ခိုးရှင်များက သွေးနတ်ဘုရား ဂူကို ဖျက်ဆီးခဲ့ကြသည်။ ချင်ယန်ကလည်း သွေးနတ်ဘုရားဂူကို ဖျက်ဆီးရာတွင် ပါဝင်ခဲ့သည်။ သို့သော် ယခုလက်ရှိ အချိန်တွင် သွေးနတ်ဘုရားဂူက တည်ရှိ နေသေးသည်။

"သွေးနတ်ဘုရား ကျမ်းစာရဲ့ သဲလွန်စ.... သွေးနတ်ဘုရာဂူရဲ့ အသေခံစစ်သား ဖြစ်ဖို့ များတယ်..."

"ဒါပေမဲ့ သွေးနတ်ဘုရားဂူက ဘာဖြစ်လို့ ငါ့ကို ပြဿနာ ရှာတာလဲ..."

ထိုအချက်ကို ချင်ယန် နားမလည်နိုင်ပေ။

ချင်ယန်က နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် ဖြစ်နေပါစေ ထိုအချက်ကြောင့် သွေးနတ်ဘုရားဂူက လက်တွန့်သွားမည် မဟုတ်ပေ။

သွေးနတ်ဘုရားဂူက ချမ်ဂျူး အကယ်ဒမီကို မကြောက်ပေ။ သို့သော် အမုန်းတရား မရှိဘဲနှင့် သူ့ကို သတ်ဖြတ်ရန် အဘယ်ကြောင့် လူတစ်ယောက် စေလွှတ်ရသနည်း...

"လူတိုင်းပဲ .. ကျေးဇူးပြုပြီး တစ်နာရီလောက် စောင့်ပေးပါ....."

"အကဲဖြတ်မှုကို တစ်နာရီလောက် ဆိုင်းငံ့ထားပါမယ်။ တစ်နာရီကြာမှ ပြန်လည် စတင်ပါ့မယ်...."

ကူချမ်ချင်းက ပါးစပ်မှ ထုတ်ပြောလိုက်သည်။ ယခုကဲ့သို့ ဖြစ်နေသဖြင့် ရွှေတံဆိပ် နည်းပြ အကဲဖြတ်မှုကို ဆက်လုပ်၍ မရတော့ပေ။

ချမ်ဂျူး အကယ်ဒမီ၏ ခွန်အားနှင့် ဆိုလျှင် တစ်နာရီအတွင်း တစ်ခုခု ရှာတွေ့နိုင်သည်။

"ဟုတ်.."

"ငါတို့ အလျင် မလိုပါဘူး.."

လူတော်တော် များများက ပြန်ပြောကြသည်။

ထောင်ကွမ်ယွီလည်း အပြေးအလွှား ရောက်ရှိလာသည်။ တစ်ယောက်ယောက်က သူ့ကို လာခေါ်သဖြင့် ဒီဘက်ခြမ်းမှ အခြေအနေကို သတင်းကြားပြီး တုန်လှုပ်သွားကာ အပြေးအလွှား ရောက်လာခဲ့ခြင်း ဖြစ်သည်။

"မဟာသခင်ချင်၊ ဒီလို အပြုအမူမျိုးကို ငါတို့ ချမ်ဂျူး အကယ်ဒမီက လုံးဝ သည်းမခံပါဘူး. စိတ်မပူပါနဲ့..... ငါတို့ ချမ်ဂျူး အကယ်ဒမီက သေချာပေါက် ဖြေရှင်းချက် ပေးမှာပါ..."

ထောင်ကွမ်ယွီက ချင်ယန် ဘေးနား ရောက်လာပြီး လေးနက်စွာ ပြောလိုက်သည်။ လူများရှေ့တွင် သူ့သဘောထားကို ချပြရမည် မဟုတ်ပါလား....

ချင်ယန်က အရိုအသေ ပေးလိုက်ပြီး.....

"လက်ထောက် နန်းတော်မှူး အများကြီး ကျေးဇူးတင်ပါတယ်.."

ကူချမ်ချင်းက လေးနက်သော လေသံနှင့်.....

"ငါတို့ ချမ်ဂျူး အကယ်ဒမီက အင်အားစု အားလုံး ချက်ချင်း လှုပ်ရှားကြ။ ပြီးတော့ ချမ်ဂျူးမြို့မှာ ရှိတဲ့ အဆင့် (၆) ဆေးဘုရင်တွေနဲ့ အဆင့် ကြီးမြတ်သော မဟာသခင် အားလုံးကို လာခိုင်းလိုက်။ တစ်နာရီအတွင်း ဒီအဘိုးအိုက ဒီလူရဲ့ ဇစ်မြစ်ကို သိချင်တယ်..."

ချမ်ဂျူး အကယ်ဒမီ၏ ကြီးမားသော ယန္တရားကြီးက ချက်ချင်း လည်ပတ်သွားသည်။

တန်ခိုးရှင် တော်တော် များများက လှုပ်ရှား နေကြသည်။ ချမ်ဂျူးမြို့ရှိ အဆင့် (၅) နှင့် အဆင့် (၆) ရှိသည့် ပုဂ္ဂိုလ်များက ချမ်ဂျူး အကယ်ဒမီသို့ အမြန်ရောက် လာကြသည်။

ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ ဥက္ကဌ ပေါင်လီဟုန်အပြင် နောက်ထပ် ဆေးဘုရင် တစ်ယောက်လည်း ပါလာသည်။

အငြိမ်စား ယူခဲ့သော အဆင့် (၅) ကြီးမြတ်သော မဟာသခင် အားလုံးလည်း အမြန် ပြေးလာကြသည်။

ချမ်ဂျူး အကယ်ဒမီက ချမ်ဂျူး မြို့ဘက်ခြမ်းရှိ တစ်ခုတည်းသော အဆင့် (၆) အင်အားစု ဖြစ်သဖြင့် အာဏာစက် ပြင်းထန်လွန်းသည်။

တစ်နာရီ ကြာပြီးနောက်.....

"အစ်ကိုကူ အလောင်းထဲမှာ သွေးနတ်ဘုရား ကျမ်းစာရဲ့ သဲလွန်စတွေ တွေ့နေရတယ်။ ကြည့်ရတာ သွေးနတ်ဘုရားဂူက အသေခံစစ်သား ဖြစ်ဖို့များတယ်..."

ပေါင်လီဟုန်က သူ့ အဆင့်အတန်းနှင့် အမှန်တကယ် ကိုက်ညီပြီး အသံပို့လွှတ်ကာ ပြောလိုက်သည်။ နာရီဝက်ခန့် စစ်ဆေးပြီးနောက် တွေ့ရှိချက် အချို့ကို ဖော်ထုတ် နိုင်ခဲ့သည်။

"သွေးနတ်ဘုရား ဂူလား..."

ကူချမ်ချင်း မျက်မှောင်ကြုတ် သွားသည်။

သွေးနတ်ဘုရားဂူက ချမ်ဂျူး ကျွန်းဆွယ်မှ အင်အားစု မဟုတ်သလို သူတို့ ခွန်အားကလည်း ချမ်ဂျူး အကယ်ဒမီထက် အားမနည်းပေ။

“မဟာသခင်ချင်၊ သွေးနတ်ဘုရားဂူကို စော်ကားဖူးလား...”

ကူချမ်ချင်းက ထိုအချက်ကို နားမလည်နိုင်သဖြင့် ချင်ယန်ကို တစ်ခါတည်း အသံပို့လွှတ်ပြီး မေးလိုက်ခြင်းပင်။

ချင်ယန်က အသံပြန်ပို့ပြီး.....

“နန်းတော်မှူးကူ။ သွေးနတ်ဘုရားဂူကို လုံးဝ မစော်ကားဖူးဘူး။ ငါ့ ရန်သူက သွေးနတ်ဘုရားဂူကို ထွက်ပြေးသွားပြီး အကဲဖြတ်မှုမှာ လာပြီး ဒုက္ခပေးတာ ဖြစ်နိုင်တယ်။ တန်ထန် အင်ပါယာက

ဟန်ရှီဟောင်ကို တစ်ချက်လောက် အာရုံစိုက်ပြီး စုံစမ်း ပေးပါလား...”

ချင်ယန်တွင် ရန်သူ အများကြီး ရှိသော်လည်း အဖြေက ရှင်းနေသည်။ ရန်သူအချို့က ယခုကဲ့သို့ လုံး၀ မလှုပ်ရှားရဲပေ။

ချင်ယန် အတွေးထဲတွင် သံသယ ရှိနေသူ တစ်ယောက် ရှိနေသည်။

ဟန်ရှီဟောင်....

ချင်ယန် ပြန်လည် မမွေးဖွားခင်က ဟန်ရှီဟောင်နှင့် အခြားလူများ ထွက်ပြေး သွားကြသည်။

ယခုလက်ရှိ ဒီဘဝတွင်လည်း ဟန်ရှီဟောင်နှင့် အခြားလူများက ထွက်ပြေး သွားကြပြန်သည်။

ချင်ယန်နှင့် ဟန်ရှီဟောင်တို့ ကြားတွင်လည်း မပြေနိုင်သော သွေးကြွေးက ရှိနေသည်။

ဟန်ရှီဟောင်၏ သား ဟန်ဟောင်က ချင်ယန်ကို သတ်ဖြတ်ရန် လာခဲ့သော်လည်း ချင်ယန်

လက်ချက်နှင့် သေသွားခဲ့သည်။ ဒါက မပြေနိုင်သော သွေးကြွေး တစ်ခုပင်.....

## အခန်း(၂၃၆) - ဟန်ဝမ်ထန်.....

တစ်နာရီ ကြာပြီးနောက်.....

"မဟာသခင်ချင်၊ ဟန်ရှီဟောင်မှာ ဟန်ဝမ်ထန်လို့ ခေါ်တဲ့ အဘိုးတစ်ယောက် ရှိတယ်။ သူက အစောပိုင်း နှစ်တွေ ကတည်းက သွေးနတ်ဘုရား ဂူနဲ့ ပူးပေါင်းခဲ့တယ်"

"နောက်ပြီးတော့ ဟန်ဝမ်ထန်က သွေးနတ်ဘုရားဂူရဲ့ ဂူသခင် သုံးယောက်ထဲက တစ်ယောက် ဖြစ်နေပြီ...."

ဝေ့ဝူရှန်းက ချင်ယန်အနား ရောက်လာပြီး ပြောလိုက်သည်။

"ဟန်ဝမ်ထန်က သွေးနတ်ဘုရား ဂူသခင် သုံးယောက်ထဲ တစ်ယောက် ဟုတ်လား.."

ချင်ယန်၏ မျက်လုံးက တောက်ပလာသည်။ အခြား အချက်အလက်များ မလိုတော့ပေ။ ထိုအချက်

တစ်ချက်နှင့်ပင် သူ့ကို လုပ်ကြံရန် ခိုင်းခဲ့သည့်လူက ဟန်ဝမ်ထန် ဖြစ်နိုင်ခြေ များနေပြီ.....

"ဟန်ရှီဟောင်ရဲ့ အဘိုးက သွေးနတ်ဘုရားဂူရဲ့ ဂူသခင် တစ်ယောက် တကယ် ဖြစ်နေတာပဲ။ မယုံနိုင်စရာပဲ။ ဟန်ရှီဟောင်က အန္တရာယ် များတယ်လို့ ခံစားရတာနဲ့ တန်ထန် အင်ပါယာက ချက်ချင်း ထွက်သွားတာ မဆန်းတော့ဘူး"

ဟန်ရှီဟောင်က သူ့အဘိုး ဟန်ဝမ်ထန်ကို အားကိုးခဲ့ခြင်း ဖြစ်နိုင်သည်ဟု ချင်ယန်က စိတ်ထဲမှ တွေးလိုက်မိသည်။ သွေးနတ်ဘုရားဂူက အလွန်

အစွမ်းထက်သော်လည်း ဂုဏ်သတင်းကောင်းမွန်ခြင်း မရှိသဖြင့် ဟန်ရှီဟောင်၏ ယခင်အခြေအနေအရ သူ့အဘိုးကို သွားမရှာခြင်းက ပုံမှန်သာ ဖြစ်သည်။

သို့သော် အခြေအနေက အလွန်ခက်ခဲလာသောအခါ ဟန်ရှီဟောင်က သူ့အဘိုး ဟန်ဝမ်ထန်ထံ ချက်ချင်း သွားခဲ့ခြင်း ဖြစ်သည်။

“လက်ထောက် နန်းတော်မှူးဝေ့ အများကြီးကျေးဇူးတင်ပါတယ်...”

ချင်ယန်က ပြောလိုက်သည်။

ဝေ့ဂူရှန်းက ခေါင်းညိတ်ပြလိုက်သည်။ သူလည်း အနည်းငယ် ဒေါသ ထွက်နေသည်။ ယခုလက်ရှိ အချက်အလက်များအရ ထို လုပ်ကြံမှုကို သွေးနတ်ဘုရားဂူက စီစဉ်ခဲ့ခြင်း ဖြစ်နိုင်သည်။ သို့သော် သွေးနတ်ဘုရားဂူက အစွမ်းထက်သော အဆင့် (၆) အင်အားစု တစ်ခု ဖြစ်နေသေးသည်။

ချမ်ဂျူး အကယ်ဒမီက သွေးနတ်ဘုရား ဂူလောက် အင်း အာကြီးမားသော ဘွဲ့ရ ကျောင်းသားများကို မစုဆောင်း ရသေးပေ။

“မဟာသခင်ချင်၊ မင်းကို ရွှေတံဆိပ် နည်းပြ တစ်ယောက် ဖြစ်လာစေချင်တယ်…”

ချင်ယန်က ခေါင်းညိတ်လိုက်သည်။

ယခုလက်ရှိ အခြေအနေအရ ရွှေတံဆိပ် နည်းပြ တစ်ယောက် ဖြစ်ကိုဖြစ်မှ ရတော့မည်။

……

“လူတိုင်းပဲ…. ချမ်ဂျူး အကယ်ဒမီက ငွေတံဆိပ် နည်းပြတွေကို ရွှေတံဆိပ် နည်းပြ မြှင့်တင်ပေးမယ့်

အကဲဖြတ်မှု ပြန်စပါပြီ. ဒီတစ်ကြိမ်မှာ စုစုပေါင်း ငါးယောက် ရွေးမယ်…”

“လူတိုင်းရဲ့ စွမ်းဆောင်မှုအပေါ် အခြေခံပြီး ချမ်ဂျူး အကယ်ဒမီက ရွှေတံဆိပ် နည်းပြ ဖြစ်လာမယ့် လူငါးယောက်ကို ရွေးချယ်ပေးမယ်…”

“အခု ရွှေတံဆိပ် နည်းပြ အကဲဖြတ်မှုမှာ ပါဝင်မယ့် နည်းပြအားလုံး ကျေးဇူးပြုပြီး အလယ် ထွက်လာပေးပါ….”

ရှန်လင်း ခန်းမ၏ အလယ်တွင် ကြီးမားသော စက်ဝိုင်းကြီး တစ်ခု ရှိသည်။ ထိုစက်ဝိုင်းထဲသို့

လူရာပေါင်းများစွာ ဝင်လာကြပြီး စုစုပေါင်း ခြောက်ရာ၊ ခုနှစ်ရာခန့် ရှိသည်။

ဝေ့ဂူရှန်းက.....

"လူတိုင်း.... ငါးနေရာပဲ ရှိတယ်။ နောက်တစ်ခု.... လူတိုင်းက မင်းတို့ရဲ့ အားသာချက်ကို ထုတ်ပြပါ။ ချမ်ဂျူး အကယ်ဒမီက ရွှေတံဆိပ် နည်းပြ ဖြစ်လာမယ့် ငါးယောက်ကို ဆုံးဖြတ်ပေးမယ်..."

ရွှေတံဆိပ် နည်းပြက လူအုပ်ကြီးကို အနိုင်ယူရန် လိုအပ်သည်။

စက်ဝိုင်းကြီးထဲတွင် သေးငယ်သော စက်ဝိုင်းတစ်ခု ထပ် ရှိသေးသည်။ သိပ်မကြာခင် လူငါးယောက်က ထိုစက်ဝိုင်းလေးထဲ ဝင်သွားသည်။ ထိုစက်ဝိုင်းလေးထဲတွင် နောက်ဆုံး အချိန်အထိ နေနိုင်သူက အောင်နိုင်သူများ ဖြစ်လာလိမ့်မည်။

"ငါက ရှီပင်က ရှက်စွန်း..... ယွမ်ဟိုင်နယ်ပယ် အဆင့် (၅)၊ ကျေးဇူးပြုပြီး လမ်းညွှန် ပေးပါအုံး...."

"ချောင်ကျင်ဟန်၊ ကြီးမြတ်သော ဆေးမဟာသခင်၊ လွန်ခဲ့တဲ့ ရှစ်နှစ် ကတည်းက ကြီးမြတ်သော ဆေးမဟာသခင် အဆင့်ကို

ရောက်ခဲ့တယ်။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး....”

စက်ဝိုင်းလေးထဲတွင် လူငါးယောက်က တစ်ယောက်ပြီး တစ်ယောက် ထုတ်ဖော် မိတ်ဆက်နေကြသည်။

ထိုလူများ စကားပြောပြီးသောအခါ ကျန်သည့်လူများက ငြိမ်ကျသွားသည်။ ထိုလူများက ယွမ်ဟိုင်နယ်ပယ် ဖြစ်လျှင်ဖြစ် ထိုကဲ့သို့မဟုတ်ပါက ကြီးမြတ်သော မဟာသခင်နယ်ပယ်တွင် အလွန် အားကောင်း နေကြသည်။

ထို့အပြင် ယွမ်ဟိုင်နယ်ပယ် ကျင့်ကြံခြင်းအဆင့် ရှိနေသည့် လူများက အနည်းဆုံး အသက် (၇၀) ခန့် ရှိကြသည်။

ကြီးမြတ်သော မဟာသခင်အဆင့် ရောက်နေကြသည့် လူများကလည်း အနည်းဆုံး လွန်ခဲ့သော ရှစ်နှစ် ကတည်းက ကြီးမြတ်သော မဟာသခင်အဆင့် ရောက်နေကြသည့် လူများ ဖြစ်နေသည်။

ချင်ယန်၏ မျက်လုံးက တလက်လက် တောက်ပနေသည်။

သာမန် အခြေအနေဆိုလျှင် ရွှေတံဆိပ် နည်းပြ အကဲဖြတ်မှုတွင် ဤမျှ အစွမ်းထက်သော လူများ မပါဝင် တတ်ကြပေ။

သူတို့ ပါဝင်လာပြီ ဆိုကတည်းက ကျန်သည့် လူများ ဝင်စရာ မလိုတော့ဘူးဟု ထုတ်ပြောနေသလို ဖြစ်နေသည်။

"ရှောင်မိသားစု၊ လက်ထောက် နန်းတော်မှူး ထောင်.. ငါ့ကို ရွှေတံဆိပ် နည်းပြ မဖြစ်လာအောင် တိုက်ခိုက်နေတာလား....."

ချင်ယန်က စိတ်ထဲမှ လှောင်ရယ်နေသည်။

ယခင် အသေခံ စစ်သားက မည်သည့် အင်းအားစုမှ လာလဲ ဆိုသည်မှာ မသေချာသော်လည်း ယခုအခါ တန်ခိုးရှင် တော်တော်များများက ရွှေတံဆိပ် နည်းပြ ရာထူးအတွက် ဝင်ပြိုင်လာကြပြီ။

ချင်ယန်က ခေါင်းမသုံးဘဲ ခြေထောက်သုံးပြီး စဉ်းစားလျှင်ပင် မည်သူ့ လက်ချက်ဖြစ်ကြောင်း သိနိုင်သည်။ ရှောင်မိသားစု လက်ချက် ဖြစ်လျှင်ဖြစ် ထိုသို့ မဖြစ်ပါက လက်ထက် နန်းတော်မှူးထောင်၏ လက်ချက် ဖြစ်နိုင်သည်။ နှစ်ဖွဲ့လုံး၏

လက်ချက်လည်း ဖြစ်နိုင်သလို အင်အားစုများ စုပေါင်းပြီး ကြံစည်နေခြင်းလည်း ဖြစ်နိုင်သည်။

"တကယ်တော့ ငါက ယှဉ်ပြိုင်မယ့် ကြီးမြတ်သော မဟာသခင် တစ်ယောက်ပဲ။ ငါ့ခွန်အားသာ သာမန် ဖြစ်နေမယ်ဆိုရင် ဒီနေ့မှာ ရွှေတံဆိပ် နည်းပြတစ်ယောက် ဖြစ်လာဖို့ တကယ် ခက်ခဲသွားမှာ...."

ချင်ယန်က စိတ်ထဲမှ လှောင်ပြောင်ပြီး စက်ဝိုင်းလေး တစ်ခုထဲ လမ်းလျှောက် ဝင်သွားသည်။

ထိုနေရာက ကြီးမြတ်သော စည်းမဟာသခင် မတ်တပ်ရပ်နေသည့် နေရာ ဖြစ်သည်။ သူက လွန်ခဲ့သော ရှစ်နှစ် ကတည်းက ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်လာသည့် လူပင်.....

"မဟာသခင်ချင်၊ ငါတို့ အားလုံးက ကြီးမြတ်သော ဆေး မဟာသခင်တွေပဲ။ ဒီတော့ ဆေးတာအို အကြောင်း အရင်ပြောရအောင်။ တစ်ယောက်နဲ့ တစ်ယောက် ပဟေဠိ ဖွက်ကြမယ်။ အခု ရောက်နေတဲ့ လူတွေကလည်း ဖြေရှင်းကြမယ်.. ဘယ်လိုလဲ...."

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

“ကိစ္စ မရှိပါဘူး...”

ထို ကြီးမြတ်သော ဆေးမဟာသခင်က အလွန် ကြိုဆိုနေသည်။ သူက....

“မဟာသခင်ချင်၊ အဆင့် (၅) ရွှေကိုယ်ထည် ဆေးလုံးကို သန့်စင်တဲ့ နေရာမှာ ဘာဖြစ်လို့ ခြေသည်း ရှစ်ချောင်း ရွှေသစ်သီးကို ထည့်ရတာလဲ...... ပြီးတော့ ခြေသည်းရှစ်ချောင်း ရွှေသစ်သီးနဲ့ ရေဘဝဲ ရွှေသစ်သီးကို ဘယ်အချိန်မှာ ထည့်ရင် အာနိသင် အကောင်းဆုံးလဲ....”

အကယ်၍ ချင်ယန်သာ သာမန် ကြီးမြတ်သော မဟာသခင် တစ်ယောက်ဆိုပါက ထိုမေးခွန်းမျိုးကို ဖြေနိုင်မည် မဟုတ်ပေ။

ချင်ယန် အတွက်ကမူ ပြဿနာ မရှိပေ။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"အဆင့် (၅) ရွှေကိုယ်ထည် ဆေးလုံးကို သန့်စင်တဲ့ နေရာမှာ ရေဘဝဲ ရွှေသစ်သီးကို ထည့်ထည့်၊ မထည့်ထည့် အရေးမကြီးဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ရေဘဝဲ ရွှေသစ်သီးကို ထည့်ရင်....."

ချင်ယန်က အကျယ်တဝင့် ရှင်းပြလိုက်သည်။

ထိုအခါ ကြီးမြတ်သော မဟာသခင်က ခနဲ့သော လေသံနှင့်......

"မဟာသခင်ချင်က ရွှေဘဝဲ ရွှေသစ်သီးကို မလိုဘူး ပြောနေမှတော့ ကိုယ်တိုင် သန့်စင်ပြနိုင်မလား ငါ သိချင်တယ်..."

"တကယ်လို့ မဟာသချင်သာ သန့်စင်နိုင်ရင် ငါ အရှုံးပေးတယ်...."

ချင်ယန်က တစ်ချက် ပြုံးနေပြီး......

"မဟာသခင်ဝူက ဒီလို တောင်းဆိုနေတော့ ငါလည်း လုပ်ချင်ပါတယ်။ ဒါပေမဲ့ ငါ ဆေးသန့်စင်နေတဲ့ အချိန်မှာ တခြားလူတွေ စိန်ခေါ်လာရင် ငါ ရှုံးသွားမှာ မဟုတ်ဘူးလား...."

"တကယ်လို့ မဟာသခင်ချင်က ယွမ်စုစည်းခြင်း ဆေးကို သန့်စင်နိုင်မယ်ဆို သူတို့နဲ့ ယှဉ်ပြိုင်နေစရာ မလိုဘူး။ ယွမ်စုစည်းခြင်း ဆေးကို သန့်စင်နိုင်တာနဲ့ မင်းနာမည်က ဒီငါးယောက်ထဲမှာ ပါကို ပါရမယ်လို့ ငါ အာမခံတယ်။ တခြားလူတွေ

မင်းကို စိန်ခေါ်လာရင် ဒီအဘိုးကြီးနဲ့ အရင်ရင်ဆိုင်ရမယ်....”

ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက်က လေးနက် တည်ကြည်စွာ ပြောလိုက်သည်။ သူက ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက်ဖြစ်ပြီး ကြီးမြတ်သော ဆေး မဟာသခင် ဖြစ်လာသည်မှာ ဆယ်နှစ်ကျော်နေပြီ......

ခွန်အား အားကောင်းလား.....

မေးနေစရာပင် မလိုချေ.....

ချင်ယန်ကြောင့် ရှောင်မိသားစုထံမှ အကျိုးအမြတ် အများကြီး ရခဲ့သော်လည်း မဟာသခင်ချင်က အမှန်တကယ် အရည်အချင်း ရှိနေမည် ဆိုပါက ချမ်ဂျူး အကယ်ဒမီနှင့် လက်တွဲမည့် အရေးကို ကြိုဆိုနေမည်သာ....

"ယွမ်စုစည်းခြင်း ဆေးလား... ပြဿနာ မရှိပါဘူး...."

ချင်ယန်က ဆေးမီးဖိုကို ထုတ်ယူပြီး စတင် သန့်စင်လိုက်သည်။ ချင်ယန်က ရည်ရွယ်ချက် ရှိရှိ အချိန်ဆွဲပြီး သန့်စင်နေသော်လည်း သုံးနာရီ၊

လေးနာရီ ကြာပြီးနောက် ချင်ယန်၏ ဆေးသန့်စင်မှုက ပြီးဆုံးလု နီးပါး ဖြစ်နေပြီ.....

"ပွင့်စမ်း..."

ချင်ယန်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

ဆေးမီးဖို ပွင့်သွားသောအခါ အထဲမှ စင်လုံးချော ဆေးနှစ်လုံး ထွက်ပေါ်လာသည်။ ဆေးလုံး နှစ်လုံး လုံးက အဆင့် (၅) အဆင့် ဖြစ်နေပြီး ထိုအထဲမှ တစ်ခုက အကောင်းဆုံး အဆင့်တွင် ရှိနေသည့်။

ချင်ယန်က ဖွဲ့စည်းမှု အာနိသင်ကို လျှော့ချထား၍သာ.. ထိုကဲ့သို့ မဟုတ်ပါက ပြည့်စုံခြင်းအဆင့် ဆေးနှစ်လုံးကို တစ်ခါတည်း ဖော်စပ်နိုင်သည်။

"တစ်ကြိမ်တည်း အောင်မြင်တယ်....."

"အရမ်း ကောင်းတယ်... အဆင့် (၅) ဆေးလုံး နှစ်လုံး...."

"ယွမ်စုစည်းခြင်း ဆေးလုံးက ရွှေကိုယ်ထည် ဆေးလုံးထက် သန့်စင်ရတာ ပိုခက်တယ်။ မဟာသခင်ချင်က ယွမ်စုစည်းခြင်း ဆေးလုံးကို

သန့်စင်နိုင်သွားပြီ။ နေရာ ငါးနေရာထဲမှာ တစ်နေရာ ရသွားမှာ ငါ ကြောက်မိတယ်…”

“ဒီလောက် ငယ်ငယ် ရွယ်ရွယ်လေးနဲ့ နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်နေပြီ…. အံ့အောစရာပဲ….”

လူတော်တော် များများက တက်တက်ကြွကြွ ဆွေးနွေး နေကြသည်။ ချင်ယန် အစွမ်းမပြခင်က ချင်ယန်၏ ကြီးမြတ်သော မဟာသခင် အဆင့်အတန်းကို လူတိုင်းက သံသယ ရှိနေကြသည်။

ယခုမူ ချင်ယန်က အဆင့် (၅) ယွမ်စုစည်းခြင်း ဆေးလုံးကို လေးနာရီအတွင်း သန့်စင်ပြလိုက်သောအခါ လူတိုင်း သဘော အကျကြီး ကျသွားကြသည်။

"လူတိုင်းပဲ.... နေရာငါးခုထဲက တစ်နေရာ လိုချင်တယ်။ ဒီနေရာအတွက် ယှဉ်ပြိုင်ချင်တဲ့ လူရှိရင် ရှေ့ထွက်လာပါ...."

ချင်ယန်က ပြောလိုက်သောအခါ လူတော်တော် များများ၏ မျက်လုံးများက တောက်ပလာသည်။

လူတစ်ယောက်က......

"မဟာသခင်ချင်၊ ဒီအဘိုးအိုက ရှူယွမ်ရှုပါ။ စိတ်ထဲ ဘဝင်မကျတဲ့ မေးခွန်းတစ်ခု ရှိနေလို့။ မင်းက အမွေရပြီး အခုလက်ရှိ ခွန်အားမျိုး ရလာတယ်။ စည်းတံဆိပ် အညွှန်းနှင့် ဆေးအညွှန်းတွေက တော်တော်လေး တန်ဖိုးရှိမယ့်ပုံပဲ။ ဒါပေမဲ့ မင်းက ရွှေတံဆိပ်နည်းပြ ဖြစ်လာရင် ကျောင်းသားတွေကို တကယ် သင်ပေးမှာလား...."

"ချမ်ဂျူး အကယ်ဒမီမှာ ပါဝင်ခွင့် ရတဲ့ ကျောင်းသားတိုင်းက ကောင်းကင်ဘုံက ရွေးချယ်ထားတဲ့ ကလေးတွေပဲ...... မင်းသာ

သူတို့ကို မသင်ပေးရင် သူတို့ရဲ့ အနာဂါတ်ကို ဖျက်ဆီးလိုက်တာပဲ....”

“မဟာသခင်ချင်၊ မင်းက လူငါးယောက်နေရာမှာ ရွေးချယ် ခံရရင်တောင် မင်းတပည့် လုပ်ချင်တဲ့လူ ရှိမှာ မဟုတ်ဘူး....”

အကယ်၍ ချင်ယန်၏ တပည့် လုပ်ချင်သည့်လူ မရှိပါက ချင်ယန်က ဘာအကောင်ကြီး ဖြစ်နေပါစေ အသုံးမဝင်တော့ပေ။

မိနစ် ကြာသွားသည့်တိုင်အောင် ယခုလက်ရှိ ရောက်ရှိနေသော ကျောင်းသားများထဲမှ ချင်ယန်

တပည့် ဖြစ်ချင်သည့် ကျောင်းသား တစ်ယောက်မှ မပေါ်လာပေ။

လူတော်တော်များများက ချင်ယန်၏ ကံဆိုးမှုကို ကြည့်ပြီး သဘောကျ နေကြသည်။

ချင်ယန်က စကားပြောရန် လုပ်စဉ် တံခါးအဝမှ ကျယ်လောင်သော အော်သံတစ်ခု ထွက်ပေါ်လာသည်။

"ငါ လုပ်မယ်...."

သာယာနာပျော်ဖွယ် အသံ ဖြစ်နေသောကြောင့် လူတော်တော်များများက လှည့်ကြည့်လိုက်ရာ စကား ပြောလိုက်သူက ချင်ယန်ထက် အသက် အနည်းငယ် ငယ်သည့် မိန်းကလေး တစ်ယောက် ဖြစ်နေသည်။

ချင်ယန် မျက်လုံးထဲတွင် မမျှောင်လင့်ထားသဖြင့် အံ့အောသင့်သွားသော အမူအရာများ ပေါ်လာသည်။

စကားပြောလိုက်သူက သွမ်ယုအာပင်.....

သွမ်ယုအာက ချမ်ဂျူး အကယ်ဒမီထဲ အမှန်တကယ် ဝင်ရောက်ခဲ့သည်။

သူမ ရင်ဘက်ပေါ်ရှိ တံဆိပ်အရ အတွင်းနန်းတော် ကျောင်းသား တစ်ယောက် ဖြစ်နေသည်။

## အခန်း(၂၃၇) - ဖန်ယောင်

ချမ်ဂျူး အကယ်ဒမီတွင် နိုင်ငံရပ်ခြား ကျောင်းသားများအတွက် အခြေခံအားဖြင့် ကြီးမားသော အတန်းစနစ်ရှိပြီး သူတို့က မည်သည့် အတန်းကိုမဆို လွတ်လွတ်လပ်လပ် ရွေးချယ်နိုင်သည်။

ရွှေတံဆိပ် နည်းပြ၏ အတန်းကို နားထောင်ချင်ပါက သင်ကြားရေး အမှတ်များ လိုအပ်သည်။

အတွင်းနန်းတော် တပည့်များကမူ ရွှေတံဆိပ် နည်းပြတစ်ယောက် ရွေးချယ်နိုင်သည်။

ချမ်ဂျူး အကယ်ဒမီတွင် ရွှေတံဆိပ် နည်းပြ တစ်ရာကျော် ရှိပြီး သူတို့ တစ်ယောက်ချင်းစီက ကျောင်းသား တစ်ယောက်မှ ဆယ်ယောက်အထိ ရှိကြသည်။ အစွမ်းထက်သော ရွှေတံဆိပ် နည်းပြများက အလွန် ကျော်ကြားသဖြင့် ကျောင်းသား ဆယ်ယောက် ပြည့်ကို ပြည့်ကြသည်။ သာမန် ရွှေတံဆိပ် နည်းပြများက ကျောင်းသား ငါးယောက်ထက် မပိုကြပေ။

အကယ်၍ ရွှေတံဆိပ် နည်းပြ တစ်ယောက်က နှစ်နှစ်ဆက်တိုက် ကျောင်းသား တစ်ယောက်မှ မစုဆောင်းနိုင်ပါက ရွှေတံဆိပ် နည်းပြ ဆက်လုပ်ရန် အရည်အချင်း မရှိတော့ပေ။

"ဆရာချင်....."

သွမ်ယုအာက ချင်ယန်ရှေ့ ရောက်လာပြီး စိတ်လှုပ်ရှားစွာ ခေါ်လိုက်သည်။

ချင်ယန်က ခေါင်းညိတ် ပြလိုက်သည်။

သွမ်ရန်က သွမ်ယုအာကို ချမ်ဂျူး အကယ်ဒမီသို့ ခေါ်သွားမည်ဟု ပြောခဲ့ဖူးသဖြင့် သွမ်ယုအာကို ယခုနေရာတွင် တွေ့ရသည့်အတွက် မအံ့အောမိတော့ပေ။

သွမ်ယုအာက အတွင်းနန်းတော် တပည့်ဖြစ်ရုံသာ ရှိသေးသည်ဟု ပြောနိုင်သည်။

"ဆရာချင်၊ မင်းဆီက သင်ယူချင်ပါတယ်။ သင်ယူလို့ ရနိုင်မလား...."

ယွမ်ယုအာက အမှန်တကယ် မျှော်လင့်တောင့်တနေသော အကြည့်နှင့် မေးလိုက်သည်။

ချင်ယန်က တစ်ချက်ပြုံးပြီး ခေါင်းညိတ်လိုက်သည်။ သူက ရွှေတံဆိပ် နည်းပြ တစ်ယောက်ဖြစ်လာလျှင် ကျောင်းသားများ ရှိကို ရှိရတော့မည်။ အခြားသူများကို သင်ပေးခြင်း ထက်စာလျှင် ယွမ်ယုအာကို သင်ပေးရခြင်းက ပိုကောင်းသည့်။

လူတစ်ယောက်က ခနဲ့သော လေသံနှင့်....

“မဟာသခင်ချင်က တကယ် ယုံကြည်ချက်ရှိတာပဲ......”

“မဟာသခင်ချင်က ရွှေတံဆိပ် နည်းပြဖြစ်လာနိုင်တယ်ဆိုတာ သေချာလို့လား....”

"ဒီနေရာမှာ ရွှေတံဆိပ် နည်းပြ ဖြစ်လာနိုင်တဲ့ လူတွေ အများကြီးပဲ။ သူတို့ထဲက ကြိုက်တဲ့ တစ်ယောက်ကို ရွေးလိုက် မင်းထက် အများကြီး အရည်အချင်း ပိုရှိတယ်"

အခြားလူ တစ်ယောက်က......

"မဟာသခင်ချင်ရဲ့ ပင်ကိုယ်ပါရမီက ထူးချွန်ပေမဲ့ အသက် ငယ်လွန်းတယ်''

"လူတွေကို သင်ကြားပေးတဲ့ နေရာမှာ အတွေ့အကြုံ အားနည်းမှာ ကြောက်မိတယ်။ မဟာသခင်ချင်က အခုမှ ငယ်ငယ်လေး ရှိသေးတော့

ငွေတံဆိပ် နည်းပြအနေနဲ့ အတွေ့အကြုံ အရင်ယူတာ ပိုကောင်းမယ် ထင်တယ်....”

“ဟုတ်တယ်။ မဟာသခင်ချင်၊ မင်းက အရမ်း ငယ်သေးတယ်. အလောတကြီး မလုပ်နဲ့....”

“နေရာက စုစုပေါင်း ငါးနေရာပဲ ရှိတယ်။ မင်း ဆက်လုပ်ရင် အကြီးမျိုးဆက်က လွှတ်ထားပါ့မလား...”

လူတော်တော်များများက ဝိုင်းပြောနေကြပြီး အနီးအနားရှိ လူများကလည်း ချင်ယန်ကို ဝိုင်းကြည့် နေကြသည်။

ချင်ယန်က သူတို့ မျက်လုံးထဲမှ မကောင်းသော အလင်းရောင်များကို မြင်နေရသည်။ ဆက်လက် ငြင်းခုံလာသည်နှင့် အမှူ အကြီးများအပေါ် မလေးစားသည့် တံဆိပ် ကပ်ကြတော့မည်။

သို့သော် သူက ရွှေတံဆိပ် နည်းပြ ရာထူးအတွက် တိုက်ပွဲ ဝင်ကိုဝင်မှ ရမည်။

သွမ်ယုအာက ကျယ်လောင်စွာ အော်ဟာစ်လိုက်ပြီး....

“အကြီးအကဲ... ရွှေတံဆိပ် နည်းပြ ရာထူးကို အသက်အရွယ်အပေါ် မူတည်ပြီး ဆုံးဖြတ်တာမျိုး

မဖြစ်သင့်ဘူးလို့ ငါထင်တယ်။ ဒီနှစ်မှာလည်း ငါတို့ ချမ်ဂျူး အကယ်ဒမီက ပို အားကောင်းသထက် အားကောင်း လာလိမ့်မယ်။ အသက်အရွယ်ကို အခြေခံပြီး ပြောမယ်ဆို ငွေတံဆိပ် နည်းပြတွေက ပိုတောင် အသက်ကြီး သေးတယ်.....”

“ပြီးတော့ ဆရာချင်က လူတွေကို သင်ကြားပေးတဲ့ နေရာမှာ ပြဿနာ မရှိဘူး။ တကယ်လို့ ဆရာချင်ရဲ့ သင်ကြားပေးမှုသာ မရှိရင် ငါက ခဏာလေးနဲ့ ကြယ် (၃) ပွင့် ဆေးသခင် တစ်ယောက် ဖြစ်လာမှာ မဟုတ်ဘူး....”

ချမ်ဂျူး အကယ်ဒမီတွင် ကြယ် (၃) ဆေးသခင် အဆင့်အတန်းက ထူးခြားခြင်း မရှိပေ။

သို့သော် သွမ်ယုအာက ချင်ယန်ထက် လပေါင်းများစွာ ငယ်နေပြီး ဒီအသက်အရွယ်နှင့် ကြယ် (၃) ပွင့် ဆေးသခင် တစ်ယောက် ဖြစ်လာခြင်းက အလွန် ရှားပါးသည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်……

“လူတိုင်းပဲ.. နေရာငါးခုထဲက တစ်နေရာ ငါ သိမ်းတယ်…”

"လက်မခံချင်တဲ့လူ ပြိုင်လို့ ရတယ်....."

ချင်ယန်က နှုတ်ဖွာလွန်းသော လူများနှင့် ပြိုင်ငြင်းရန် ပျင်းနေသည်။ သူက ငယ်ငယ်ရွယ်ရွယ်နှင့် နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် ဖြစ်လာသည့် လူပင်။ သာမန် အခြေအနေဆိုပါက ရွှေတံဆိပ် နည်းပြ ရာထူး ရယူရန် ပြဿနာ မရှိနိုင်ပေ။

ယခုတစ်ကြိမ် စကားပြောခဲ့သော နည်းပြက ထောင်ကွမ်ယွီ အတွက် ထောက်ပံ့ ပေးနေသည့်လူ သို့မဟုတ် ထောင်ကွမ်ယွီထံမှ အကျိုးအမြတ်

ရခဲ့သည့်လူ ဖြစ်လိမ့်မည်ဟု ချင်ယန်က ခန့်မှန်းလိုက်သည်။

"ဒါဆိုလည်း မဟာသခင်ချင်က ဒီအဘိုးကြီးကို လမ်းညွှန် ပေးပါအုံး..."

ကြီးမြတ်သော စည်းမဟာသခင် တစ်ယောက်က ရှေ့ထွက်လာသည်။ သူက ဝါရင့် ကြီးမြတ်သော စည်းမဟာသခင် တစ်ယောက်ဖြစ်ပြီး ကြီးမြတ်သော စည်းမဟာသခင် တစ်ယောက် ဖြစ်လာသည်မှာ အနည်းဆုံး နှစ် (၂၀) ခန့် ရှိနေပြီ......

ရှောင်မိသားစုက ထိုစည်း မဟာသခင်အတွက် ငွေကြေး အမြောက်အများ အသုံးပြုခဲ့သည်။

“ ဖန်ယောင်သာ တာဝန်ယူမယ်ဆို ချင်ယန်က သူ့ပြိုင်ဘက် မဟုတ်တာ သေချာတယ်.....”

“ဖန်ယောင်က ချင်ယန်ရဲ့ စည်းတံဆိပ်ကသာ သာမန်ပဲဆိုတာ သက်သေပြလိုက်ရင် ဘယ်လို ဆက်ပြိုင်မှာလဲ...။ ချင်ယန်အတွက် ပြီးသွားပြီ...”

“ကြီးမြတ်သော မဟာသခင် အယောင်ဆောင် တစ်ယောက်က ချမ်ဂျူး အကယ်ဒမီရဲ့ ရွှေတံဆိပ် နည်းပြ ဖြစ်လာဖို့ မသင့်တော်ဘူး.....”

လူတော်တော်များများက ထိုအချက်ကိုသာ ဖောင်းပေးပြီး ပြောနေကြသည်။

ထိုအဘိုးအိုက အလွန် ဂုဏ်ယူနေပုံရသည်။ သူက ရွှေတံဆိပ် နည်းပြ တစ်ယောက် မဖြစ်ချင်၍ ယခုချိန်အထိ ငွေတံဆိပ် နည်းပြ တစ်ယောက် ဖြစ်နေသူ ဖြစ်သည်။ သူ့ခွန်အားက ရွှေတံဆိပ် နည်းပြ တစ်ယောက်ထက် အများကြီး ပိုသန်မာနေသည်။

‘ဖန်ယောင်…’

ချင်ယန်၏ မျက်လုံးက တလက်လက် တောက်ပနေသည်။

ချင်ယန်က ဖန်ယောင်ကို သိသည်။

သူ ပြန်လည် မမွေးဖွားခင်က ဖန်ယောင်သည် သူ့ဝါစဉ်ကို အားကိုးပြီး ချင်ယန်ကို အနိုင်ကျင့်ခဲ့ဖူးသည်။ နောက်ပိုင်းတွင် ချင်ယန်က လျင်မြန်စွာ တိုးတက်လာခဲ့သဖြင့် ဖန်ယောင်က ချင်ယန်ကို လျှို့ဝှက်ချက်များကို သိမ်းပိုက်နိုင်ရန် နတ်ဆိုးတစ်ထောင် ဂူထဲတွင် လုပ်ကြံခဲ့သည်။ သို့သော် ချင်ယန်၏ ခွန်အားကို လျှော့တွက်ခဲ့မိပြီး

ချင်ယန်၏ ပြန်လည် သတ်ဖြတ်ခြင်းကို ခံလိုက်ရသည်။

ထို့နောက် ဖန်ယောင်၏ အလောင်းကို ကောင်းကင်ဘုံ ဝါးမြိုခြင်း သစ်ပင် ဧကရာဇ်က ဝါးမြိုခဲ့သည်။ ဒါသည် ချင်ယန်၏ သိုင်းဝိညာဉ် ပထမဦးဆုံး ဝါးမြိုခဲ့ဖူးသော အဆင့် (၅) ကြီးမြတ်သော မဟာသခင် တစ်ယောက်လည်း ဖြစ်သည်။

ထို့အပြင် ကောင်းကင်ဘုံ ဝါးမြို့ခြင်း သစ်ပင်ဧကရာဇ်က ဖန်ယောင်၏ အလောင်းကို ဝါးမြို့ပြီး အကျိုးကျေးဇူးများစွာ ရရှိခဲ့သည်။

ဖန်ယောင်၏ ကျင့်ကြံခြင်း ကျင့်စဉ်၊ ဖန်ယောင်၏ စည်းတံဆိပ် စွမ်းရည် စသည့် အရာအားလုံးကို ချင်ယန်က ပြည့်ပြည့်ဝဝ ရရှိခဲ့သည်။

ထို့အပြင် ဤကိစ္စက နောက်ပိုင်း နှစ်ပေါင်းများစွာ ကြာခဲ့ပြီးမှ ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သဖြင့် ယခုလက်ရှိ ဖန်ယောင်က ထိုမျှ မသန်မာသေးပေ။

"မဟာသခင်ဖန်က လမ်းညွှန်မှု တောင်းခံနေတယ် ဆိုမှတော့ ငါကလည်း မဟာသခင်ဖန် စိတ်ကျေနပ်အောင် လုပ်ပေးရမှာပေါ့....."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလာသည်။

ဖန်ယောင်၏ ဒေါသက ငယ်ထိပ်ရောက်ပြီး အေးစက်စွာ နှာခေါင်း တစ်ချက်ရှုံ့၍...

"လူငယ်လေး...... အကြီးတစ်ယောက်ကို လေးစားတတ်အောင် သင်ယူရမယ်...."

“ငယ်ငယ်ရွယ်ရွယ်နဲ့ မဟာသခင် တစ်ယောက် ဖြစ်လာတာ ကောင်းပါတယ်။ ဒါပေမဲ့ မင်းက မဟာသခင် အကဲဖြတ်မှု အောင်မြင်လို့ မဟာသခင် တစ်ယောက် ဖြစ်လာတာ။ မဟာသခင်အဆင့် ရှုထောင့်တိုင်းမှာ ပြည့်စုံနေပြီလို့ ပြောတာ မဟုတ်ဘူး…”

“မွေးကတည်းက စ လေ့ကျင့်ရင်တောင် ဆယ်နှစ်ကျော်လောက်ပဲ လေ့ကျင့်ချိန် ရှိအုံးမယ်…”

“ဒီအဘိုးအိုက ဆယ်နှစ်သား ကတည်းက စည်းတံဆိပ်နဲ့ ထိတွေ့ခဲ့တာ… အခုဆို အသက်

(၁၂၃) ရှိနေပြီ။ စည်းတံဆိပ်ကို လှေလာခဲ့တာ နှစ်ပေါင်း (၁၁၀) ကျော်နေပြီ.....”

“ဒီအဘိုးအိုကို လမ်းညွှန် ပေးပါအုံးလို့ ပြောတာက ယဉ်ကျေးမှုအရ ပြောတာကွ..”

“ဆေးသန့်စင်တဲ့ အကြောင်းတော့ ဒီအဘိုးကြီး မပြောတတ်ဘူး။ ဒါပေမဲ့ စည်းတံဆိပ်နဲ့ ပက်သက်လာရင် မင်းက ဒီအဘိုးကြီးနဲ့ တန်းတူညီတူ စကားပြောဖို့ အရည်အချင်း မရှိဘူး...”

ဖန်ယောင်၏ စကားများက ချက်ကောင်း ထိသလို ဟန်အမူအရာကလည်း ဟိတ်ဟန်ကောင်းလှသည်။

ဖန်ယောင်ဘေးနားမှ လူများက တပြုံးပြုံး ဖြစ်နေကြသည်။ သူတို့က ဖန်ယောင်၏ ထောက်ခံသူများပင်......

“ဆရာဖန်ကို လမ်းညွှန်ပေးမယ် ပြောရအောင် မင်းမှာ ဘာအရည်အချင်း ရှိလို့လဲ....”

“လောဖန်က မင်းကို ယဉ်ကျေးမှုအရ ပြောတာကို မင်းဘက်က ရောင့်မတက်နဲ့...”

ဖန်ယောင်ဘက်မှ လူများသည် ချင်ယန် တော်သည်ကို လက်ခံသော်လည်း စည်းတံဆိပ် နယ်ပယ်တွင် ဖန်ယောင်က ချင်ယန်ကို နောက်ကောက် ချထားခဲ့နိုင်မည်ဟု ယုံကြည် နေကြသည်။

ချင်ယန်က အဆင့် (၆) အဆောင်ဘုရင် ဖြစ်လာဖို့လား.......

ဖန်ယောင်နှင့် သူ့လူများက ချင်ယန်က ဆယ်စုနှစ်အတွင်း မဖြစ်နိုင်သလို ဒီတစ်သက်လည်း မဖြစ်နိုင်ဘူးဟု ထင်နေကြသည်။

အဆင့် (၆) အဆောင်ဘုရင် ဖြစ်လာရန် ယွမ်ဟိုင်နယ်ပယ် ကျင့်ကြံခြင်း အဆင့် လိုအပ်သလို အာဒိကပ္ပ စိတ်ဝိညာဉ်လည်း လိုအပ်သည်။

ချင်ယန်က အဆောင်ဘုရင် မဖြစ်သေးသရွေ့ ဖန်ယောင်က အနိုင်ယူနိုင်သည်။ ထို့ကြောင့် ဖန်ယောင်၏ လူများက ချင်ယန်အား စော်ကားရမည့် အရေးကို မကြောက်ကြပေ။

"ဘာနဲ့ ပြိုင်မှာလဲ....."

ချင်ယန်က ပေါ့ပေါ့ပါးပါး မေးလိုက်သည်။

ဖန်ယောင်က မာနကြီးသော အမူအရာနှင့်.........

“ဒီနေ့ ဒီအဘိုးကြီးက မင်းကို ရှုထောင့်ပေါင်းစုံကနေ သင်ခန်းစာ တစ်ခု ပေးမယ်။ စည်းမဟာသခင် အဆင့်ချင်း အတူတူ ဆိုပေမဲ့ ခွန်အား အရမ်းကွာတယ်။ မင်းက ဒီလိုပုံစံနဲ့ စည်းမဟာသခင် တစ်ယောက် ဖြစ်လာပေမဲ့ သင်ယူစရာတွေ အများကြီး ကျန်သေးတယ်...”

“ရတယ်လေ.. ပြဿနာ မရှိဘူး....”

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ဖန်ယောင်၏ မျက်လုံး တလက်လက် တောက်ပလာပြီး.......

"ချင်ယန်၊ မင်းက ဒီအဘိုးကြီးနဲ့ ကွာဟချက် အရမ်း ကြီးမားရင် နောက်ထပ် နှစ်နည်းနည်းလောက် ကြာအောင် ငွေတံဆိပ် နည်းပြ ဆက်လုပ်ရမယ်။ ပြီးမှ ရွှေတံဆိပ်နည်းပြ ရာထူးကို ဖြေရမယ်... ဘယ်လိုလဲ...."

ချင်ယန်က ပါးပါးလေး ပြုံးလိုက်ပြီး.......

"မဟာသခင်ဖန်၊ ငါတို့ ကွာဟချက် ကြီးမားတဲ့ ကိစ္စကို မေ့ထားလိုက်ပါ။ တကယ်လို့ မင်းကို

ရှုံးတာနဲ့ ငါက ရွှေတံဆိပ် နည်းပြ မဖြစ်လာတော့ဘူး. ဒါပေမဲ့ မဟာသခင်ဖန်၊ မင်း ရှုံးရင် ဘာလုပ်မလဲ.....။ နောက်ထပ် နှစ်အနည်းငယ်အထိ စည်းသခင် အကဲဖြတ်မှုကို မေ့ထားလိုက်မလား....”

ဖန်ယောင်က ခနဲ့သော လေသံနှင့်....

“မဟာသခင်ချင်၊ မင်းက တကယ် ယုံကြည်မှု ရှိတာပဲ....”

“ဒီအဘိုးကြီး ရှုံးရင် မင်း သဘောအတိုင်းပဲ.....”

“တကယ်လို့ မင်း ရှုံးရင် သုံးနှစ်အတွင်း ရွှေတံဆိပ် နည်းပြ အကဲဖြတ်မှုကို မဖြေရဘူး။ ပြီးတော့ နောက်ပိုင်းမှာ ဒီအဘိုးကြီးကို တွေ့တာနဲ့ စီနီယာ တစ်ယောက်အနေနဲ့ ရို ရိုသေသေ ဂါဝါရ ပြုရမယ်.....”

## အခန်း(၂၃၈) - ကိုယ်တုတ်နှင့် ကိုယ့်ကို ပြန်ရိုက်ခြင်း....

ချင်ယန်က ဖန်ယောင်ကို ကြည့်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

"မဟာသခင်ဖန်၊ မင်းဘက်က သေချာလား....။ အချိန်တန်လို့ မင်းရှုံးသွားရင် မင်း မျက်နှာအတွက် မကောင်းဘူးနော်...."

"အခုမှ စကားပြန် ပြင်မယ်ဆိုလည်း အရမ်းနောက်ကျသွားပြီ..."

ဖန်ယောင်က အေးစက်စွာ နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး......

"ချင်ယန်၊ ဒီအဘိုးကြီး စကား ပြောနေတဲ့အချိန်မှာ ပြန်ပြောဖို့ ဘယ်လို သတ္တိရှိသွားတာလဲ...... တကယ်လို့ သတ္တိရှိရင် ဒီအဘိုးကြီးနဲ့ ယှဉ်ပြိုင်မယ်။ အေး.. သတ္တိမရှိရင် ရွှေတံဆိပ် နည်းပြ ရာထူး အကဲဖြတ်မှုကနေ

နှုတ်ထွက်လိုက်။ ဒီအဘိုးကြီးက မင်းလို အငယ်လေး တစ်ယောက်ကို အရှက် မခွဲချင်ဘူး....”

ချင်ယန်၏ မျက်လုံးထဲတွင် အေးစက်သော အလင်းရောင်များ ပေါ်လာသည်။

ဖန်ယောင်က အစွမ်းကုန် ကြိုးစားနေသဖြင့် အကျိုးအမြတ် မျိုးမျိုးမြတ်မြတ် ရထားသည်မှာ သေချာသလောက် ဖြစ်နေသည်။

ထို့အပြင် ဖန်ယောင်က သူ့ကို ရွှေတံဆိပ် နည်းပြတစ်ယောက် မဖြစ်အောင် တားဆီးနိုင်ခဲ့မည်

ဆိုပါက အချိန်တန်လျှင် အကျိုးအမြတ် ပိုများလာအုံးမည်။

အမှန်တကယ် လက်တွေ့တွင်လည်း ချင်ယန် ခန့်မှန်းချက်နှင့် တစ်ထပ်တည်း နီးပါး တူညီနေသည်။

ရှောင်မိသားစုက ဖန်ယောင် အပေါ်တွင် မျှော်လင့်ချက် ကြီးကြီးမားမား ပုံအောထားပုံပင်....။

ဖန်ယောင်က သန်မာပြီး လူငယ် မျိုးဆက်သစ် ချင်ယန်ကဲ့သို့ လူငယ်လေးကို လူမြင်ကွင်းတွင် အနိုင်ကျင့်နေသည်။

ဖန်ယောင်က အပြည့်အဝ အားစိုက် ထုတ်နေပြီး လူငယ် မျိုးဆက်သစ်များအား လူမြင်ကွင်းတွင် အနိုင်ကျင့်ရသည့် ခံစားချက်ကို နှစ်သက် သဘောကျ နေသည်။

"ချင်ယန်၊ မင်းရဲ့ ကြီးမြတ်သော စည်းမဟာသခင် အဆင့်အတန်းက အတုတော့ မဟုတ်ပါဘူးနော်.... ဟုတ်တယ် မဟုတ်လား...."

"ဒီအဘိုးကြီး ဖန်က အစွမ်းထက်တယ်။ တကယ်လို့ မင်းဘက်က အားနည်းတယ် ထင်ရင်

လက်လျှော့လို့ ရသေးတယ်။ ဒီလိုမှ မဟုတ်ရင် နောက်ပိုင်း ပိုပြီး အရှက်ကွဲလိမ့်မယ်.....”

ဖန်ယောင် အနောက်ဘက်မှ လူအချို့က ဖန်ယောင်အတွက် ပြောပေး နေကြသည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

“မဟာသခင်ဖန်က သိပ်ပြိုင်ချင်နေတယ် မဟုတ်လား.. လာခဲ့လေ.. ဘယ်လိုမျိုး ပြိုင်ချင်လဲ..... မဟာသခင်ဖန်က လမ်းတစ်ဝက် ရောက်မှ နှုတ်မထွက် ပါဘူးနော်....”

ဖန်ယောင်က မောက်မာသော လေသံနှင့်......

"ရွှေတံဆိပ် နည်းပြ တစ်ယောက်က အဓိက အားဖြင့် အဆင့် (၄) စည်းတံဆိပ် သုံးခု သင်ပေးရတယ်။ လာ..... အဆင့် (၄) စည်းတံဆိပ် သုံးခု အရင်ဆုံး ဆွဲကြမယ်။ (၁၅) မိနစ်အတွင်း ပိုအစွမ်းထက်တဲ့ အဆင့် (၄) စည်းတံဆိပ် လေးခုကို ဘယ်သူ ပိုဆွဲနိုင်မလဲ ဆိုတာ ပြိုင်မယ်..."

"ဒီကိစ္စမှာတောင် မင်းနဲ့ ဒီအဘိုးကြီးကြားမှာ ကွာဟချက် ကြီးကြီးမားမား ရှိနေရင် ကျန်တဲ့ ကိစ္စတွေ ဆက်ပြိုင်နေစရာ မလိုတော့ဘူး..."

“ရတယ်လေ….”

ချင်ယန်က ခေါင်းညိတ်လိုက်သည်။

ဖန်ယောင်က စိတ်ထဲမှ ကြိတ် ရယ်နေသည်။

ချင်ယန်က အလွန် ငယ်ရွယ်သေးသည် မဟုတ်ပါလော…….

သူက အသက်တစ်ရာကျော် နေထိုင်ခဲ့သူ ဖြစ်သဖြင့် သူ ထိတွေ့ခဲ့သည့် စည်းတံဆိပ်များက ချင်ယန်ထက် မည်ကဲ့သို့ နည်းနိုင်မည်နည်း….

ထို့အပြင် ဖန်ယောင်က ချမ်ဂျူး အကယ်ဒမီတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ပြီး အဆင့် (၄) စည်းတံဆိပ် သုံးမျိုးကို သင့်ပေးလေ့ ရှိသည်။ ထို့ကြောင့် အဆင့် (၄) စည်းတံဆိပ်များနှင့် အလွန်ရင်းနှီးနေသည်။ (၁၅) မိနစ်အတွင်း အဆင့် (၄) စည်းတံဆိပ်ကို တစ်ဒါဇင်ကျော်ခန့် ရေးဆွဲနိုင်မည်ဟု ယုံကြည်နေသည်။

"ချင်ယန်... ဒီနေ့ပြီးရင် မင်းမှာ ဘယ်လောက်ပဲ အရည်အချင်း ရှိရှိ အကြီးတစ်ယောက်ကို လေးစားရမှန်း သိလာလိမ့်မယ်...."

ဖန်ယောင် စကား ပြောနေရင်း စည်းစုတ်တံ၊ စည်း စာရွက်နှင့် အခြား အသုံးအဆောင် ပစ္စည်းများကို ထုတ်ယူပြီး စတင် ရေးဆွဲလိုက်သည်။

ချင်ယန်က ချက်ချင်း မစသေးဘဲ ဘေးနားမှာ ကြည့်နေသေးသည်။

ဖန်ယောင်က ကြီးမြတ်သော မဟာသခင် တစ်ယောက်အနေဖြင့် အစွမ်းထက်နေဆဲ ဖြစ်သည်။ သူက အဆင့် (၃) စည်းတံဆိပ်များကို မြန်မြန်ဆန်ဆန် ရေးဆွဲနိုင်ပြီး အဆင့် (၄)

စည်းတံဆိပ်များအတွက် အချိန် အများကြီး မယူခဲ့ရပေ။

ငါးမိနစ်ခန့် ကြာသောအခါ ဖန်ယောင်က စည်းတံဆိပ် နှစ်ဆယ်ခန့် ရေးဆွဲ ပြီးသွားပြီး အများစုက အဆင့် (၃) စည်းတံဆိပ်များ ဖြစ်နေကြသည်။

"ချင်ယန်၊ လုံး၀ မဆွဲဘူးလား...."

"မဟာသခင်ဖန်ရဲ့ လှုပ်ရှားမှုကို မြင်ပြီး ချင်ယန်ရဲ့ ယုံကြည်ချက် ပျောက်သွားပြီ ထင်တယ်..."

အနီးအနားရှိ လူများက ပြောဆို နေကြသည့်.။

ဖန်ယောင်၏ မျက်နှာပေါ်တွင် အထင်သေးသော အမူအရာများ ပေါ်နေသည်။

သူက ချင်ယန်ကို အရမ်း အလေးအနက် ထားမိပြီလား.......

ချင်ယန်ကဲ့သို့ လူငယ်လေး တစ်ယောက်အတွက် သူကိုယ်တိုင် ထွက်လာစရာ မလိုပေ။ အဆင့် (၄) မဟာသခင်အဆင့် သူ့တပည့် တစ်ယောက်ကို စေလွှတ်လိုက်ရုံဖြင့် ချင်ယန်ကို အနိုင်ယူနိုင်သည်။

"မဟာသခင်ဖန်၊ မင်းရဲ့ စည်းတံဆိပ်က သာမန်ပဲ..."

ထိုအချိန်တွင် ချင်ယန်က စိတ်ပျက်သွားသော အမူအရာနှင့် ခေါင်းခါပြီး ပြောလိုက်သည်။

ချင်ယန် ပြန်လည် မမွေးဖွားခင်က ဖန်ယောင်၏ အလောင်းကို ကောင်းကင်ဘုံ ဝါးမြို့ခြင်း သစ်ပင် ကေရာဇ်က ဝါးမြို့ခဲ့သဖြင့် ဖန်ယောင်၏ မှတ်ဉာဏ်များကို ရရှိခဲ့သည်။ ထိုစဉ်အချိန်က ဖန်ယောင်သည် ယခုလက်ရှိ ဖန်ယောင်ထက် အများကြီး ပိုမို အစွမ်းထက်နေသည်။

"ချင်ယန်၊ ဖင်ခေါင်း သိပ်မကျယ်နဲ့....."

"မင်းက လောဖန်နဲ့ ဘယ်လို ယှဉ်နိုင်မှာလဲ...."

"စကား ပြောမနေနဲ့...... တစ်ခုခုသာ အရင် ဆွဲလိုက်စမ်းပါ....."

(မှတ်ချက်။ ။ ဒီနေရာတွင် လောသည် ဆရာတစ်ယောက်ကဲ့သို့ လေးစားသော အဓိပ္ပါယ်ကို ရည်ညွှန်းသည်)

ဖန်ယောင်ကို အားပေး ပရိတ်သတ်များက ဒေါသတကြီး ပြောဆိုနေကြပြီး ချင်ယန်ကို

အထင်သေးသော မျက်လုံးများနှင့် စိုက်ကြည့်နေကြသည်။

ဖန်ယောင်က ချင်ယန်ကဲ့သို့ လူငယ်လေး တစ်ယောက် ယှဉ်ပြိုင်ရန် ရှေ့ထွက်လာသည်ကို လူတော်တော်များများက သဘော မတူကြပေ။ သို့သော် ချင်ယန်က မသန်မာဘူး ဆိုလျှင်ပင် ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်နေသေးသဖြင့် ဖန်ယောင်က ချင်ယန်နှင့် မျက်နှာခြင်းဆိုင် ယှဉ်ပြိုင်မည့် အရေးကို သဘောတူခဲ့ကြခြင်း ဖြစ်သည်။

“ ဒါပေါ့.....”

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။ သူက ဖန်ယောင်ကို တစ်ချက်ကြည့်လိုက်ပြီး ဖန်ယောင် ဘေးနားမှာပင် စတင် ရေးဆွဲလိုက်သည်။ ချင်ယန်က သာမန်ကာ လျှံကာ ရေးဆွဲလိုက်သော်လည်း သူရေးဆွဲသည့် ပထမ စည်းတံဆိပ်က ဖန်ယောင် ထက်ပိုမြန်နေပြီး ဖန်ယောင် ရေးဆွဲထားသော စည်းတံဆိပ် ၏ အမှတ်ကိုးမှတ်နှင့် ဆင်တူနေသည်။

ကျန်သည့် နေရာများက ဆင်တူရိုးမှားသာ ဖြစ်သော်လည်း ချင်ယန် ရေးဆွဲထားသော

စည်းတံဆိပ်များက ပိုလျှင်မြန်ပြီး ပိုမို အားကောင်းနေသည်။

ဖန်ယောင် ရေးဆွဲစဉ်က အကောင်းဆုံး အဆင့်သာ ဖြစ်သော်လည်း ချင်ယန်၏ စည်းတံဆိပ်က ပြည့်စုံခြင်းအဆင့် ဖြစ်နေသည်။

"ဒါ......"

"အတုယူပြီး တိုးတက်အောင် လုပ်တာလား...."

"မတူတဲ့ လူတွေက တူညီတဲ့ စည်းတံဆိပ် တစ်မျိုးတည်း ရေးဆွဲရင်တောင် တော်တော်လေး

ကွာပါတယ်။ ဘာဖြစ်လို့ ချင်ယန်ရဲ့ စည်းတံဆိပ်က မဟာသခင်ဖန်ရဲ့ စည်းတံဆိပ်နဲ့ အရမ်းတူနေရတာလဲ....”

“ငါပဲ အမြင်မှားပြီး ထင်ယောင်ထင်မှား ဖြစ်နေတာလား...။ ချင်ယန်ရဲ့ စည်းတံဆိပ်က ပို အစွမ်းထက်တယ်လို့ ထင်နေမိတယ်...”

ပတ်ဝန်းကျင်ရှိ လူများက တိုးတိုးလေး ပြောဆိုနေကြသည်။ စည်းတံဆိပ် နယ်ပယ်ကို လေ့လာလိုက်စားသော တန်ခိုးရှင် အချို့၏ မျက်နှာအမူအရာက လေးနက်နေသည်။ စည်းတံဆိပ်

အမှတ်များကို အတုယူပြီး ပိုမို ကောင်းမွန်အောင် ရေးဆွဲခြင်းက မည်မျှ ခက်ခဲကြောင်း သူတို့ သိနေကြသည်။

“ဒါက တိုက်ဆိုင်မှု သက်သက်ပဲ ဖြစ်လိမ့်မယ်…”

လူတစ်ယောက်က ထိုအတိုင်း တွေးလိုက်သည်။

ဒုတိယ တစ်ခု…

တတိယ တစ်ခု….

စတုတ္ထ တစ်ခု…..

ချင်ယန်က စည်းတံဆိပ်များကို တစ်ခုပြီး တစ်ခု ရေးဆွဲနေသော်လည်း သူ ရေးဆွဲလိုက်သည့် စည်းတံဆိပ်များက ဖန်ယောင် ရေးဆွဲခဲ့သည် စည်တံဆိပ်များနှင့် အလွန် ဆင်တူနေသည်။ ထို့အပြင် စည်းတံဆိပ် အားလုံးက ဖန်ယောင် ရေးဆွဲခဲ့သည် စည်းတံဆိပ်များထက် ပိုမို အစွမ်း ထက်နေသည်။

ဖန်ယောင် ရေးဆွဲခဲ့သည့် စည်းတံဆိပ် အချို့က ပြည့်စုံခြင်း အဆင့်သို့ ရောက်ရှိနေသည်။

သို့တိုင်အောင် ချင်ယန် ရေးဆွဲလိုက်သည့် စည်တံဆိပ်များ က ပိုမို ပြည့်စုံနေသည်။

ပတ်ဝန်းကျင် တစ်ခုလုံး ဖြည်းဖြည်းခြင်း တိတ်ဆိတ်လာသည်။ ဖန်ယောင်ကို အားပေးနေသည့် လူများလည်း မျက်နှာ အမူအရာ မကောင်းတော့ပေ။

ဖန်ယောင်က ဒါကို သတိ မထားမိသေးပေ။ သူ အနိုင်ရမည်ဟု ခံစားရသော်လည်း လှလှပပလေး အနိုင်ယူချင်နေသည်။

မကြာခင် (၁၅) မိနစ် ပြည့်တော့မည်။

"ဒေါင်..."

ထို့အသံ ထွက်ပေါ်လာခါနီး၌ ဖန်ယောင်က စုတ်ချက်ကို အကောင်းဆုံး အဆုံးသတ်လိုက်ပြီး (၆၃) ခုမြောက် စည်းတံဆိပ်လည်း ပြီးဆုံးသွားသည်။

ထိုအထဲတွင် အဆင့် (၄) စည်းတံဆိပ် ကိုးခု ပါရှိပြီး ကျန်သည့် (၅၄) ခုလုံးက အဆင့် (၃) စည်းတံဆိပ်များ ဖြစ်ကြသည်။

ဖန်ယောင် မျက်နှာပေါ်တွင် စိတ်ကျေနပ်သော အမူအရာများ ပေါ်နေသည်။ ယနေ့တွင် လူအများ

ဝိုင်းကြည့် နေကြသောကြောင့် သူက အလွန် အဆင့်မြင့်စွာ အစွမ်းပြခဲ့သည်ဟု ဆိုလိုနိုင်သည်။

ပုံမှန်အားဖြင့် ရေးဆွဲမည် ဆိုပါက (၁၅) မိနစ်အတွင်းတွင် အဆင့် (၃) စည်းတံဆိပ် နှစ်ခု၊ သုံးခုခန့် လျှော့နည်းနိုင်သည်ဟု ခန့်မှန်း လိုက်သည်။

"ချင်ယန်၊ ဒီအဘိုးကြီးရဲ့ တစ်ဝက်လောက် လုပ်နိုင်ရင်တောင် မင်းက ကျန်တဲ့အပိုင်းကို ဆက်ပြိုင်ဖို့ ယုံကြည်ချက် ထားလို့ရတယ်..."

ဖန်ယောင်က အရိုးထဲမှ ဂုဏ်ယူနေသော လေသံနှင့် ပြောလိုက်သည်။ ထို့နောက် စိတ်ကျေနပ်နေသော စိတ်နှင့် ချင်ယန် ရေးဆွဲထားသော စည်းတံဆိပ်များကို လှမ်းကြည့်လိုက်သည်။

နောက်ထပ် အခိုက်အတန့်တွင် ဖန်ယောင် ကြက်သေ သေသွား၏။

ချင်ယန် ရေးဆွဲထားသော စည်းတံဆိပ်များက သူနှင့် အတူတူ ဖြစ်နေပြီး အများကြီး ပိုမို ပြေပြစ်နေသည်။

"မဟာသခင်ဖန်၊ ဘယ်လိုလဲ..."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ဖန်ယောင်၏ မျက်နှာက ခရမ်းချဉ်သီး တစ်လုံးကဲ့သို့ နီရဲတက်လာသည်။ မှင်များ မခြောက်သေးသဖြင့် ထို စည်းတံဆိပ်များက အတု မဟုတ်သည်မှာ သေချာနေသည်။ သူ့အမြင်တွင် ချင်ယန်က သူ၏ စည်းတံဆိပ်များကို အတုယူရန် မည်သို့မှ မဖြစ်နိုင်ပေ။

သို့သော် ဖန်ယောင်က မယုံချင်စရာ ကောင်းသည့်အရာကို မြင်နေရသည်။

ဖန်ယောင်က အစပိုင်းတွင် ချင်ယန်ကို အာရုံစိုက်ခဲ့သော်လည်း နောက်ပိုင်းတွင် အာရုံ မစိုက်ခဲ့ပေ။ ပထမ ငါးမိနစ်အတွင်းတွင် ချင်ယန်က လုံး၀ မရေးဆွဲသေးချေ။

အခြားတစ်နည်း ပြောရမည် ဆိုလျှင် ချင်ယန်က သူ ရေးဆွဲခဲ့သည့် စည်းတံဆိပ်များကို ဆယ်မိနစ်အတွင်း ရေးဆွဲခဲ့ပြီး ပိုမို အစွမ်းထက် နေသေးသည်။

"မဖြစ်နိုင်ဘူး... ဒါက မဖြစ်နိုင်ဘူး..."

ဖန်ယောင်က သူ့ကိုယ်သူ တိုးတိုးလေး ပြန်ပြောလိုက်သည်။ ချင်ယန် ရေးဆွဲခဲ့သည့် စည်းတံဆိပ် အားလုံးက ပြည့်စုံခြင်းအဆင့် ရောက်နေသည်။

ချင်ယန်က ပါးပါးလေး ပြုံးလိုက်ပြီး....

“မဟာသခင်ဖန်၊ ဒါတွေ အားလုံးက မင်းရဲ့ စည်းတံဆိပ်ကို ကူးယူထားတာ...။ ချို့ယွင်းချက် ဘာတွေ ရှိသေးလဲ... မဟာသခင်ဖန်.. တစ်ချက်လောက် ထောက်ပြပါအုံး....”

ဖန်ယောင်၏ မျက်နှာက နီရဲတွတ်သွားသည်။ ချင်ယန်ကို သူ့အရည်အချင်းနှင့် မည်ကဲ့သို့ သင်ပြပေးမည်နည်း....”

“ချင်ယန်၊ မမောက်မာပါနဲ့..... မင်းရဲ့ စည်းတံဆိပ်က တော်တော်လေး ကောင်းပါတယ်။ ဒါပေမဲ့ ဒါက ရိုးရိုး စည်းတံဆိပ်လေးတွေပဲ. အစွမ်းထက်တဲ့ ကြီးမြတ်သော မဟာသခင် ဆိုတာက အဆောင်အားလုံး သန့်စင်နိုင်ရတယ်......”

ဖန်ယောင် ဘက်မှ လူတစ်ယောက်က ချက်ကျလက်ကျ ပြောလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

“မဟာသခင်ဖန် ၊ မကျေနပ်သေးဘူးဆိုရင် ထပ်လုပ်လို့ ရတယ်။ အဆောင်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ကြိုက်တာ စမ်း...”

“တကယ်လို့ ရှုထောင့် တစ်ခုမှာ မင်းလောက် မတော်ဘူးဆိုရင် မဟာသခင်ဖန် အနိုင်ရတယ်...”

ဖန်ယောင်က ချင်ယန်ကို တစ်ချက်စိုက်ကြည့်လိုက်သည်။

ချင်ယန်က သူ့ကို ဂုဏ်သိက္ခာ ဖျက်ဆီးရန် ကြံသည့် နေသည်လော.......

"ရတယ်. ရတယ်.... ရတယ်...."

"ဒီအဘိုးအိုကလည် မင်းမှာ ဘယ်လို အရည်အချင်းမျိုး ရှိလဲဆိုတာ ကြည့်ချင်သေးတယ်.....'

ဖန်ယောင်က တင်းမာစွာ ပြောလိုက်သည်။ သူက အသက် တစ်ရာကျော် နေထိုင်ခဲ့ပြီး စည်းတံဆိပ်များနှင့် နှစ်ပေါင်း တစ်ရာကျော် ထိတွေ့ခဲ့သောကြောင့် အရာရာတိုင်းမှာ ချင်ယန်က သူ့ထက် မတော်လောက်ဘူးဟု ယုံကြည်နေသည်။

.......

## အခန်း(၂၃၉) - လောင်လန်နာကို ခြေရာခံမိသွားခြင်း....

"ဘယ်လို ဖြစ်နိုင်မှာလဲ..."

ဖန်ယောင်၏ မျက်နှာပေါ်တွင် မယုံကြည်နိုင်သော အမူအရာများ ပေါ်နေသည်။

နှစ်နာရီ၊ သုံးနာရီ အတွင်းတွင် ဖန်ယောင်နှင့် ချင်ယန်တို့က ရှုထောင့် ပေါင်းစုံမှ ယှဉ်ပြိုင်ခဲ့ကြသည်။ သို့သော် ရှုထောင့်တိုင်းတွင်

ဖန်ယောင်က အပြတ်အသတ် ချေမှုန်း ခံလိုက်ရပြီး အရှုံးများကို ရင်ဝယ် ပိုက်လိုက်ရသည်။

နာရီအနည်းငယ် ကြာပြီးနောက် ဖန်ယောင်က သူ့ဘဝကိုပင် သံသယ ဝင်လာသည်။

ကျန်သည့် လူများလည်း တုန်လှုပ် နေကြသည်။

ဖန်ယောင်က ဝါရင့် ကြီးမြတ်သော စည်းမဟာသခင် တစ်ယောက် ဖြစ်သဖြင့် သူ့ခွန်အားက အမှန်တကယ် သန်မာလှသည်။ သို့တိုင်အောင် ချင်ယန်၏ ပြိုင်ဘက် လုံးဝ မဟုတ်ခဲ့ပေ။

အစပိုင်းတွင် ချင်ယန်၏ နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် အဆင့်အတန်းက လာဘ်ပေးလာဘ်ယူ ကိစ္စနှင့် မကင်းနိုင်ဘူးဟု လူတိုင်းက ထင်နေခဲ့ကြသည်။

"မဟာသခင်ဖန်၊ ထပ်ပြိုင်အုံးမလား..."

ချင်ယန်က အမှန်တကယ် အရေးမစိုက်သော အမူအရာနှင့် မေးလိုက်သည်။

ဖန်ယောင်က ပါးစပ် ဖွင့်ဟ လိုက်သော်လည်း ရှုံးနိမ့်ကြောင်း ဝန်ခံချင်စိတ် မရှိပေ။ သို့သော်

ယခုလက်ရှိ အခြေအနေအရ ချင်ယန်ကို မည်သို့မှ မယှဉ်ပြိုင် နိုင်တော့ပေ။

"ဘာ ဆက်ပြိုင်ရင် ကောင်းမလဲလို့ တွေးကြည့် လိုက်အုံးမယ်...."

ဖန်ယောင်က ထိုစကား ပြောပြီးနောက် ခပ်သုတ်သုတ် ထွက်ခွာသွားသည် ။ ဒီနေရာတွင် ထပ် မနေနိုင်တော့ပေ။ တစ်ကိုယ်လုံး ချွတ်ပြီး ပတ်ပြေး ပြလျှင်ပင် ဤမျှ အရှက်ကွဲမည် မဟုတ်ချေ။

ဖန်ယောင်က တစ်ကြိမ် ရွှေတံဆိပ် နည်းပြရာထူးအတွက် ဝင်ရောက် ယှဉ်ပြိုင်ရန် ရည်ရွယ်ချက် မရှိပေ။

"ဟဲဟဲ..."

ဖန်ယောင်က သဘောတူညီချက် အတိုင်း မဖြည့်ဆည်းခဲ့သဖြင့် ချင်ယန်က လျှောင်ရယ်ရုံသာ ရယ်နေခဲ့သည်။ ဒါက သူ့မျှော်လင့်ချက် အတွင်း ရှိနေသေးသဖြင့် ချင်ယန်က ဂရုမစိုက်ခဲ့ပေ။ မည်သို့ပင် ဆိုစေကာမူ ဖန်ယောင်က ခေါင်းမဖော်နိုင်အောင် အရှက်ကွဲသွားသည်သာ....

"နောက်ထပ် ဘယ်သူ လာမှာလဲ...."

ချင်ယန်က လေးနက် တည်ကြည်စွာ မေးလိုက်သည်။

"ဘယ်သူမှ မလာဘူးဆိုရင် နေရာ ငါးခုထဲက တစ်နေရာ ငါ ယူတယ်...."

ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်နေသည်။ ချင်ယန်၏ အရည်အချင်းက လူတိုင်းကို ချေမှုန်းပစ်ပြီး ရွှေတံဆိပ် နည်းပြ ဖြစ်လာရန် အရည်အချင်း ပြည့်မီနေပြီ.....

ယခုလက်ရှိ အချိန်တွင် ချင်ယန်နှင့် ရင်ဆိုင်ရန် ရှေ့ထွက်လိုက်ခြင်းက ငါ့ကို ရိုက်ပါ၊ ရိုက်ပါ ဟု ခေါင်းထိုးထည့် ပေးနေသလို ဖြစ်သွားလိမ့်မည်။

"လူတိုင်းပဲ.... တကယ်လို့ မဟာသခင်ချင်ကို စိန်ခေါ်မယ့် လူမရှိရင် မဟာသခင် ချင်ယန်က ရွှေတံဆိပ် နည်းပြ ရာထူးကို ပထမဦးဆုံး ချီးမြှင့်ခြင်း ခံရမယ်...."

ဝေ့ဝူရှန်းက ကြေငြာလိုက်သည်။

နှစ်နာရီကျော် သုံးနာရီ အတွင်းတွင် ဝေ့ဝူရှန်းကလည်း စောင့်ကြည့် နေခဲ့ပြီး ချင်ယန်၏

အရည်အချင်းကြောင့် အလွန် အံ့အော သင့်နေခဲ့သည်။

သူ့မြေးမလေးနှင့် ချင်ယန်တို့ကို တွေ့ပေးရန်ပင် ဝေ့ဝူရှန်းက ဆုံးဖြတ်ထားသည်။

……

နတ်ဆိုး တစ်ထောင်ဂူ…. နတ်ဆိုးမျက်လုံး တောင်ကြား ဝင်ပေါက်……..

"ဒုတိယ ခေါင်းဆောင်၊ နတ်ဆိုး တစ်ထောင်ဂူထဲ ဝင်သွားတဲ့ တန်ခိုးရှင်တွေက ရှောင်မိသားရဲ့

ပြဿနာကို သတိထားမိပြီး ပြန်ထွက် သွားကြပြီ... နတ်ဆိုးတစ်ထောင်ဂူထဲက ပြန်မထွက်ရသေးတဲ့ တန်ခိုးရှင် ဆိုလို့ ဆယ်ယောက်ကျော်ပဲ ကျန်တော့တယ်...."

"ငါတို့ သေသေချာချာ စုံစမ်းပြီးပြီ။ အဲ့ ဆယ်ယောက်ကျော်ထဲမှာ တော်တော်များများက နတ်ဆိုးတစ်ထောင် ဂူထဲမှာ သေသွားပြီ...."

"ကျန်တဲ့ လူတွေထဲမှာ ဒီ အမျိုးသမီးက သံသယ ဖြစ်စရာ အကောင်းဆုံးပဲ...."

ရှောင်မိသားစုမှ တန်ခိုးရှင်က စကားပြောနေရင်း စာရွက် တစ်ခု ထုတ်ယူလိုက်သည်။ ထို စာရွက်ပေါ်တွင် လောင်လန်နာ၏ ပုံတူ ပန်းချီကားကို ရေးဆွဲထားသည်။

“ငါတို့ရဲ့ စုံစမ်းမှုအရ ဒီအမျိုးသမီးက ရွှေဦးချို သိဒ္ဓိမြို့ရဲ့ မြို့သခင် လောင်လန်နာလို့ ခေါ်တယ်။ ချင်ယန်နဲ့ ဆက်ဆံရေး ကောင်းတယ်...”

ရှောင်ဝမ်ချန်၏ မျက်လုံးက လောင်လန်နာ၏ ပုံတူ ပန်းချီကားကို စိုက်ကြည့်နေသည်။

ထိုပုံတူ ပန်းချီကားကို မဟာသခင်အဆင့် ပန်းချီ ကျွမ်းကျင်သူက ရေးဆွဲခဲ့ခြင်း ဖြစ်သဖြင့် လောင်လန်နာနှင့် တစ်ထေရာတည်း တူနေပြီး ကွာဟချက် သိပ် မရှိပေ။

ပန်းချီကားထဲမှ အမျိုးသမီးက ရက်ရက်စက်စက် လှလွန်းနေသည်။

ရှောင်ဝမ်ချန်က မိန်းမများစွာ ရှိသည့် ယောက်ျား တစ်ယောက် ရှိသော်လည်း လောင်လန်နာ ရုပ်ပုံကို မြင်ပြီး စိတ်လှုပ်ရှား မိသေးသည်။

"ရန်ကျားက ဒီမိန်းမကို မြင်ရင် သေချာပေါက် လိုချင်မှာပဲ...."

"ဒီအမျိုးသမီးက ရန်ကျား သေဆုံးမှုနဲ့ တစ်ခုခု ပက်သက်ရမယ်...."

ရှောင်ဝမ်ချန်၏ ပင်ကိုယ် မသိစိတ်အရ တိုးတိုးလေး ရေရွတ်လိုက်သည်။

"ဒီမိန်းမ ဘယ်မှာလဲ... လိုက်ရှာစမ်း.."

ရှောင်ဝမ်ချန်က အေးစက်သော လေသံနှင့်......

"ရန်ကျား သေဆုံးမှုက ဒီမိန်မနဲ့ ကျိန်းသေပေါက် ပက်သက် နေလိမ့်မယ်...."

"ဒုတိယ ခေါင်းဆောင်၊ ငါတို့လည်း ဒီလိုပဲ ထင်နေတယ်....

"အခု လောလောဆယ် ငါတို့ ရှောင်မိသားစု တန်ခိုးရှင်တွေက ဒီမိန်းမကို ခြေရာခံနေပါတယ်။ တချို့လူတမှာ ခြေရာခံနိုင်တဲ့ သိုင်းဝိညာဉ် ပါလာလို့ ရှာတွေ့ဖို့ သိပ်မကြာနိုင်ပါဘူး..."

ရှောင်ဝမ်ချန်က ခေါင်းညိတ်လိုက်ပြီး.....

"ချင်ယန်နဲ့ ဘယ်လို ဆက်ဆံရေးမျိုး ရှိလဲ.... အသေးစိတ် ပြောပြစမ်း..."

"ဟုတ်ကဲ့ပါ... ဒုတိယ ခေါင်းဆောင်...."

ထိုတန်ခိုးရှင် ဆက်လက် တင်ပြနေသည်။

.....

နတ်ဆိုးတစ်ထောင်ဂူ၏ နေရာ တစ်ခုတွင်.....

လောင်လန်နာက ပုန်းအောင်းနေပြီး သူမ၏ မျက်နှာ အမူအရာက တော်တော်လေး ပျက်ယွင်းနေသည်။

လွန်ခဲ့သော ဆယ်မိနစ်ကျော်က ရှောင်မိသားစု တန်ခိုးရှင် နှစ်ယောက်၏ ပြောဆိုနေမှုကို သူမက နားစွန်နားဖျား ကြားခဲ့ပြီး ယခုအခါ ရှောင်မိသားစုက သူမကို သံသယ ဝင်နေပြီး အစွမ်းကုန် ခြေရာခံနေပြီ ဖြစ်ကြောင်း သိနေသည်။

"ရှောင်မိသားစုက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ဒါဇင်ကျော်.... တခြား အင်အားစုက တန်ခိုးရှင်တွေလည်း ကူညီ ပေးနေတယ်"

"တစ်ရက်၊ နှစ်ရက်အတွင်း ငါ့ကို ရှာတွေ့သွားမှာပဲ..."

လောင်လန်နာက အလွန် စိုးရိမ်နေသည်။

နတ်ဆိုး တစ်ထောင်ဂူက သေးငယ်ခြင်း မရှိသော်လည်း ရှောင်မိသားစုက သူမကို သံသယ ဝင်သွားသောအခါ အပြည့်အဝ ပုန်းနေနိုင်ရန် ခက်ခဲသွားခဲ့ပြီ.....

"လောင်လန်နာလား..."

ထိုစဉ် အေးစက်သော အသံတစ်ခုက လောင်လန်နာ နားထဲ ရောက်လာသည်။ နောက်ထပ် အခိုက်အတန့်တွင် ဆေဘာအလင်း တစ်ခုက သူမထံ တိုးဝင်လာသည်။

လောင်လန်နာ၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟူနယ်ပယ် အဆင့် (၉) ရှိပြီး သူမ၏ သွေးမျိုးဆက်ကြောင့် သူမ၏ ခွန်အားက ယွမ်ဟိုင်နယ်ပယ် အဆင့် (၁) စွမ်းရည်မျိုး ရှိနေသော်လည်း ယခုလက်ရှိ သူမကို တိုက်ခိုက်လိုက်သည့် သူက ယွမ်ဟိုင်နယ်ပယ် အဆင့် (၄) ဖြစ်နေသည်။

လောင်လန်နာက အစွမ်းကုန် ကြိုးစားပြီး ရှောင်တိမ်း လိုက်သော်လည်း ဆေဘာအလင်းက

သူမ နောက်ကျောကို ထိမှန်သွားပြီး နက်ရှိုင်းသော ဒဏ်ရာတစ်ခု ထင်ကျန် ရစ်ခဲ့သည်။

"သွားစမ်း..."

လောင်လန်နာက ကျယ်လောင်စွာ အော်ဟစ်ပြီး သူမ လက်ထဲမှ အဆောင်များကို တပြိုင်နက်တည်း ပစ်ပေါက်လိုက်သည်။

ထိုအဆောင်များက ချင်ယန် သူမကို ပေးထားခဲ့ခြင်း ဖြစ်သည်။

ဘုန်း......

အဆောင် အမျိုးမျိုး၏ တိုက်ခိုက်မှုကို ယွမ်ဟိုင်နယ်ပယ် အဆင့် (၄) တန်ခိုးရှင်က အသည်းအသန်ကာကွယ် လိုက်ရသည်။ သူ နှောင့်နှေးသွားသည့် အခိုက်အတန့်မှာပင် လောင်လန်နာက အလွန်လျင်မြန်စွာ ထွက်ပြေးသွားပြီး ပျောက်ကွယ်သွားသည်။

"ပြေးနိုင်မယ် ထင်နေတာလား....."

ယွမ်ဟိုင်နယ်ပယ် အဆင့် (၄) တန်ခိုးရှင်က ကြိမ်းသေပေါက် ဖမ်းမိနိုင်သည့် သဘောနှင့် ပြုံးလိုက်သည်။

ယနေ့တွင် လောင်လန်နာကို ခြေရာခံနိုင်ခဲ့သည်။ လောင်လန်နာကို ဖမ်းနိုင်လိမ့်မည်ဟု ထိုတန်ခိုးရှင်က ခန့်မှန်းလိုက်သည်။

.....

ချမ်ဂျူး အကယ်ဒမီတွင်....

ချင်ယန်ခါးမှ ယာယီ တံဆိပ်သည် ယခုအခါ တရားဝင်တံဆိပ် ဖြစ်လာပြီး ချမ်ဂျူး အကယ်ဒမီ၏ ရွှေတံဆိပ် နည်းပြတစ်ယောက် ဖြစ်လာခဲ့ပြီ။

“မဟာသခင်ချင်၊ ဂုဏ်ပြုပါတယ်....”

"မဟာသခင်ချင်... ငါတို့ ချမ်ဂျူး အကယ်ဒမီနဲ့ ပူပေါင်းလာတဲ့ ကိစ္စက ကျားကို အတောင်ပံ တပ်ပေးလိုက် သလိုပါပဲ...."

ဝေ့ဝူရှန်းက ပြုံးရွှင်နေသော မျက်နှာ အမူအရာနှင့် ဂုဏ်ပြုစကား ပြောလိုက်သည်။

ယခင် ချင်ယန်က နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်ကြောင်း ကြေငြာခဲ့သော်လည်း ဝေ့ဝူရှန်း၏ မျက်လုံးထဲတွင် ဘာမှ မဟုတ်ခဲ့ပေ။ သူက ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် တစ်ယောက် ဖြစ်နေသည့် အပြင် ချမ်ဂျူး

အကယ်ဒမီ၏ လက်ထောက် နန်းတော်မှူး တစ်ယောက်လည်း ဖြစ်နေခဲ့သေးသည်။

ယခုမူ ချင်ယန်က ဖန်ယောင်ကို လှလှပပ အနိုင်ယူခဲ့သည်။

ဝေ့ဝူရှန်းသည် ယခင်က ချင်ယန်ကို လျှော့တွက်ခဲ့မိသည်ဟု ခံစားလိုက်ရပြီး ယခုလက်ရှိတွင် ချင်ယန်က ဆယ်ကျော်သက် အရွယ်လေးနှင့် နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်နေပြီ။ အနာဂါတ်တွင် ဆေးဘုရင်နှင့် အဆောင်ဘုရင် ဖြစ်လာနိုင်သည်။

အချိန်တန်၍ နှစ်ထပ်ကွမ်း ဘုရင် ဖြစ်လာပါက ချင်ယန်၏ အဆင့်အတန်းက လက်ထောက် နန်းတော်မှူး ရာထူးထက် နိမ့်ကျတော့မည် မဟုတ်ပေ။

ထိုအခါ ချင်ယန်က ကြယ် ခုနှစ်ပွင့် အင်အားစုနှင့် လက်တွဲချင်သည် ဆိုပါက အလွယ်တကူ လက်တွဲနိုင်ပြီး ပင်မအဖွဲ့ဝင် တစ်ယောက်ပင် ဖြစ်လာ နိုင်သေးသည်။

"လက်ထောက် နန်းတော်မှူးဝေ့က အရမ်း ချီးကျူးနေပါပြီ..."

ချင်ယန်က ပြုံးပြီး ပြောလိုက်သည်။

ထိုစဉ် ဝေ့ဝူရှန်း၏ မျက်နှာ အမူအရာက အနည်းငယ် ပြောင်းလဲသွားပြီး ချင်ယန်ထံ အသံပို့လွှတ်ကာ......

“မဟာသခင်ချင်၊ လောင်လန်နာလို့ ခေါ်တဲ့ အမျိုးသမီး တစ်ယောက်ကို သိလား.....”

ချင်ယန် မျက်နှာ ပျက်သွားသည်။

ဝေ့ဝူရှန်းက လောင်လန်နာကို မသိပေ။ ယခုအခါ လောင်လန်နာ အကြောင်းကို ထုတ်ပြောလာသဖြင့်

နတ်ဆိုးတစ်ထောင် ဂူထဲတွင် လောင်လန်နာ တစ်ခုခု ဖြစ်သွားမည်ကို စိုးရိမ် လာမိသည်။

"လက်ထောက် နန်းတော်မှူး ဝေ့၊ ဒါ ငါ့ မိတ်ဆွေပဲ..."

ဝေ့ဝူရှန်းက အသံပို့လွှတ်လိုက်ပြီး....

"မဟာသခင်ချင်၊ ရှောင်မိသားစုက လောင်လန်နာကို သံသယ ရှိနေပြီ။ ရှောင်မိသားစုက တန်ခိုးရှင် တော်တော်များများကလည်း သူမကို ခြေရာခံဖို့ ကြိုးစားနေတယ်။ ရှောင်မိသားစုက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ဒါဇင်ကျော်၊

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် ဒါဇင်ပေါင်း များစွာနဲ့ တခြား အင်အားစုက တန်ခိုးရှင်တွေက လောင်လန်နာကို ခြေရာခံ နေကြတယ်။ ရှောင်မိသားစုက တန်ခိုးရှင်တွေ ဖမ်းမိသွားဖို့ အချိန် သိပ်မကြာနိုင်ဘူးလို့ ခန့်မှန်းရတယ်....”

ချင်ယန်က တော်တော်လေး မျက်မှောင်ကြုတ်သွားသည်။ အကယ်၍ လောင်လန်နာကို ရှောင်မိသားစုမှ တန်ခိုးရှင်များ ဖမ်းမိသွားမည်ဆိုပါက သေတာထက် ဘ၀ ပိုဆိုး သွားလိမ့်မည်။

ထို့အပြင် လောင်လန်နာကို ဖမ်းမိသွားမည်ဆိုပါက ရှောင်ရန်ကျား သေဆုံးသွားသည့် ကိစ္စကို ရှောင်မိသားစုမှ တန်ခိုးရှင်များက ရှင်းရှင်းလင်းလင်း သိသွားလိမ့်မည်။

"လက်ထောက် နန်းတော်မှူးဝေ့၊ ကျေးဇူးတင်ပါတယ်...."

ချင်ယန်က ထိုစကား ပြောပြီးနောက် ချက်ချင်း ထွက်သွားသည်။

ဝေ့ဝူရှန်း၏ မျက်လုံးများက တောက်ပနေသည်။ ချင်ယန်အား ထိုသတင်း ပြောပြရသည့်

ရည်ရွယ်ချက်မှာ ချင်ယန်နှင့် သူ့ကြားမှ ပိုဂိုလ်ရေး ရင်းနှီးမှုကို တည်ဆောက်ရန် ဖြစ်သည်။

ဝေ့ဂူရှန်း၏ အမြင်အရ ယခုလက်ရှိ အချိန်တွင် ချင်ယန်က သူ့ကို မကူညီ နိုင်သေးသော်လည်း အနာဂါတ် တစ်ချိန်ချိန်တွင် ဖြစ်လာနိုင်သည်။

.......

"ယုလင်း.. အခု လောလောဆယ် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ထဲက မထွက်သွားနဲ့...."

“နတ်ဆိုး တစ်ထောင်ဂူကို ငါ သွားလိုက်အုံးမယ်…’

ချင်ယန်က မဟာသခင် မျှော်စင်ကို တတ်နိုင်သမျှ အမြန်ဆုံး ပြန်လာပြီး ယခုလက်ရှိ အခြေအနေနှင့် ပက်သက်၍ ရှန်းယုလင်းတို့ အဖွဲ့ကို ပြောပြနေသည်။

“သူဌေး…. ငါတို့ လိုက်ခဲ့မယ်….”

“သူဌေး…. ငါတို့ ကူညီ နိုင်ပါသေးတယ်….”

ချမ်ဟိုင်နှင့် အခြားလူများက ဝိုင်းပြော နေကြသည်။

ချင်ယန်က ခေါင်းခါလိုက်ပြီး....

"မဟုတ်ဘူး.... မဟာသခင် မျှော်စင်မှာ ကျန်ခဲ့တာ ပိုလုံခြုံတယ်။ ဒီနေရာမှာ ပြဿနာ မရှိနိုင်ဘူး"

"ကျူယင်၊ မင်း အစ်မကြီး အတွက်လည်း စိတ်မပူနဲ့..... အခု အသက် ရေကန်ထဲမှာဆိုတော့ ဘာပြဿနာမှ မရှိဘူး...."

"ငါ နတ်ဆိုးတစ်ထောင်ဂူ ထဲဝင်သွားတဲ့ အချိန်ကျရင်လည်း စိတ်ပူစရာ မလိုဘူး..."

"ငါက အခု ချမ်ဂျူး အကယ်ဒမီရဲ့ ရှေ့တံဆိပ် နည်းပြ ဖြစ်နေပြီ...."

ရှန်းယုလင်းနှင့် အခြားလူများက စိုးရိမ်သော အကြည့်များနှင့် ကြည့်နေကြသည်။

'ချင်ယန်ကို စိတ်မပူဘဲ ဘယ်လိုလုပ် နေနိုင်မှာလဲ...'

ချင်ယန်က ရွှေတံဆိပ် နည်းပြ ဖြစ်နေသဖြင့် ချမ်ဂျူးမြို့တွင် အဆင်ပြေပြီး ရှောင်မိသားစုက မည်သည့်အရာမှ လုပ်မည် မဟုတ်သော်လည်း နတ်ဆိုး တစ်ထောင်ဂူထဲတွင် ပုံပြင်များက ကွဲပြား သွားလိမ့်မည်။

နတ်ဆိုးတစ်ထောင် ဂူထဲတွင် ချင်ယန်ကို သတ်ဖြတ်ပြီး ပိပိရိရိ သက်သေ ဖျောက်နိုင်မည်ဆိုပါက ချမ်ဂျူး အကယ်ဒမီက ရှောင်မိသားစုကို လုံးဝ လွှတ်ပေး ထားရလိမ့်မည်……

"မဟာသခင် မျှော်စင်ထဲက လုံး၀ မထွက်ကြနဲ့....."

ချင်ယန်က နောက်တစ်ကြိမ် ထပ်မှာပြီး ခပ်သွက်သွက် ထွက်ခွာသွားသည်။

## အခန်း(၂၄၀) - စတင် လှုပ်ရှားခြင်း...

နတ်ဆိုးမျက်လုံး တောင်ကြား......

ရှောင်မိသားစုမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်နှင့် ယွမ်ဟူနယ်ပယ် တန်ခိုးရှင် နှစ်ယောက်က စောင့်ကြပ် နေကြသည်။

ချင်ယန် ရောက်လာသည်နှင့် ရှောင်မိသားစုမှ တန်ခိုးရှင် သုံးယောက်က သတင်း ချက်ချင်း ကြားပြီး ချင်ယန်ရှေ့သို့ ရောက်လာကြသည်။

"မဟာသခင်ချင်၊ ဒီနေ့က အရမ်း မှောင်နေပြီ ဘယ်သွားမလို့လဲ....."

ရှောင်မိသားစုမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်က မေးလိုက်သည်။ သူ့နာမည်က ရှောင်ကူလီ ဖြစ်ပြီး ကျင့်ကြံခြင်းအဆင့်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၅) ရှိနေသည်။

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် နှစ်ယောက်ကလည်း ယွမ်ဟူနယ်ပယ် အဆင့် (၉) ဖြစ်နေသဖြင့် တော်တော်လေး သန်မာနေသည်။

ချင်ယန်က အရေးမစိုက်သော လေသံနှင့်.....

"ဒီမဟာသခင်က သုတေသန လုပ်ဖို့ နတ်ဆိုးတစ်ထောင် ဂူထဲမှာပဲ ရနိုင်တဲ့ ပစ္စည်းတွေ လိုအပ်နေတယ်။ ဒီမဟာသခင်ကို နတ်ဆိုးတစ်ထောင် ဂူထဲ မဝင်ရအောင် ဘာဖြစ်လို့ တားနေတာလဲ။ နတ်ဆိုးတစ်ထောင်ဂူက မင်း ရှောင်မိသားစုရဲ့ သီးသန့် ပိုင်ဆိုင်မှုလား...။ ဒါမှမဟုတ် ရှောင်မိသားစုက ချမ်ဂျူး အကယ်ဒမီကို အရေးစိုက်စရာ မလိုတော့ဘူးလား..."

ရှောင်ကူလီက ပြုံးလိုက်ပြီး......

“မဟာသခင်ချင်က နတ်ဆိုးတစ်ထောင် ဂူထဲဝင်ဖို့အတွက် အရမ်း စိုးရိမ်နေတာကိုး။ ဘာဖြစ်လို့ ဒီလောက် လောကြီးနေတာလဲ...”

“မဟာသခင်ချင်က နတ်ဆိုးတစ်ထောင် ဂူထဲဝင်ပြီး ဘယ်သူ့ကို ကယ်တင်နိုင်မယ်လို့ ထင်နေတာလဲ....”

ချင်ယန်က အေးစက်သော လေသံနှင့်....

“ထွက်သွားစမ်း...”

ရှောင်ကူလီ၏ မျက်လုံးက ကျဉ်းမြောင်းသွားပြီး.....

"မဟာသခင်ချင်က အရမ်း ဝင်ချင်နေရင် ထုံးစံအတိုင်း မဟာသခင်ချင်ကို မတားရဲပါဘူး။ ဒါပေမဲ့ သတိထားနော်။ နတ်ဆိုးတစ်ထောင် ဂူက တော်တော်လေး အန္တရာယ် များတယ်။ မဟာသခင်ချင်၊ မင်းလို ကြီးမြတ်သော မဟာသခင် မပြောနဲ့ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်တွေ အတွက်တောင် အန္တရာယ်များတယ်......"

ထိုကဲ့သို့ ပြောပြီးနောက် ရှောင်ကူလီက အခြား တစ်ဖက်သို့ လှည့်ထွက်သွားသည်။ ယွမ်ဟူနယ်ပယ် တန်ခိုးရှင် နှစ်ယောက်လည်း ထွက်သွားကြသည်။

ယခင်က ချင်ယန်ကို လင်းဟုန်ကျူးက ခေါ်လာ ပေးခဲ့ရသည်။ ယခုအခါ ချင်ယန်က ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်လာပြီး ချမ်ဂျူး အကယ်ဒမီ၏ ရွှေတံဆိပ် နည်းပြ တစ်ယောက် ဖြစ်လာခဲ့ပြီ။ ထို့ကြောင့် အခြားလူများ၏ အကူအညီ မလိုအပ်တော့ဘဲ နတ်ဆိုးတစ်ထောင် ဂူထဲသို့ လွယ်လွယ်ကူကူ ဝင်ရောက်နိုင်သည်။

သိပ်မကြာခင် ချင်ယန်က တံခါးပေါက် နှစ်ခုကို ဖြတ်ကျော်ပြီး နတ်ဆိုးတစ်ထောင် ဂူထဲသို့ ဝင်သွားသည်။

"ခေါင်းဆောင်၊ ငါတို့ မလိုက်သွားဘူးလား...."

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် နှစ်ယောက်ထဲမှ တစ်ယောက်က အသံပို့လွှတ်ပြီး မေးလိုက်သည်။

ရှောင်ကူလီက ခေါင်းခါလိုက်ပြီး....

"သူ့နောက် လိုက်သွားမယ်ဆိုရင် ရုပ်ပေါက် သွားလိမ့်မယ်။ ချင်ယန်က နတ်ဆိုးတစ်ထောင်ဂူထဲ

ဝင်သွားရင် တော်တော်လေး ဒုက္ခ ရောက်သွားလိမ့်မယ်...”

“နတ်ဆိုးတစ်ထောင် ဂူထဲမှာ လောင်လန်နာကို လိုက်ရှာနေတဲ့ ငါတို့ တန်ခိုးရှင်တွေ အများကြီး ရှိတယ်။ ချင်ယန် အသက်ရှင်ရက် ပြန်ထွက်လာဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး...”

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် နောက် တစ်ယောက်က ပြုံးလိုက်ပြီး....

“ချင်ယန်နဲ့ လောင်လန်နာရဲ့ ဆက်ဆံရေးက အရမ်း ကောင်းလို့လား...’

"ဒီလို ပြောလို့ ရတယ်..."

ရှောင်ကူလီက ရယ်မောလိုက်ပြီး.....

" မဟုတ်ရင် ချင်ယန်က ဒီလောက် စွန့်စားမှာ မဟုတ်ဘူး။ ဒီလိုအချိန် နတ်ဆိုးတစ်ထောင်ဂူထဲ ဝင်တာက အန္တရာယ် များလွန်းတယ်။ အရင်က ရန်ကျားကို သတ်တဲ့ကိစ္စမှာ ချင်ယန်လည်း ပါဝင်နေနိုင်တယ်။ သူသာ ဘေးရှောင် နေလိုက်မယ် ဆိုရင် ချမ်ဂျူး အကယ်ဒမီရဲ့ ရွှေတံဆိပ် နည်းပြ ဖြစ်နေလို့ လွတ်သွားမှာပဲ...."

"ဆရာကြီး ကူလီ၊ ချင်ယန်က သခင်လေး ရန်ကျားကို သတ်လိုက်ရင် ငါတို့ ဘာ လုပ်နိုင်သေးလဲ..."

ရှောင်ကူလီက သက်ပြင်း ချလိုက်ပြီး....

"ချင်ယန်က ရှောင်ရန်ကျားကို တမင်သက်သက် ပြဿနာ ရှာပါတယ်လို့ သက်သေပြနိုင်ရင် ချင်ယန်ကို ပြဿနာ ရှာနိုင်သေးတယ်။ ဒါပေမယ့် ရန်ကျားနဲ့ စရိုက်နဲ့ဆို သူကပဲ ချင်ယန်တို့ကို ပြဿနာ စရှာတာ ဖြစ်နိုင်တယ်။ ဒီကိစ္စမှာ

လောင်လန်နာကို ဖမ်းမိရင်တောင် ချင်ယန်ကို ပြဿနာ ရှာလို့ရမှာ မဟုတ်ဘူး....”

“ငါတို့ လောင်လန်နာကို မသတ်ဘဲ လူသိရှင်ကြား စစ်မေးတာမျိုး တစ်ခုခု လုပ်ရင်တောင် ငါတို့ ရှောင်မိသားစုက ချင်ယန်ကို လွှတ်ပေးရအုံးမှာပဲ....”

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် နှစ်ယောက်က ခေါင်းညိတ် လိုက်ကြသည်။

“ဒါဆို ဒီလိုအချိန် နတ်ဆိုးတစ်ထောင်ဂူထဲ ချင်ယန် ဝင်သွားတဲ့လုပ်ရပ်က တကယ် မိုက်မဲတဲ့

လုပ်ရပ်ပဲ။ မ စိတ်မွန်ပြီး ဘာမှ မမြင်တော့ဘူး...... ဒီလို ကလေးမျိုးက ပျက်ဆီးမှာပဲ...."

"ဒါက ငါတို့ ရှောင်မိသားစုအတွက် အခွင့်အရေးပဲ....."

ရှောင်မိသားစုက ချင်ယန်ကို ကျိန်းသေပေါက် သတ်ရမည်။

ပို အရေးကြီးသည်မှာ ရှောင်ရန်ကျား သေသွားခဲ့ပြီ....

ရှောင်ရန်ကျားက ရှောင်ဝမ်ချန်၏ မြေးပင်... ရှောင်ဝမ်ချန်တွင် မြေး တစ်ယောက်ထက်ပိုပြီး ရှိသော်လည်း ရှောင်ရန်ကျားကို အချစ်ဆုံး ဖြစ်နေသည်။

ရှောင်မိသားစု၏ နံပါတ်နှစ် သခင်ကြီး အနေနှင့် ရှောင်ဝမ်ချန်က လက်စားချေချင် နေသဖြင့် ရှောင်မိသားစုက သူ့ကို အပြည့်အဝ ထောက်ပံ့ရမည်သာ.......

ထို့အပြင် ရှောင်မိသားစုက အလွန် အစွမ်းထက်သဖြင့် ချင်ယန်ကို ကျိန်းသေပေါက်

သတ်ပစ်နိုင်မည်ဟု အပြည့်အဝ ယုံကြည်ထားသည်။ သို့တိုင်အောင် ရှောင်မိသားစု၏ တန်ခိုးရှင် အကုန်လုံး မရောက်သေးသလို ရှောင်မိသားစု ခေါင်းဆောင် ယွမ်ဒန် နယ်ပယ် တန်ခိုးရှင်လည်း မပါသေးပေ။

"ချင်ယန်က သေသွားပြီ...."

ရှောင်ကူလီက ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

နတ်ဆိုးတစ်ထောင် ဂူထဲတွင် ချင်ယန်ကို သတ်ပစ်လိုက်လျှင်ပင် မည်သည့် သဲလွန်စမှ ရှာမတွေ့အောင် ကိုင်တွယ် ဖြေရှင်းနိုင်သည်။

ဒီကိစ္စက ရှောင်မိသားစုအတွက် ကလေး ကစားသလောက် လွယ်ကူ လွန်းလှသည်။

.........

“အမ်.....”

ချင်ယန်က နတ်ဆိုးတစ်ထောင် ဂူထဲ ဝင်သွားသည်နှင့် ရှောင်မိသားစုမှ တန်ခိုးရှင်များက သူ့နောက်ကို ချက်ချင်း လိုက်လာကြသည်။ သူတို့က နတ်ဆိုးတစ်ထောင်ဂူ ကို စောင့်ကြပ် နေကြသော တန်ခိုးရှင်များပင်။

လောင်လန်နာ အပြင် ထွက်လာပြီး တံခါးပေါက်နှင့် နီးကပ်လာသည်နှင့် အမျှ ထို တန်ခိုးရှင်များက ရှာတွေ့ သွားလိမ့်မည်။

"ဒုတိယ ခေါင်းဆောင်က ဒီသတင်းကို တမင်သက်သက် ပေါက်ကြားခိုင်းလိုက်တာ.... ငါး အကြီးကြီး တစ်ကောင် မိလာမယ်လို့ မမျှော်လင့်ထားမိဘူး..."

ထို နေရာတွင် စောင့်ကြပ်နေသော တန်ခိုးရှင်များက စိတ်လှုပ်ရှား နေကြသည်။

ယွမ်ဟိုင်နယ်ပယ် အဆင့် (၄) ဖြစ်သဖြင့် သူ့ခွန်အားက အလွန် ကောင်းမွန်လှသည်။

သို့သော် ဖန်ယွမ်ပနှင့် အခြားလူများက ချင်ယန် လက်ထဲတွင် သေဆုံးခဲ့ဖူးသဖြင့် ထိုတန်ခိုးရှင်က အလောတကြီး လုပ်ဆောင်ခြင်း လုံးဝ မရှိပေ။

သဲလွန်စများအရ နတ်ဆိုး သားရဲများကို ထိန်းချုပ်နိုင်သည့် အစွမ်းထက် ရတနာ တစ်ခု ပိုင်ဆိုင်ထားသော တန်ခိုးရှင် တစ်ယောက်က ချင်ယန် အနားတွင် ရှိနေသည်။

ယခုလက်ရှိတွင် ချင်ယန်က တစ်ယောက်တည်း ပုံစံ ဖြစ်နေသော်လည်း ထို ယွမ်ဟိုင် နယ်ပယ် အဆင့် (၄) တန်ခိုးရှင်က မလိုလားအပ်သော စွန့်စားမှုကို ရှောင်ရှားချင်သည်။

"ကျန်တဲ့လူတွေကို သတင်းမြန်မြန် ပို့လိုက်...."

ထိုတန်ခိုးရှင် အသံပို့လွှတ်ပြီး ပြောလိုက်သောအခါ သူ့ဘေးနားမှ ယွမ်ဟူနယ်ပယ် တန်ခိုးရှင် နှစ်ယောက်က လျင်မြန်စွာ ထွက်ခွာသွားကြသည်။

ချင်ယန်က နတ်ဆိုးတစ်ထောင် ဂူထဲ ဝင်လာခဲ့သည်မှာ နာရီဝက်ခန့် ရှိနေပြီ.......

ဝင်ပေါက်ကို စောင့်ကြပ် နေခဲ့သော ယွမ်ဟိုင်နယ်ပယ် အဆင့် (၄) တန်ခိုးရှင်က ချင်ယန် နောက်သို့ လိုက်နေခဲ့ပြီး သူက လမ်းတလျှောက်တွင် အထူး အမှုန့်များကို ဖြူးခဲ့သောကြောင့် သူတို့နောက်မှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ငါးယောက်က သဲလွန်စကောက်၍ လျှင်မြန်စွာ လိုက်ပါ လာကြသည်။

.....

"လောင်လန်နာ.. နာခံမှု ရှိရှိနဲ့ လက်နက်ချပါ..."

ရှောင်မိသားစုမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်က အမှန်တကယ် စိတ်လှုပ်ရှား နေသည်။ လွန်ခဲ့သော မိနစ်ဝက်ခန့်က လောင်လန်နာကို ခြေရာ ခံနိုင်ခဲ့သည်။

"သေစမ်း..."

လောင်လန်နာက ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်ကို သတ်ဖြတ်ရန် အံကြိတ်ပြီး တိုက်ခိုက်လိုက်သည်။ သူမ၏ အစွမ်းကုန်

ကြိုးစားပြီး တိုက်ခိုက်ခဲ့သော တိုက်ခိုက်မှုက ရုတ်တရုတ် ပြင်းထန်လာသည်။

"ဘုန်း....."

ရှောင်မိသားစုမှ ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်က မရေမတွက်နိုင်သော ဆေဘာ စွမ်းအားများကို ပစ်လွှတ် လိုက်သော်လည်း ရုတ်တရုတ် ပျောက်ကွယ်သွားပြီး လောင်လန်နာ၏ ဓါးချက်က သူ့ကို ထိမှန်သွားကာ နက်ရှိုင်းသော ဓါးဒဏ်ရာကြီး ကျန်ရစ်ခဲ့သည်။

ရှောင်မိသားစုမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်၏ မျက်လုံးထဲတွင် ကြောက်လန့်မှုများ ပေါ်လာသည်။ သူက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ဖြစ်သော်လည်း ယွမ်ဟိုင်နယ်ပယ် အဆင့် (၁) သာ ရှိသေးသည်။

လောင်လန်နာနှင့် ထိပ်တိုက် ရင်ဆိုင်လိုက်သောအခါ သူ့ဘက်မှ အမှန်တကယ် အားနည်းနေခဲ့သည်။

"နောက်တစ်ကြိမ် ထပ်လိုက်ရဲ ထပ်လိုက်ကြည့်စမ်း....."

"နောက်တစ်ကြိမ် ထပ်လိုက်ရဲရင် တားမြစ်အကွက်သုံးပြီး နင့်ကို သတ်မယ်...."

လောင်လန်နာက အေးစက်စွာ ကြုံးဝါးလိုက်သည်။ သူမက ပြောပြီးသည်နှင့် လျင်မြန်စွာ ပြေးထွက်သွားသည်။

ရှောင်မိသားစုမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်က လောင်လန်နာနောက် လိုက်သင့်၊ မလိုက်သင့် ချီတုံချတုံ ဖြစ်နေသည်။ လောင်လန်နာက တားမြစ်အကွက် အသုံးပြုလိုက်မည် ဆိုပါက သူ့ကို အမှန်တကယ် သတ်နိုင်လောက်သည်။

အနည်းဆုံးတော့ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားမှာ သေချာသည်။

“တော်ပြီ မလောတော့ဘူး.... လောင်လန်နာက ကျိန်းသေပေါက် ဖမ်းမိမှာ သေချာတယ်....”

ထိုတန်ခိုးရှင်က စိတ်ထဲမှ ကြိတ်ပြီး ပြောလိုက်သည်။ လောင်လန်နာက ချောင် ပိတ်မိနေသော ခွေးတစ်ကောင် ဖြစ်နေပြီ ဖြစ်သဖြင့် အလွန်အကျူး ဖိအား ပေးလိုက်ပါက ခဲမိခဲရာ ခဲလိုက်နိုင်သည်ဟု ထို တန်ခိုးရှင်က တွေးလိုက်သည်။

အရှေ့ဘက်တွင်မူ လောင်လန်နာက ထွက်ပြေးနိုင်ခဲ့သော်လည်း လုံးဝ မပျော်ပေ။

ရှောင်မိသားစုမှ တန်ခိုးရှင်များက ယခု နေရာတွင် စုဝေးနေ ကြသည်။ သူမက ကံကောင်း၍ ဒီတစ်ကြိမ် လွတ်မြောက်ခဲ့သည်။

သို့သော် နောက်တစ်ကြိမ် ဆိုလျှင်ကော.....

နောက်ထပ် တစ်ကြိမ် .......

သူမ ခန္ဓာကိုယ်ပေါ်တွင် နက်ရှိုင်းသော ဒဏ်ရာကြီး တစ်ခု ရှိနေသည်။ တိုက်ခိုက်

လိုက်သည်နှင့် ဒဏ်ရာက ပြန်ပွင့် သွားခဲ့သည်။ ထိုဒဏ်ရာမှ သွေးများ စီးကျနေသဖြင့် လောင်လန်နာ အင်္ကျီက အရောင်ဆိုးထားသကဲ့သို့ နီရဲနေသည်။

"ငါတော့ သေပြီ...."

"တကယ်လို့ ငါ သေသွားတာ သိရင် ချင်ယန် ဝမ်းနည်းသွားမလား မသိဘူး....."

ထိုအတွေးက လောင်လန်နာ စိတ်ထဲတွင် ရုတ်တရက် ပေါ်လာသည်။ ချင်ယန်က သူမကို ကယ်တင်ရန် နတ်ဆိုးတစ်ထောင် ဂူထဲ

ပြန်ဝင်လာမည့် အကြောင်းကို ယောင်၍ပင် မစဉ်းစားမိချေ။

ယခင်က ချင်ယန်သည် သူမကို အများကြီး ကူညီပေးခဲ့ဖူးသည်။ သို့သော် အသက်စွန့်ပြီး ကယ်တင်ခြင်းနှင့် ထိုကဲ့သို ကူညီခြင်းက မတူသော ကိစ္စနှစ်ခု ဖြစ်သည်။

ယခုလက်ရှိ အချိန်ဆိုလျှင် ချင်ယန်က ချမ်ဂျူး အကယ်ဒမီမှ ရွှေတံဆိပ် နည်းပြတစ်ယောက် ဖြစ်နေလောက်ပြီ။ နတ်ဆိုးတစ်ထောင် ဂူထဲတွင် ရောင်မိသားစုမှ တန်ခိုးရှင် များစွာ

ရှိနေသောကြောင့် ချင်ယန်သာ ဝင်လာခဲ့မည် ဆိုလျှင် သူ့အတွက် အလွန် အန္တရာယ် များနေကြောင်း လောင်လန်နာက သိနေသည်။

ယခုလက်ရှိ အချိန်တွင် ချင်ယန်က နတ်ဆိုးတစ်ထောင်ဂူထဲ ဝင်လာခဲ့သည့် အကြောင်းကို လောင်လန်နာက မည်ကဲ့သို့ သိနိုင်မည်နည်း......

ချင်ယန်က သတင်း ရသည်နှင့် အလောတကြီး ပြေးဝင်လာခဲ့ခြင်း ဖြစ်သည်။

....

ဆယ်မိနစ်ခန့် ကြာသောအခါ ချင်ယန်၏ မျက်လုံးများက တောက်ပလာသည်။ ယခင်က သူ့ကို သတ်ပစ်ချင်သည့် ရည်ရွယ်ချက်က တစ်ခုသာ ရှိခဲ့ပြီး ယခုအခါ ခြောက်ခုရှိနေပြီ ဖြစ်ကြောင်း ချင်ယန် အာရုံခံလိုက်မိသည်။

သတ်ဖြတ်ခြင်း ရည်ရွယ်ချက်က ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များနှင့် သက်ဆိုင်နေပြီး ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ငါးယောက် ထပ်တိုးလာခြင်း ဖြစ်သည်။

ချင်ယန်က အလွန် လျင်မြန်စွာ သွားနေခြင်း မဟုတ်သဖြင့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်က အလွယ်တကူ ကပ်လိုက်နေခဲ့ပြီး သဲလွန်စများ ချန်ထားခဲ့ခြင်း ဖြစ်သည်။

ရှောင်မိသားစုက ချင်ယန်ကို သတ်ပစ်တော့မည်။

သဲလွန်စ မကျန်အောင် ကြိုးစားတော့မည်။

"လှူပ်ရှားဖို့ အသင့်ပြင်...."

"တိုက်ပွဲကို မြန်မြန်ဆန်ဆန် အဆုံးသတ်မယ်..."

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ခြောက်ယောက်ထဲမှ တစ်ယောက်က အသံပို့လွှတ်ပြီး ပြောလိုက်သည်။ သူတို့ထဲတွင် သူက အသန်မာဆုံး ဖြစ်ပြီး ယွမ်ဟိုင်နယ်ပယ် အဆင့် (၈) ရှိသည်။

"ဟုတ်..."

ကျန်သည့် ငါးယောက်က ချက်ချင်း ခေါင်းညိတ်ပြကြသည်။

သူတို့ ခြောက်ယောက်လုံးက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များ ဖြစ်ကြသလို နတ်ဆိုးသားရဲ အိတ် တစ်လုံး ပါလာသေးသည်။ ထိုနတ်ဆိုး သားရဲ

အိတ်ထဲတွင် သူတို့နှင့် အဆင့်တူ နတ်ဆိုးသားရဲ နှစ်ကောင် ပါလာသည်။ ထို့ကြောင့် ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် ရှစ်ယောက်ဟု ပြောနိုင်သည်။

ထို့အပြင် သူတို့အားလုံးတွင် အဆင့် (၅) ရတနာများ ပါလာပြီး အဆင့် (၆) တိုက်ခိုက်ရေး ရတနာ လေးခုလည်း ပါလာသေးသည်။